ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့ (27-4-2014) (၇၈၂၃)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်အာဖရိကနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၁၄ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျေးကော့ဘ် ကဲလေယိလဲ့ကီဆာ ဇူးမား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်များ

ကလေးဝ	၄၃ ဒီဂရီစင်တီဂရိတ်
ကလေး	၄၃ ဒီဂရီစင်တီဂရိတ်
ချောက်	၄၃ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၃ ဒီဂရီစင်တီဂရိတ်
မကွေး	၄၃ ဒီဂရီစင်တီဂရိတ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လီဆူးတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့အား ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးဒေသမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးဒေသ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့(၈)ဖွဲ့မှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များအား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာ၌ ရှမ်းပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များထဲတွင် အကြီးဆုံးပြည်နယ်ဖြစ်ကာ တိုင်းရင်းသားလူမျိုးစု အများဆုံးနေသည့် ပြည်နယ်လည်းဖြစ်ကြောင်း။

နိုင်ငံအတွင်း တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသကြီး(၆)ခုရှိသည့်အနက် (၅)ခုရှိသည့်ပြည်နယ်လည်းဖြစ်ပါကြောင်း၊ ပြည်နယ်လွှတ်တော်တွင်လည်း တိုင်းရင်းသားရေးရာဝန်ကြီး ခုနစ်ဦးအထိရှိသည့် ပြည်နယ်ဖြစ်သည့်အတွက်လည်း ထူးခြားသော ဝိသေသရှိသည့် ပြည်နယ်ဟုလည်း ပြောနိုင်ပါကြောင်း။

သို့သော် တိုင်းရင်းသားလူမျိုးစု အများဆုံးနေသည့် ပြည်နယ်ဖြစ်သည့်အတွက် လူမျိုးစုများသော်ငြား လူမျိုးစုအချင်းချင်း အေးအတူပူအမျှ ညီရင်းအစ်ကိုကဲ့သို့ ရိုင်းပင်းကူညီကြမည်ဆိုပါက လူမျိုးစုများနေခြင်းသည် အခက်အခဲတစ်ခု၊ စိန်ခေါ်မှုတစ်ရပ် မဟုတ်တော့ဘဲ တောင့်တင်းသည့် အင်အားစုတစ်ရပ်အဖြစ် ဖြစ်လာမည်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်အောင်လုပ်ဆောင်နိုင်ရန် လိုအပ်ပါကြောင်း။

ကမ္ဘာတွင် လူမျိုးရေးကိုသာ ဦးစားပေးသည့် နိုင်ငံသည် အမြဲလိုလိုပဋိပက္ခဖြစ်ကာ ဆင်းရဲနေတတ်ပါကြောင်း၊ လူတစ်ဦးချင်းစီ၊ တစ်ဖွဲ့ချင်းစီ၏ အရည်အချင်း၊ အရည်အသွေးကို

စာမျက်နှာ ၃ ကော်လံ ၁ သို့

၂၀၁၅ ခုနှစ်တွင် စတင်ဆောင်ရွက်မည့် ရန်ကုန်ဘူတာကြီးနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

သတင်းနှင့် ဓာတ်ပုံ
စိုးဝင်း(MLA)

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်မြို့လယ်ကောင်၏ အချက်အချာကျရာနေရာဖြစ်သော လက်ရှိ ရထားစီးအများပြည်သူများ သွားလာရေးအဆင်ပြေနေသည့် ရန်ကုန်ဘူတာကြီးအား စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ အထောက်အကူဖြစ်စေရန် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖော်ဆောင်တော့မည်ဖြစ်သည်။

ရန်ကုန်ဘူတာကြီးမှာ ၁၈၇၉ ခုနှစ်တွင် ရန်ကုန်မြို့၏ ပထမဆုံးဘူတာရုံဖြစ်ခဲ့ပြီး လက်ရှိ ဧရိယာအနေအထားအရ ၂၅ ဒသမ ၃ ဟက်တာ (၆၂ ဒသမ ၄၈၆ ဧက)ရှိကြောင်း သိရသည်။ အဆိုပါ ရန်ကုန်ဘူတာကြီး နယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတစ်ရပ်လုပ်ဆောင်ရာတွင် အမေရိကန်ဒေါ်လာ ၂ ဘီလီယံ (သို့မဟုတ်)၂ ဒသမ ၅ ဘီလီယံကုန်ကျမည်ဖြစ်ကြောင်း ရထား ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ယနေ့ ညနေ ၅ နာရီခွဲက ပြုလုပ်သော ရန်ကုန်ဘူတာကြီးရှိ မီဒီယာတွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

ရထားလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော အထပ်မြင့်အဆောက်အအုံများ၊ ဟိုတယ်များနှင့် စီးပွားရေးလုပ်ငန်းများပါဝင်မည့် စီမံကိန်းတစ်ရပ်ကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖော်ဆောင်တော့မည်ဖြစ်ရာ လုပ်ငန်းကော်မတီများ၊ နည်းပညာအကြံပေးအဖွဲ့ဝင်များဖြင့် စီစဉ်ဆောက်ရွက်ထားပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာစံညွှန်းများနှင့်အညီ စိတ်ဝင်စားသော ရင်းနှီးမြှုပ်နှံလိုသူ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်ကုမ္ပဏီများအား မြန်မာ့မီးရထားနှင့် ပူးပေါင်းဆောင်ရွက်နိုင်ကြရန်အတွက်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

Spectrol

Industrial & Motor Oil

Made In USA

အမေရိကန်နိုင်ငံမှ ထုတ်လုပ်တင်သွင်းလာသော API အသိအမှတ်ပြုလက်မှတ်ရ ကမ္ဘာ့အဆင့်မီ အင်ဂျင်ဝိုင်အမျိုးအစားဖြစ်ပါသည်။

American Petroleum Institute အသိအမှတ်ပြု လက်မှတ်ကို https://engineoil.api.org/directory/ eoles search.com Website တွင် Search Box ရှိ Brand Name နေရာ၌ Spectrol ဟုရိုက်နှိပ်၍ Search ကို နှိပ်ပါ။ Search Results Box ရှိ Company Name တွင် Delfin group ကို ထပ်မံနှိပ်၍ စစ်ဆေး နိုင်ပါသည်။

အရည်အသွေးမြင့်မားပြီး စျေးနှုန်းသက်သာစွာ ရရှိနိုင်၍ အနယ်နယ်အရပ်ရပ်မှ Dealer (or) Distributor များကို နေ့စဉ်လက်ခံပါသည်။

Patriot Power Services Co.,Ltd.

E-mail : patriotpower18@gmail.com

ကြေးမုံ စာ တ ည်း ရှု ထောင့် **၂၇-၄-၂၀၁၄၊ တနင်္ဂနွေနေ့**

နိုင်ငံ့အားများဖြစ်ထွန်းခိုင်မာ

ယနေ့လူငယ်များသည် အနာဂတ်အခန်းကဏ္ဍအတွက် များစွာအရေးပါ အရာရောက်သည်။ ယနေ့လူငယ်များကို သွေးသစ်လောင်းအားဖြည့်ပေးခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် အားကောင်းသော မောင်းနှင်အားတစ်ရပ်ဖြစ်လာပေလိမ့်မည်။

လူငယ်လူရွယ်များကို အားဖြည့်မြှင့်တင်ပေးရန်အလုပ်မှာ ယနေ့လူကြီးများ၏ သမိုင်းပေးတာဝန်ဖြစ်သည်။ လူငယ်လူရွယ်များကို ပစ်ပယ်ထားမည်ဆိုလျှင် အနာဂတ်ကာလတောက်ပြောင်မှုမှာလည်း မှေးမှိန်သွားဖွယ်ရာရှိသည်။ တစ်ချိန်သောကာလက လူငယ်လူရွယ်များအား ရွေးချယ်၍ ထူးချွန်တောက်ပြောင်သူများကို မြေတောင်မြှောက်ပေးခဲ့သည်။ ထိုလူငယ် လူရွယ်များသည် ယနေ့နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်နေသော လူကြီးများဖြစ်လာသည်။

လွန်ခဲ့သော နှစ်ပေါင်း ၆၀ ဝန်းကျင်ခန့်က ကင်းထောက်လူငယ်၊ နှစ်ပေါင်း ၄၀ ဝန်းကျင်နောက်ပိုင်းက လူရည်ချွန်လူငယ်၊ ကြက်ခြေနီလူငယ်စသည့်လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ပေးခဲ့သည့်အပြင် ထူးချွန်လူငယ်များအား မြန်မာနိုင်ငံတစ်ဝန်းရှိ ထင်ရှားသောနေရာများ၊ အပန်းဖြေစရာဒေသများ၊ လေ့လာစရာလုပ်ငန်းများသို့ ပို့ဆောင်ပေးကာ ထိုလူငယ်များ၏ စိတ်ဓာတ်ခွန်အားများကို မြှင့်တင်ပေးနိုင်ခဲ့သည်။

ယနေ့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဖြစ်အောင် တည်ဆောက်နေသောအချိန်ကာလတွင် ပညာတော်သော၊ ဘက်စုံထူးချွန်သော၊ စိတ်ကောင်းစေတနာရှိသော လူငယ်များ လိုအပ်လာသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ၂၀၁၃ ခုနှစ်မှစတင်၍ ထူးချွန်လူငယ်များကို ပြန်လည်ပြုစုပျိုးထောင်မြှင့်တင်ပေးနေ၍ အနာဂတ်အတွက် အားတက်မိသည်။

အနာဂတ်နိုင်ငံတော်ကို တာဝန်ယူတည်ဆောက်ကြမည့် ယနေ့လူငယ်များသည် လုပ်အားတန်ဖိုးကိုသိကြရမည်။ ဘဝတန်ဖိုးကို နားလည်ကြရမည်။ အများအကျိုးကို သယ်ပိုးလိုစိတ်ရှိရမည်။ လူလူချင်းစာနာစိတ်ထားတတ်ရမည်။ ထို့ကြောင့် ထိုလူငယ်လူရွယ်များအား ထိုသို့ သိရှိနားလည်အောင် မြေတောင်မြှောက်ပေးကြရမည်မှာ သမိုင်းပေးတာဝန်ဖြစ်သည်။ စာတော်ရုံသက်သက်ဖြင့်၊ အတတ်ပညာတစ်ခုတွင် ထူးချွန်ရုံ သက်သက်ဖြင့် လူတော်လူကောင်းဖြစ်မည်မဟုတ်၊ ဘက်စုံထူးချွန်ထက်မြက်မှသာ လူချွန်လူကောင်းဖြစ်မည်။

ထိုအတွေးအခေါ်၊ အယူအဆနှင့် အသိပညာ၊ အတတ်ပညာများကို ဘက်စုံထူးချွန်လူငယ်များ ပြုစုပျိုးထောင်ရေးစီမံချက်တွင် ထည့်သွင်းထားသည်။ သာဓကအားဖြင့် နိုင်ငံကာကွယ်ရေးအတွက် ကင်းထောက်လူငယ်များ၊ ကြက်ခြေနီလူငယ်များက ရှေ့တန်းစစ်မြေပြင်တွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့မှုများရှိခဲ့သည်။ ကင်းထောက်တပ်ဖွဲ့ဝင် လူငယ်များကလည်း တစ်အိမ်တက်ဆင်းအလုပ်ပေးပါ၊ အလုပ်ခိုင်းပါဟူ၍ အခမဲ့ခိုင်းခိုင်း၊ ငွေတစ်ကျပ်ပေးပေး လုပ်အားတန်ဖိုးသိအောင်၊ အများအကျိုးကို သယ်ပိုးတတ်အောင် ထမ်းဆောင်ခဲ့ကြသည်။

ယခုအခါအသွင်အမျိုးမျိုးဖြင့် ထူးချွန်လူငယ်များ ပေါ်ထွန်းလာခဲ့ချေပြီ။ ထိုလူငယ်များ သိသင့်၊ တတ်သင့်သော အတတ်ပညာ၊ အသိပညာ၊ ဗဟုသုတများကို လေ့လာသင်ယူကြပြီး နောင်ဝယ်လူကြီးဖြစ်ကြသောအခါ မိမိ၏အလုပ်၊ မိမိ၏အချိန်၊ မိမိ၏တန်ဖိုးများကိုနားလည်ကြပြီး အများအကျိုးကို သယ်ပိုးနိုင်သော လူချွန်လူကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

လူငယ်လူရွယ်များတွင် လူတန်းစားအလွှာစုံပါဝင်ကြမည်ဖြစ်သည်။ နယ်စွန်နယ်ဖျား မဖွံ့ဖြိုးသေးသောဒေသများမှ လူရည်ချွန်များကို ဖွံ့ဖြိုးနေသော မြို့ကြီးပြကြီးများ၌ လေ့လာခွင့်ရကြမည်ဖြစ်သလို မြို့ကြီးပြကြီးများမှ ထူးချွန်သောလူငယ်များက ကျေးလက်ဒေသများ၌ လေ့လာခွင့်ရကြမည်ဖြစ်သည်။ ဖွံ့ဖြိုးသောဒေသ၊ မဖွံ့ဖြိုးသောဒေသ လူမှုဘဝအစုံကို လေ့လာနိုင်မှ၊ ဘဝရပ်တည်ရေးအတွက် ကြိုးပမ်းရုန်းကန်နေမှုများကို အမှန်တကယ်သိမှ မိမိတို့လူမှုဘဝကို မည်သို့မည်ပုံ တည်ဆောက်ကြရမည်ကို သိရှိနားလည်ကြမည်ဖြစ်သည်။

စီမံကိန်းဝင်လူငယ်များတွင် မပါဝင်ဘဲကျန်ရှိနေသေးသော လူငယ်လူရွယ်များအနေဖြင့်လည်း အဆိုပါလူငယ်များကို အားကျသည့်စိတ်၊ အဆိုပါ လူငယ်များကဲ့သို့ ပါဝင်လိုစိတ်များဖြစ်ပေါ်ကာ ထိုလူငယ်များကဲ့သို့ ဘက်စုံထူးချွန်အောင် ကြိုးစားအားထုတ်ခြင်းဖြင့် ဘက်စုံထူးချွန် လူငယ်လူရွယ်များ ထပ်မံတိုးပွားပေါ်ထွန်းလာမည်ဖြစ်သည်။

နိုင်ငံတော်အပိုင်းကလည်း အနာဂတ်နိုင်ငံတော်သစ်အတွက် အားထားရမည့် လူငယ်မျိုးဆက်သစ်မောင်မယ်များကို စိတ္တ၊ ကာယနှစ်ဖြာ ကျန်းမာကြံ့ခိုင်သန်စွမ်းလာစေရန် ထိုကဲ့သို့ စဉ်ဆက်မပြတ် ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးခြင်းအားဖြင့် ဘက်စုံထူးချွန်လူတော်လူကောင်းများ အမြောက်အမြားတိုးပွားပေါ်ထွက်ကာ နိုင်ငံ့အားများ တောင့်တင်းခိုင်မာ ဖြစ်ထွန်းလာမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ဒက္ခိဏသီရိမြို့မဈေး မီးဘေးကြိုတင်ကာကွယ် တားဆီးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၆

နေပြည်တော်ကောင်စီဝင် ဦးစောလှသည် ဧပြီ ၂၆ ရက် နံနက် ၈ နာရီတွင် ဒက္ခိဏသီရိမြို့နယ် မီးဘေးကြိုတင် ကာကွယ်တားဆီးရေးအဖွဲ့ဝင်များ၊ ဈေးကော်မတီများနှင့်အတူ ဒက္ခိဏသီရိမြို့မဈေးအတွင်း လုပ်ငန်းသုံးနှင့် လုံခြုံရေးလျှပ်စစ်ဓာတ်အား အသုံးပြုမှုအခြေအနေများ၊ မီးသတ်အုတ်ကန်နှင့် ရေစုပ်စက်တပ်ဆင်ထားရှိမှု အခြေအနေများ၊ မီးအသုံးပြုသည့်ဈေးဆိုင်ခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆိုင်ခန်းတိုင်းတွင် မီးသတ်ဆေးဘူးများ စနစ်တကျ ထားရှိရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေးရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(မြို့နယ် ထွေ/အုပ်)

သောက်သုံးရေ ရရှိစေရန် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိ

မိတ္ထီလာ ဧပြီ ၂၆

မိတ္ထီလာမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာအုပ်စု မကျီးချောက်ကျေးရွာတွင် သောက်သုံးရေအတွက် ရေကောင်းရေသန့်ရရှိစေရန်နှင့် ကျေးရွာလူထု ရေခပ်ရေသယ်ကိစ္စ အဆင်ပြေချောမွေ့လွယ်ကူစေရန် ရေစင်များဆောက်လုပ်ခြင်း၊ ရေပိုက်သွယ်တန်းနိုင်ရန် လိုင်းကျင်းများတူးဖော်ခြင်း၊ ရေစက်အတွက် လျှပ်စစ်မီးများ သွယ်တန်းခြင်းလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မကျီးချောက်ကျေးရွာမှာဆိုရင် အိမ်ခြေ ၂၀၀ ကျော်ရှိပေမယ့် ရေချိုရရှိတဲ့ နေရာအနည်းငယ်သာရှိပါတယ်။ ရေချိုကို ရွာရဲ့တောင်ပိုင်း၌သာ ရရှိပြီး ကျန်နေရာများမှာ ရေငန်များသာထွက်ရှိတဲ့အတွက် သောက်သုံးရေအခက်အခဲများ ကြုံတွေ့ကြရပါတယ်။ ကျေးရွာမှာ တစ်ယူနစ် ငွေကျပ် ၅၀ နှုန်းနဲ့ ရေပေးနေပေမယ့် နွေရာသီမှာ ရာသီဥတုပူပြင်း ခြောက်သွေ့လို့ ရေတွေခန်းခြောက်ပြီး သောက်သုံးရေ လုံလောက်မှု မရှိပါဘူး။ ဒါကြောင့် ကျေးရွာရေပေးရေးကော်မတီကို ဖွဲ့စည်းပြီး ကျေးရွာရဲ့ တောင်ဘက်ရှိ စည်ပင်ဦးစီးဌာနက တူးဖော်ပေးထားတဲ့ လေးလက်မ အဝီစိစက်ရေတွင်းကနေ ကျေးရွာအတွင်း ရေဖြန့်ဝေပေးနိုင်ရေးအတွက် ကျေးရွာလူထုရဲ့ စုပေါင်းအားနဲ့ ကိုယ့်ထူ ကိုယ်ထ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ကျေးရွာရေပေးရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျေးရွာအတွင်း ရေပိုက်များ သွယ်တန်းနိုင်ရန် လိုင်းကျင်းများ တူးဖော်ပြီးစီးသော်လည်း ကျေးရွာနှင့် စက်ရေတွင်းကြားတွင် မိတ္ထီလာမြောက်ကန်မှ စိုက်ပျိုးရေပို့လွှတ်သော ရေပေးတူးမြောင်းသည် ပိုင်းခြားထားသဖြင့် ရေမြောင်းပေါ်မှ ရေပိုက်သွယ်တန်းဆောင်ရွက်နိုင်ရန် ဆည်မြောင်းဦးစီးဌာနသို့ တင်ပြထားပြီး ခွင့်ပြုချက်ရရှိပါက ကျေးရွာအတွင်း မိုးမကျမီ ရေပိုက်သွယ်တန်းခြင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ရေပိုက်သွယ်တန်းပြီးလျှင် ကျေးရွာအတွင်းရှိ အိမ်များသို့ ရေမီတာစနစ်ဖြင့် ပေးဝေသွားမည်ဖြစ်ပြီး အသက်သာဆုံးစနစ်ဖြင့် ရေရှည်ခိုင်ခံ့အောင် ကော်မတီများဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ရာ နေရာအနှံ့ သောက်သုံးရေအတွက် ရေချိုရရှိမည်ဖြစ်ပြီး နွေရာသီတွင်လည်း ရေပြတ်လပ်မှုမကြုံတွေ့နိုင်ကြောင်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေပေး ဝေရေးကော်မတီမှ သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

မောင်းထောင်မြေခင်းတောရ ဆရာတော်ဘုရားကြီး

အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ

[illegible]

ကျေးဇူးဆပ်မေတ္တာပူဇာ သဘင် [illegible]

ဆရာတော်ဦးသောဘန (ကမ္မဋ္ဌာနာစရိယ) - ၂၆-၄-၂၀၁၄(စနေနေ့)
(မိုးကုတ်စံတော်ဝင်ရိပ်သာ)
ဆရာတော်ဦးမဏ္ဍလ (ကမ္မဋ္ဌာနာစရိယ) - ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့)
(မိုးကုတ်စံတော်ဝင်ရိပ်သာ)
ဆရာတော်ဦး[illegible] (ကမ္မဋ္ဌာနာစရိယ) - ၂၈-၄-၂၀၁၄(တနင်္လာနေ့)
([illegible](ကျည်းကူး))
အချိန် - ညနေ (၇) နာရီ
နေရာ - [illegible]

ပြည်တွင်းရေးရာ

✪ ရှေ့ဖုံးမှ

ဦးစားပေးသည့်စနစ်မျိုးကသာ မှန်ကန်သော ပြိုင်ဆိုင်မှုဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ချမ်းသာသည့် လမ်းကြောင်းပေါ် ရောက်မှာဖြစ်ပါကြောင်း။

အလားတူ မိမိနှင့်သက်ဆိုင်သည့် စာပေ၊ ယဉ်ကျေးမှု၊ လူမှုစီးပွားတိုးတက်စေရန် မိမိတို့တစ်ဖွဲ့ချင်းစီ၏ တိုးတက်မှုအတွက် တစ်ဖွဲ့ချင်းကြိုးစားရန် လိုအပ်သကဲ့သို့ အဖွဲ့အချင်းချင်းလည်း စည်းစည်းလုံးလုံး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ဒုတိယသမ္မတအား အဖွဲ့လိုက် တစ်ဖွဲ့ချင်းစီ ဂါရဝပြုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းတို့က တိုင်းရင်းသားယဉ်ကျေးမှုလူငယ်များအား ဆုများချီးမြှင့်ပြီး တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်တစ်ဦးဖြစ်သူ ရှမ်းတိုင်းရင်းသူ မနန်းအွန်ခမ် က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများသည် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဒုတိယသမ္မတက တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း 'ဝ' တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့နှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာဆပ်ကော်မတီ မော်လမြိုင်မြို့နှင့် ဘားအံမြို့တို့၌ လုပ်ငန်းများကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၂၆

နိုင်ငံတော်အစိုးရ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် မေ ၂၄ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ပြည်နယ်/ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာများမှ တာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့်တွေ့ဆုံ၍ **(အောက်ပုံ)** အမျိုးသမီးနှင့် ကလေးသူငယ်များ၏ လူနေမှုဘဝ ကာကွယ်စောင့်ရှောက်ရေး၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေး၊ ကျန်းမာရေးတို့အတွက် အောက်ခြေအဆင့်မှ ကြုံတွေ့နေရသော ကြမ်းတမ်းသည့် အခက်အခဲအတားအဆီး စိန်ခေါ်မှုများကို ချက်ချင်းအဖြေရှာ ဆောင်ရွက်ပေးရန်၊ အကြံဉာဏ်ပေးအပ်ရန်နှင့် လိုအပ်ချက်များ ဆက်သွယ်တင်ပြပေးရန် ယခုလို လာရောက်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်းနှင့် မိမိတို့အနေဖြင့် ကလေးသူငယ်များ၏ အဓိကအခွင့်အရေး (၄)ရပ်ဖြစ်သော ရှင်သန်ခွင့်၊ ဖွံ့ဖြိုး တိုးတက်ခွင့်၊ အကာအကွယ်ရခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်များရရှိအောင် ဆောင်ရွက်နေပြီး နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် နိုင်ငံအတွင်း မိခင်နှင့်ကလေးများဘဝ ကျန်းမာချမ်းသာပြီး အခွင့်အရေးအပြည့်အဝရရှိရေး၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးရန်ရှိသည်များကို ပြည်သူများအနေဖြင့် ပွင့်ပွင့်လင်းလင်း မေးမြန်းတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဒေါ်ခင်မာထွန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေတို့က ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားကြသည်။

တွေ့ဆုံပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့က အားကစားပစ္စည်းများ၊ အမျိုးသမီးရေးရာ ဝတ်စုံ၊ ပြက္ခဒိန်၊ စာအုပ်၊ ထီး၊ လုံချည်နှင့် အသုံးအဆောင်များ၊ သားဖွားဆရာမဝတ်စုံ၊ အနီးလိပ်နှင့် ပညာပေးစီဒီချပ်များကို မြို့နယ်အသီးသီးအတွက် ပေးအပ်လှူဒါန်းကြသည်။

ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် မေ ၂၅ ရက် နံနက် ၉ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ပြည်နယ်/ခရိုင်/မြို့နယ်နှင့် ရပ်ကွက်ကျေးရွာများမှ တာဝန်ရှိသူများ၊ မြို့နယ် အထောက်အကူပြုအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အမျိုးသမီးနှင့် ကလေးသူငယ်များ၏ လူနေမှုဘဝ ကာကွယ်စောင့်ရှောက်ရေး၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေး၊ ကျန်းမာရေးတို့အတွက် အောက်ခြေအဆင့်မှ ကြုံတွေ့နေရသော အခက်အခဲအတားအဆီး စိန်ခေါ်မှုများကို ပြည်နယ်အစိုးရ၊ ဆက်စပ်လျက်ရှိသော ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပူးပေါင်း၍ ချက်ချင်း အဖြေရှာပေးရန်၊ အကြံဉာဏ်ပေးအပ်ရန်နှင့် လိုအပ်ချက်များကို ဆက်သွယ်တင်ပြပေးရန် လာရောက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဘရွှေ၊ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီ လုပ်ငန်းများကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ပြည်နယ်အတွင်း အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးနိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားနိုင်မှု၊ ပြည်ပနိုင်ငံများရှိ စီးပွားရေးမိတ်ဖက်များနှင့် ချိတ်ဆက်၍ ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ မိသားစုဝင်ငွေရရှိရေး ဆောင်ရွက်ပေးထားမှုများ၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တာဝန်ရှိသူများက အမျိုးသမီးရေးရာဝတ်စုံ၊ ပြက္ခဒိန်၊ စာအုပ်၊ ထီး၊ လုံချည်များ၊ သားဖွားဆရာမဝတ်စုံ၊ အနီးလိပ်နှင့် ပညာပေးစီဒီချပ်များ၊ အားကစားပစ္စည်းများကို မြို့နယ်အသီးသီးအတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်တော်ယာဉ်များတွင် မီးသတ်ဆေးဘူးများ ဆောင်ထားရန်နှိုးဆော်

ရန်ကုန် မေ ၂၆

နိုင်ငံတော်အတွင်း နှစ်စဉ်ဖြစ်ပွားလျက်ရှိသော မီးလောင်မှုများ လျော့နည်းစေရေးအတွက် မီးဘေးသတိပေးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မီးလောင်မှုကြောင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် မီးစတင်လောင်ကျွမ်းချိန်တွင် အလွယ်တကူလျင်မြန်စွာ မီးငြိမ်းသတ်နိုင်သည့် ခေတ်မီမီးသတ်ဆေးဘူးများ ပြည်သူများလက်ဝယ်ရှိနေစေရေးအတွက် "မီးသတ်ဆေးဘူးများ" အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ မော်တော်ယာဉ်တိုင်းဆောင်ထားရန် သတိပေးနှိုးဆော်ချက်များအား နေ့စဉ်ထုတ်သတင်းစာများ၊ ရုပ်မြင်သံကြားအစီအစဉ်များမှတစ်ဆင့် ပညာပေးထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၂၃ ရက်အထိ "မော်တော်ယာဉ်" မီးလောင်မှု (၄၁)ကြိမ်ဖြစ်ပွားခဲ့ရာ လူ (၁၁) ဦးသေဆုံးပြီး(၁၅) ဦးဒဏ်ရာရရှိကာ ကျပ် (၂၂၂) သန်းဖိုးခန့် မီးလောင်ဆုံးရှုံးခဲ့ပါသည်။ အဆိုပါ "မော်တော်ယာဉ်" မီးလောင်မှုများအနက် မော်တော်ယာဉ် မီးလောင်မှု ငါးကြိမ်သည် အသင့်ဆောင်ထားသော မီးသတ်ဆေးဘူးများဖြင့် အချိန်မီငြိမ်းသတ်နိုင်ခဲ့သည့်အတွက် မီးလောင်ဆုံးရှုံးမှုနည်းပါးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါသူများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ရန်ကုန်-နေပြည်တော်- မန္တလေး အမြန်လမ်းပေါ်၌ သွားလာနေသော မော်တော်ယာဉ်များအား မီးသတ်ဆေးဘူး ဆောင်ထားရေးအတွက် ရန်ကုန်နှင့် မန္တလေး တိုးဂိတ်များတွင် အမြန်လမ်းရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ အသိပညာပေးစစ်ဆေးမှုများကို မေ ၂၃ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ခရီးသည်တင်/ကုန်တင် မော်တော်ယာဉ်ကြီးများတွင် အနည်းဆုံး ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး 4 Kg နှစ်လုံး၊ မော်တော်ယာဉ်လတ်များတွင် အနည်းဆုံး ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး 2 Kg နှစ်လုံးနှင့် မော်တော်ယာဉ်ငယ်များတွင် အနည်းဆုံး ဓာတုဗေဒ ပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး 1 Kg တစ်လုံးထားရှိရန် နှိုးဆော်အသိပေးလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**



ရုရှားသန်းကြွယ်သူဌေးကြီး ပိုလန်စကီးကို လွှဲပြောင်းပေးမည်မဟုတ်ဟု ကမ္ဘောဒီးယားဆုံးဖြတ်

ဖနောင်ပင် ဧပြီ ၂၆

ငွေကြေးအလွဲသုံးမှုဖြင့် စွဲချက်တင်ခံထားရသူ ရုရှားလူမျိုး သန်းကြွယ်သူဌေးကြီး ဆာဂေးပိုလန်စကီး(ပုံ)အား ရုရှားနိုင်ငံသို့ ပြန်လည်လွှဲအပ်ခြင်းမပြုနိုင်ဟု ကမ္ဘောဒီးယား တရားရုံးချုပ်က စီရင်ချက် ချမှတ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဧပြီ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘောဒီးယားနှင့် ရုရှားနိုင်ငံတို့အကြား တရားခံလွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုထားခြင်းမရှိသဖြင့် ပိုလန်စကီးအား တရားစွဲဆိုနိုင်ရန် ရုရှားနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခြင်းမပြုနိုင်ကြောင်း တရားသူကြီး ကင်ဆိုသာဘီ၏ စီရင်ချက်တွင် ဖော်ပြသည်။

ပိုလန်စကီးသည် အိုးအိမ်တည်ဆောက်ရေးစီမံကိန်းတစ်ရပ်အရ အစုရှင်များက ယုံကြည်စွာ အပ်နှံထားသည့် ငွေကြေးမှ အမေရိကန်ဒေါ်လာ ၁၇၅ သန်းကျော်ကို အလွဲသုံးမှု ပြုလုပ်ခဲ့သည်ဟု ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ၎င်း၏မျက်ကွယ်၌ စွဲချက်တင်ခံခဲ့ရသည်။

ကမ္ဘောဒီးယားအာဏာပိုင်များသည် ရုရှားနိုင်ငံ၏ မေတ္တာရပ်ခံချက်အရ ပိုလန်စကီးကို လွန်ခဲ့သည့်နှစ် နိုဝင်ဘာလတွင် ဖမ်းဆီးခဲ့သည်။ သို့ရာတွင် ယခုနှစ် ဇန်နဝါရီလအတွင်း ၎င်းကိုအာမခံဖြင့် ပြန်လွှတ်ပေးခဲ့သည်။

ပိုလန်စကီးသည် ၂၀၀၈ ခုနှစ် ရုရှားနိုင်ငံ၏ သူကြွယ်များစာရင်းတွင် နံပါတ် ၄၀ နေရာ၌ရပ်တည်နေပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၅ ဘီလီယံရှိ နေဥစ္စာများကို ပိုင်ဆိုင်သည်ဟု ဖိုးဘီးစ်မဂ္ဂဇင်းက ရေးသားဖော်ပြခဲ့သည်။

ဆင်ဟွာ။

အမ်အီးအာရ်အက်စ်ဗိုင်းရပ်စ်ရောဂါကြောင့် ဆော်ဒီအာရေဗျနိုင်ငံ၌ ၈၇ ဦး သေဆုံး

ရီယာ့ဒ် ဧပြီ ၂၆

ဆော်ဒီအာရေဗျနိုင်ငံ၌ အမ်အီးအာရ်အက်စ်(ခေါ်) အရှေ့အလယ်ပိုင်းဒေသ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ်ရောဂါကြောင့် လူပေါင်း ၈၇ ဦးအထိ သေဆုံးခဲ့ရပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဧပြီ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆော်ဒီအာရေဗျနိုင်ငံ၌ ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ပထမဆုံးအကြိမ် အမ်အီးအာရ်အက်စ်ဗိုင်းရပ်စ်ရောဂါပိုးကို စတင်တွေ့ရှိခဲ့ရပြီးနောက် ယင်းရောဂါဖြစ်ပွားသူ စုစုပေါင်း ၂၉၉ ဦးရှိခဲ့ကြောင်း၊ ဧပြီ ၂၅ရက်တွင် ယင်းရောဂါကြောင့် နှစ်ဦးသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အီးအာရ်အက်စ်ဗိုင်းရပ်စ် ရောဂါသည် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်နိုင်သော ရောဂါပိုးအဖြစ် မျိုးဗီဇပြောင်းလဲလာခဲ့ပြီး ပင်လယ်နီရှိ ကူးသန်းရောင်းဝယ်ရေး အချက်အချာမြို့ကြီးဖြစ်သော ဂျက်ဒါမြို့၌ကျယ်ကျယ်ပြန့်ပြန့် ကူးစက်ပြန့်ပွားခဲ့သည်။ ဆော်ဒီဘုရင် အဗ္ဗဒူလာသည် ယင်းမြို့သို့ ဧပြီ ၂၄ ရက်တွင် ရောက်ရှိလာခဲ့ပြီး ကျန်းမာရေးတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

အမ်အီးအာရ်အက်စ်ဗိုင်းရပ်စ်ရောဂါ ခံစားနေရသူ လူနာတစ်ဦးကို တွေ့ရစဉ်။

ဂျက်ဒါမြို့ရှိ ဘုရင်ဖာ့ဒ်ဆေးရုံ၌ ယင်းရောဂါခံစားရသူ လူနာများကို ကုသပေးရန် ငြင်းဆန်ခဲ့သူ ဆရာဝန်လေးဦး ရာထူးမှ နုတ်ထွက်သွားခဲ့သည်ဆိုသော သတင်းတစ်ရပ် ပေါ်ပေါက်လာခဲ့ပြီးနောက် ပြည်သူများအတွင်း စိုးရိမ်ပူပန်မှုများ ကြီးထွားလာချိန်တွင် ဘုရင်အဗ္ဗဒူလာသည် အဆိုပါဆေးရုံသို့ ရောက်ရှိလာခဲ့သည်။ ဆရာဝန်များသည် ရောဂါပိုးကူးစက်ခံရမည်ကို စိုးရိမ်သဖြင့် ရာထူးမှ နုတ်ထွက်ခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။

တရုတ်တွင် ရှားပါးတိရစ္ဆာန်စားသူ ထောင် ၁၀ နှစ် ဝယ်ယူသူ ထောင်သုံးနှစ်ချမည်

ပေကျင်း ဧပြီ ၂၆

တရုတ်နိုင်ငံတွင် ကြာသပတေးနေ့၌ အတည်ပြုခဲ့သည့် စည်းမျဉ်းသစ်များအရ ရှားပါးတိရစ္ဆာန်များအား စားသုံးသောသူများကို ဖမ်းဆီးရမိလျှင် ထောင်ဒဏ် ၁၀ နှစ်အထိ အပြစ်ပေးမည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများက သောကြာနေ့တွင် ဖော်ပြသည်။

တရားမဝင် အမဲလိုက်၍ ဖမ်းဆီးရမိသောတောရိုင်းတိရစ္ဆာန်များကို သိလျက်နှင့် ဝယ်ယူသူများကိုလည်း ထောင်ဒဏ်သုံးနှစ်အထိ ပြစ်ဒဏ်ချမှတ်မည်ဖြစ်သည်။

ပန်ဒါဝက်ဝံများ၊ အာရှဝက်ဝံနက်များနှင့် သင်းခွေချပ်များ အပါအဝင် တိရစ္ဆာန်မျိုးစိတ် ၄၂၀ကို ရှားပါးတိရစ္ဆာန်များအဖြစ် အစိုးရက သတ်မှတ်သည်။

တောရိုင်းတိရစ္ဆာန်များ၏ အသားများနှင့် ၎င်းတို့မှ ပြုလုပ်သော စားဖွယ်ရာများကို စားသုံးခြင်းတို့သည် တောရိုင်းတိရစ္ဆာန်များကို သတ်ဖြတ်သည့်လုပ်ငန်းအား ကြီးထွားစေရန် တွန်းအားပေးလျက်ရှိသည်။

အကြိမ်ကြိမ် နှိမ်နင်းသော်လည်း အဆိုပါလုပ်ဆောင်ချက်များကို တားဆီးနိုင်ခြင်းမရှိသည့်အပြင် ရှားပါးတိရစ္ဆာန်များကို ဝယ်ယူကြသူများသည် အပြစ်ခံရခြင်းမရှိဘဲ လွတ်မြောက်လျက်ရှိနေကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံနှင့် အာရှမှ အခြားသောနိုင်ငံတို့တွင်ရှားပါးတိရစ္ဆာန်များနှင့် ယင်းတို့မှ ပြုလုပ်သော အစားအစာများကို စားသုံးခြင်းသည် ခန္ဓာကိုယ်ကို ခွန်အားဖြစ်စေရန် အားပေးသကဲ့သို့ အချို့သော အနာရောဂါများကိုလည်းကာကွယ်ပေးသည်ဟု ယုံကြည်ကြသည်။

အမျိုးသား ပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီက အတည်ပြုပေးခဲ့သည့် တရုတ်နိုင်ငံပြစ်မှုဆိုင်ရာဥပဒေကိုအဓိပ္ပာယ်အသစ်ဖွင့်ဆိုချက်အရရင်းစည်းမျဉ်းအာဏာ သက်ဝင်လာခဲ့သည်။ **ဆင်ဟွာ။**

ရာဖေးလ် ဂျက်တိုက်လေယာဉ်များကို ပိုလန်သို့ ပြင်သစ်စေလွှတ်မည်

ပါရီ ဧပြီ ၂၅

ဘောလ်တစ်နိုင်ငံများ၏ လုံခြုံရေးအတွက် အထောက်အကူပေးနိုင်ရန် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ ကတိကဝတ်နှင့်အညီ ပြင်သစ်နိုင်ငံသည် ရာဖေးလ်အမျိုးအစား ဂျက်တိုက်လေယာဉ်လေးစင်းကို ပိုလန်နိုင်ငံသို့ လာမည့်ရက်သတ္တပတ်တွင် စေလွှတ်ပေးမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းဌာနများက ဧပြီ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။ ရုရှားနှင့်ယူကရိန်းနိုင်ငံတို့အကြား တင်းမာမှုမြင့်မားလာနေချိန်တွင် ပိုလန်နိုင်ငံ မြောက်ပိုင်းရှိ မယ်ဘွတ်မြို့သို့ ပြင်သစ်လေတပ်က စစ်လေယာဉ်လေးစင်းကို စေလွှတ်မည်ဖြစ်သည်။

ပိုလန်လေတပ်အား စစ်ရေးလေ့ကျင့်ပေးရန်လည်းကောင်း၊ နေတိုး၏ စစ်ဦးစီးကွပ်ကဲမှုအောက်တွင်ရှိသော ဘောလ်တစ်နိုင်ငံများ၏ ဝေဟင်အတွင်း လေကြောင်းကင်းလှည့်ပျံသန်းမှုများ ပြုလုပ်နိုင်ရန်လည်းကောင်း ပြင်သစ်တိုက်လေယာဉ်လေးစင်းကို ဧပြီ ၂၈ရက်တွင် ပိုလန်နိုင်ငံသို့ စေလွှတ်ပေးမည်ဖြစ်ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

နယ်စပ်ဒေသအနီးတွင် ရုရှားနိုင်ငံက စစ်ရေးလှုပ်ရှားမှုများ တိုးမြှင့်ပြုလုပ်လာနေခြင်းကြောင့် မဟာမိတ်နိုင်ငံများ၏ လုံခြုံရေးအတွက် အရှေ့ဥရောပသို့ စစ်သင်္ဘောများ၊ စစ်လေယာဉ်များနှင့် တပ်ဖွဲ့ဝင်များကို ပိုမိုစေလွှတ်ပေးသွားမည်ဖြစ်ကြောင်း နေတိုးအဖွဲ့က ပြောကြားခဲ့သည်။

ရိုက်တာ။

ချာနိုဘိုင်း နျူကလီးယားစက်ရုံ မတော်တဆမှု နှစ်ပတ်လည် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ကိယက်ဗ် ဧပြီ ၂၆

ကမ္ဘာ့သမိုင်းတွင် အဆိုးရွားဆုံးသော နျူကလီးယားမတော်တဆမှုဖြစ်ပွားခဲ့မှု ၂၈ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ယူကရိန်းနိုင်ငံတွင် ဧပြီ ၂၆ ရက်ကကျင်းပသည်။ ချာနိုဘိုင်း နျူကလီးယား ဓာတ်အားပေးစက်ရုံ မတော်တဆမှု နှစ်ပတ်လည် အထိမ်းအမှတ်အခမ်းအနားသို့ ယင်းမတော်တဆမှုတွင် သေဆုံးခဲ့ရသူများ၏ မိသားစုများနှင့် အလုပ်သမားဟောင်းများ တက်ရောက်ကြသည်။

ယူကရိန်းနိုင်ငံအလယ်ပိုင်း ကိယက်ဗ်ပြည်နယ် ကိယက်ဗ်မြို့၌ တည်ရှိသော ချာနိုဘိုင်းနျူကလီးယားစက်ရုံတွင် ၁၉၈၆ ခုနှစ် ဧပြီ ၂၆ ရက်က ဓာတ်ပေါင်းဖိုပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့ရာ ဓာတ်ရောင်ခြည်ဆိုင်ရာ ဘေးဥပဒ်ကြီး ကျရောက်ခဲ့သည်။

၂၀၁၁ ခုနှစ်က ဂျပန်နိုင်ငံ ဖူကူရှီးမား နျူကလီးယားစက်ရုံ၌ဖြစ်ပွားခဲ့သော အဏုမြူဓာတ်ရောင်ခြည် ဘေးဥပဒ်ဆိုက်ရောက်မှုနှင့် ချာနိုဘိုင်းနျူကလီးယားစက်ရုံ၌ဖြစ်ပွားသော အလားတူဘေးဥပဒ် ဆိုက်ရောက်မှုတို့မှာ မတူညီပေ။ ဖူကူရှီးမားနျူကလီးယားစက်ရုံ၏ ဓာတ်ရောင်ခြည်မတော်တဆမှုသည် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ပြီး ချာနိုဘိုင်းစက်ရုံ၏ ဓာတ်ရောင်ခြည်မတော်တဆမှုမှာမူ လူသားအမှားကြောင့် ဖြစ်ရကြောင်း သတင်းတွင်ဖော်ပြသည်။

ချာနိုဘိုင်းမတော်တဆမှုအတွင်း လူ ၃၀ ချက်ချင်းပင်သေဆုံးခဲ့ရပြီး နောက်ဆက်တွဲဆိုးကျိုးသက်ရောက်မှုကြီးမားခဲ့သည်။ ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်သားများ အသက်ပေးလှူခဲ့ကြရပြီး ဒေသခံပြည်သူ ၃၃၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ယခုအချိန်အထိ စက်ရုံတည်ရှိရာနေရာ၏ ကီလိုမီတာ ၃၀ ပတ်လည်အကွာအဝေးအတွင်း နယ်မြေကို ဘေးအန္တရာယ်ဇုန်နယ်မြေအဖြစ် သတ်မှတ်ထားရဆဲဖြစ်သည်။

ရိုက်တာ။

ချာနိုဘိုင်းနျူကလီးယားစက်ရုံ မတော်တဆမှု အထိမ်းအမှတ်အဖြစ် တည်ဆောက်ထားသော ရုပ်တုများကို တွေ့ရစဉ်။

ဘဂ္ဂဒက်၌ ရွေးကောက်ပွဲဆိုင်ရာ လူထုအစည်းအဝေးကျင်းပစဉ် ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွား၊ ၃၁ ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ရှီးယိုက်နိုင်ငံရေးပါတီတစ်ခု၏ ရွေးကောက်ပွဲဆိုင်ရာ လူထုအစည်းအဝေးကျင်းပစဉ် ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ လူ ၃၁ဦး သေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရရှိကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အာဆာရစ် အဟဲလ်အယ်လ်ဟာအု အမည်ရှိ ပါတီကကျင်းပသော လူထုအစည်းအဝေး၌ ဗုံးပေါက်ကွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူအချို့မှာ စိုးရိမ်ဖွယ် အခြေအနေတွင်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံ၌ ပါလီမန်ရွေးကောက်ပွဲကျင်းပရန် ရက်သတ္တပတ်အနည်းငယ်မျှသာလိုတော့ချိန်တွင် ယင်းဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းဖောက်ခွဲမှုကို အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသည့် စစ်သွေးကြွများက ပြုလုပ်ခြင်းဖြစ်ကြောင်း စွပ်စွဲပြောကြားသည်။

၂၀၀၈ ခုနှစ်တွင် ပြည်တွင်းစစ်နှုတ်ခမ်းဝသို့ အီရတ်နိုင်ငံရောက်စဉ်ကတည်းကပင် အဆုံးမသတ်နိုင်သော ဆိုးရွားသည့် ဆူပူမှုများ ဖြစ်ပွားနေသည်။

ယခုဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများကို အိုင်အက်စ်အိုင်အယ်လ်ဟု လူသိများသည့် အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့က လုပ်ဆောင်ခဲ့သည်ဆို၏။

ဗုံးသုံးလုံးပေါက်ကွဲခဲ့ပြီး ပထမဗုံးနှစ်လုံးမှာ ထရပ်ကားအသုံးပြု၍ ဖောက်ခွဲခဲ့ပြီး တတိယမြောက်ဗုံးမှာ လမ်းဘေးထောင်ဗုံးဖြစ်သည်။

ဗုံးဖောက်ခွဲမှုပြုလုပ်သည့် စစ်သွေးကြွအဖွဲ့သည် အီရန်နှင့် ဆီးရီးယားသမ္မတ ဘရှားအယ်လ်အာဆတ်တို့က ထောက်ခံမှုပေးနေသာအဖွဲ့ဖြစ်သည်ဟု ဆိုသည်။

ဘီဘီစီ။

ပြည်တွင်းရေးရာ

နိုင်ငံတော်၏ ရသင့်ရထိုက်သော အခွန်ငွေများရရှိရေး ကူညီဆောင်ရွက်

နေပြည်တော် မေ ၂၆

၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေနှင့် ပတ်သက်၍ ဝန်ကြီးဌာနအဖွဲ့အစည်းများမှ လိုက်နာဆောင်ရွက်ရမည့် အချက်များ အစိုးရသစ်တာဝန်ယူခဲ့ပြီး သုံးနှစ်တာကာလအတွင်း နိုင်ငံတော်မှ ဆောင်ရွက်ခဲ့သည့် ဘဏ္ဍာရေးပြုပြင်ပြောင်းလဲဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း ဖြစ်ပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအား ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် အရအသုံး ခန့်မှန်းခြေငွေစာရင်းများအဖြစ် ခွဲခြားရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူပြဋ္ဌာန်းဆောင်ရွက်လျက်ရှိကြောင်း၊ ဘတ်ဂျက်ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာအဖွဲ့အစည်းများမှ နည်းပညာအကူအညီဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိပြီး ပိုမိုပွင့်လင်းမြင်သာသော ဘတ်ဂျက်စနစ်ဖြစ်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာန အဖွဲ့အစည်းများအနေဖြင့် ဘတ်ဂျက်ရေးဆွဲမှုစနစ်ပြောင်းလဲနေမှုကို သိရှိရန်လိုကြောင်း၊ စီမံကိန်းကို အခြေခံသည့် ဘတ်ဂျက်စနစ်သို့ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို သိရှိစေလိုကြောင်း၊ ဌာနအဖွဲ့အစည်းများ၏ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို အနီးစပ်ဆုံး လျာထားကြရန်လိုအပ်ပြီး ငွေကြေးများ ထုတ်ယူသုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲကြရန် လိုအပ်ပါကြောင်း၊ ပိုလျှံငွေပြန်လည်အပ်နှံမှုများကိုလည်း ဘဏ္ဍာရေးနှစ်မကုန်မီ သတ်မှတ်ရက်များအတိုင်း အပ်နှံရန်လိုအပ်ပါကြောင်း၊ ယနေ့နိုင်ငံတော်၏ ဘတ်ဂျက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ခံမှုရှိသည့် ဘတ်ဂျက်ဖြစ်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ထောက်ပြဆွေးနွေးသည့် အချက်များကိုလည်း ဌာနအဖွဲ့အစည်းများမှ သတိပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် ရုံးချုပ်များမှ ရုံးအသုံးစရိတ်များကို လက်အောက်ခံဌာန၊ ရုံးခွဲများသို့ စနစ်တကျ ခွဲဝေသုံးစွဲရေး ကြီးကြပ်ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်းဖြင့် ယမန်နေ့ နံနက် ၁၀ နာရီတွင် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ၊ ဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ၌ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေစာရင်းရေးဆွဲမှု၊ ဌာနအဖွဲ့အစည်းများမှ ဘတ်ဂျက်ရေးဆွဲရာတွင် လိုက်နာဆောင်ရွက်ရန် အချက်များ၊ ငွေကြေးသုံးစွဲမှုများနှင့် ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် တည်ဆောက်ရေးနှင့် ပစ္စည်းဝယ်ယူမှုဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူ၍ ဆောင်ရွက်ရေး၊ ဘဏ္ဍာရေးနှစ်အတွင်း ငွေစာရင်းခေါင်းစဉ် ပြောင်းလဲသုံးစွဲမှုနှင့် ပိုလျှံငွေအပ်နှံမှုများအား ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဆောင်ရွက်ရန် ကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များကလည်း ငွေလုံးငွေရင်း အသုံးစရိတ်စာရင်းရေးဆွဲမှု၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲမှုတို့နှင့် ပတ်သက်၍ ဌာနအဖွဲ့အစည်းများမှ လိုက်နာဆောင်ရွက်ရန် အချက်များအား ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ် နေပြည်တော်၌ ကျင်းပသည့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေနှင့် ပြည်တွင်းအခွန်ဆိုင်ရာ ဥပဒေများ ရှင်းလင်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ အခွန်စနစ်ကို ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲရန် လိုအပ်လာသည့်အတွက် အစိုးရသစ်လက်ထက်မှာ ပြုပြင်ပြောင်းလဲမှုများကို အဆင့်ဆင့်ပြောင်းလဲဆောင်ရွက်လျက် ရှိပါကြောင်း၊ အချို့ကိစ္စများသည် မြန်မြန်ဆန်ဆန် ပြောင်းလဲနိုင်သော်လည်း အချို့ကိစ္စရပ်များသည် အချိန်ယူလေ့လာပြီးမှ ဆောင်ရွက်ရပါကြောင်း၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အခွန်ဆိုင်ရာ ဥပဒေများဖြစ်သော ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခွန်နှင့် ရုံးခွန်အက်ဥပဒေများနှင့် ပတ်သက်၍ အခွန်နှုန်းထားများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ သက်သာခွင့်ပေးခြင်းများကို ယခင်က ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ဆောင်ရွက်လျက် ရှိသော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ နှစ်အလိုက် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ထုတ်ပြန်ပြီး အခွန်အကောက်ဥပဒေနှင့် အညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာများအနေဖြင့် အခွန်နှင့်ပတ်သက်၍ ပိုမိုသိရှိရန်နှင့် အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်နှင့်အညီ ပြဋ္ဌာန်းပြီးဖြစ်သည့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ပြည်တွင်းအခွန်ဆိုင်ရာ ဥပဒေများကိုလည်း ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက အသေးစိတ်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ကြောင်း။

အခွန်သက်သာခွင့်၊ ကင်းလွတ်ခွင့်များနှင့်ပတ်သက်၍လည်း ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လည်းကောင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းအရ သတ်မှတ်ပေးထားသည့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို ရရှိခံစားရမှာ ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် မရှင်းလင်းသည်များ ရှိပါကလည်း ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးကြရန် လိုအပ်ပါကြောင်း၊ ထုတ်ပြန်ပြီးဖြစ်သည့် အခွန်ဆိုင်ရာ ဥပဒေများနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း သိရှိရန်နှင့် နိုင်ငံတော်၏ ရသင့်ရထိုက်သော အခွန်ငွေများ ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်နှင့် အခက်အခဲများရှိပါကလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ရှင်းလင်းမှာကြားခဲ့သည်။

ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများကလည်း ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေ၊ အခွန်ဥပဒေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲနှင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ ရုံးအဖွဲ့မှူးများ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးကော်မတီတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တောင်အာဖရိကနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၇

၂၀၁၄ ခုနှစ် မေ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စ မေတေး အမ် အင်ကိုအာနား မာရှာဘာနေထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အဆင့်မြင့်ပညာမြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲများကျင်းပ

ရန်ကုန် မေ ၂၆

နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် နိုင်ငံတကာအဆင့်မီ အသိပညာရှင်၊ အတတ်ပညာရှင်နှင့် နည်းပညာရှင်များကို အဆင့်အလိုက် ပီပြင်စွာဖြင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်လိုအပ်ချက်နှင့်အညီ မွေးထုတ်ရန် ဦးတည်ချက်ဖြင့် အဆင့်မြင့်ပညာမြှင့်တင်ရေးဆိုင်ရာဆွေးနွေးပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် တက်ရောက်ဆွေးနွေးသည်။

ရှေးဦးစွာ နံနက် ၁၀ နာရီတွင် ပုဂ္ဂလိကပညာရေးကဏ္ဍမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံရာ နိုင်ငံတော်တည်ဆောက်ရေးတွင် ပုဂ္ဂလိကပညာရေးကဏ္ဍမှ ပိုမိုပူးပေါင်းနိုင်မည့်နည်းလမ်းများကို တက်ရောက်လာသူများက ရင်းနှီးပွင့်လင်းစွာ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဥပဒေပညာရှင် ပါမောက္ခများနှင့် တွေ့ဆုံရာတွင် အဆင့်မြင့်ပညာမြှင့်တင်ရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ ညှိနှိုင်းရေးဆွဲရေးနှင့် တက္ကသိုလ်စိန်ရတုခန်းမတွင် လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့၏ ခေါင်းဆောင်များ အပတ်စဉ် ညှိနှိုင်းဆွေးနွေးနေမှုအခြေအနေများကို အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ ပထမအဆင့် အကြိုဝင်ခွင့်ရွေးချယ်ရေးစာမေးပွဲ ကျင်းပ

နေပြည်တော် မေ ၂၆

တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ ပထမအဆင့်အကြိုဝင်ခွင့်ရွေးချယ်ရေးအတွက် နေပြည်တော်စာဖြေဌာန စာမေးပွဲကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီး၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့နယ်တို့မှ စာဖြေကျောင်းသား ၁၅၁ ဦး၊ ကျောင်းသူ ၂၇၈ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၄၂၉ ဦး ဝင်ရောက်ဖြေဆိုကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်စာမေးပွဲကို နေပြည်တော်ကောင်စီနယ်မြေအတွင်း ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ယခုပထမအဆင့်အကြိုဝင်ခွင့် ရေးဖြေစာမေးပွဲအောင်မြင်သူများအား ရွေးချယ်၍ ဒုတိယအဆင့်စာမေးပွဲကို လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာ ရန်ကင်းတောရဓမ္မကျောင်းတော်တွင် ဆက်လက်ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုအောင်မြင်သူများအနေဖြင့် နောက်ဆုံးအဆင့် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်စာမေးပွဲကြီးကို မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် ကဆုန်လပြည့်နေ့တွင် ရန်ကုန်မြို့၌ ဆက်လက်ဖြေဆိုရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အနာဂတ်သားကောင်းရတနာများ

ခင်မောင်ဌေး(ပညာရေး)

"လူရည်ချွန်က ကောင်းကင်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း ရမြဲလမ်းဟု" ဆိုသည့် ကဗျာလေးသည် စာရေးသူတို့ ကျောင်းသားအရွယ်က ရင်ထဲတွင်စွဲနစ်ခဲ့သည့် ကဗျာလေးဖြစ်သည်။အဆိုတော်ကိုအံ့ကြီး၏"လူချွန်လူကောင်း" သီချင်းမှာလည်း မြန်မာ့အသံရေဒီယိုမှ မကြာခဏကြားနေရသည့် သီချင်းဖြစ်ပါသည်။ ထိုကဗျာ၊ ထိုသီချင်းကြားရတိုင်းလည်း ရင်ထဲတွင် တသိမ့်သိမ့်ခံစားရ၏။

ကျောင်းသားအရွယ်တွင် လူရည်ချွန်ကျောင်းသားတစ်ဦးဖြစ်လိုသည့် စိတ်ဆန္ဒ အလွန်ပြင်းပြခဲ့ပါသည်။ ထို့ကြောင့်လည်း ကျောင်းနေစဉ်ကာလအတွင်း ကျောင်းပျက်ရက်မရှိသလောက် ကျောင်းမှန်ခဲ့ပါသည်။ ဆရာဆရာမတို့၏ သင်ကြားပြသမှုကို အထူးအာရုံစိုက်၍ လေ့လာမှတ်သားခဲ့ပါသည်။ ထို့ကြောင့်လည်း အတန်းထဲတွင် အဆင့် (၁) (ဝါ)အဆင့်(၂) အမြဲတမ်းရရှိခဲ့ပါသည်။ မြို့နယ်အဆင့် လူရည်ချွန်လည်း အရွေးချယ်ခံခဲ့ရပါသည်။

နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အုတ် သံ သဲ ကျောက်တို့ရှိရုံဖြင့် တည်ဆောက်၍မရနိုင်။ ရုပ်ဝတ္ထုဖွံ့ဖြိုးမှုသက်သက်သည် ရေရှည်ဖွံ့ဖြိုးမှုကို မဖော်ဆောင်နိုင်။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်များအပေါ် အခြေခံသည့်စနစ်ဖြင့် ပြုပြင်ပြောင်းလဲတည်ဆောက် နေချိန်ဖြစ်သည်။

လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်မှ စတင်ခဲ့ပါသည်။ စနစ်ပြောင်းကာလဖြစ်သည့် ၁၉၈၈ ခုနှစ်တွင် စီမံကိန်း ရပ်ဆိုင်းသွားခဲ့ရသည်။ ထိုစဉ်က လူရည်ချွန်ရွေးချယ်မှုအဆင့်သည် အခြေခံကျောင်းများတွင် သတ္တမတန်းမှစ၍ ရွေးချယ်ကာ တက္ကသိုလ်နောက်ဆုံးနှစ်အထိဖြစ်သည်။ သင်္ချာထူးချွန်ကျောင်းသားများ ပါဝင်သည်ကိုလည်း တွေ့ရ၏။

လူရည်ချွန်ဆိုသည်မှာစာသင်ခန်းအတွင်း အထူးချွန်ဆုံးကျောင်းသား ကျောင်းသူဖြစ်ရုံသာမက အားကစား၊ ဗဟုသုတ၊ ဉာဏ်စမ်းစသည့် စစ်ဆေးမှုများတွင်လည်း အသာလွန်ဆုံးသူများဖြစ်ကြပါသည်။မြို့နယ်တွင် အရွေးချယ်ခံရရုံဖြင့် လူရည်ချွန်မဖြစ်သေးပါ။ ခရိုင်အဆင့်/တိုင်းဒေသကြီးအဆင့်အထိ ယှဉ်ပြိုင်ကြရပါသည်။ တစ်နှစ်လျှင် လူရည်ချွန်ကျောင်းသား ၃၀၀ ခန့်ရွေးချယ်၍ အင်းလေး(ခေါင်တိုင်) စခန်း၊ ငပလီ(ရွှေဝါချိုင်) စခန်းများသို့အပန်းဖြေရန် အသီးသီးစေလွှတ်ခဲ့ပါသည်။ လူရည်ချွန်ရွေးချယ်ခံရသည့် ကျောင်းမှာဆိုလျှင် အလွန်ပင် မျက်နှာပန်းပွင့်ပါသည်။

ယမန်နှစ် ၂၀၁၃ မှစ၍ လူရည်ချွန်စီမံကိန်းများ ပြန်လည်အသက်ဝင်လာသည်ကို တွေ့ရ၏။ ယခုတစ်ဖန်ပြန်လည်မွေးဖွားလိုက်သည့် စီမံကိန်းမှာ ဘက်စုံပညာထူးချွန်ကျောင်းသား ဖြစ်သည်။ အသွင်သဏ္ဌာန်အမည်နာမအားဖြင့် ပြောင်းလဲသွားသော်လည်း အနှစ်သာရမှာ လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုပေါ်ထွန်းလာစေမည့် စီမံကိန်းပင်ဖြစ်ပါသည်။

စင်စစ်နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အုတ်သံသဲကျောက်တို့ရှိရုံဖြင့် တည်ဆောက်၍ မရနိုင်။ ရုပ်ဝတ္ထုဖွံ့ဖြိုးမှု သက်သက်သည် ရေရှည်ဖွံ့ဖြိုးမှုကို မဖော်ဆောင်နိုင်။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်များအပေါ် အခြေခံသည့်စနစ်ဖြင့် ပြုပြင်ပြောင်းလဲတည်ဆောက်နေချိန်ဖြစ်သည်။ ထိုအချိန်တွင် မိမိတို့နိုင်ငံအတွင်းမှ လူသားအရင်းအမြစ်များ မှန်မှန်ကန်ကန် တိုးတက်ပွားများနိုင်ရန် လိုပါသည်။

၁၉၆၄ မှ ၁၉၈၈ ခုနှစ်အတွင်း လူရည်ချွန်ဦးရေမှာ ၅၁၅၃ ဦးအထိ ရှိခဲ့ပါသည်။ ယင်းတို့အထဲမှာ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးထမ်းပိုးခဲ့သူများကို ရှာဖွေစစ်တမ်းထုတ်ချက်များအရဆိုလျှင် အခြေခံအဆင့်မှ နိုင်ငံတော်အဆင့်ထိ ပေါက်မြောက်အောင်မြင်ခဲ့သည်ကို တွေ့ရ၏။ဆိုလိုသည်မှာ ထူးချွန်ထက်မြက်သူများ (လူရည်ချွန်များ)သည် ကိုယ်စွမ်းကိုယ်စ၊ဉာဏ်ရည်ဉာဏ်သွေးမြင့်သူများပီပီ လူ့အဖွဲ့အစည်းများ၏အကျိုးကို တစ်ထောင့်တစ်နေရာမှ ပေါ်လွင်ထင်ရှားစွာ အကျိုးပြုနိုင်ကြသူများဖြစ်သည်မှာ ငြင်းဖွယ်ရာမရှိပေ။

ယခုဘက်စုံပညာထူးချွန်ကျောင်းသားစီမံကိန်းသည် ယခင် လူရည်ချွန်စီမံကိန်းနှင့် ကွာခြားမှုကြီးကြီးမားမား မတွေ့ရပါ။ ကွာခြားချက်မှာ သတ္တမတန်းမပါဝင်ခြင်း၊ တိုင်းအဆင့်မယှဉ်ပြိုင်ရခြင်း၊ ခရိုင်အဆင့်တွင် မြို့နယ်ဦးရေအလိုက် လူဦးရေသတ်မှတ်ခြင်းနှင့် ကျား၊မခွဲခြားမှုမရှိဘဲ တန်းတူညီမျှအခွင့်အရေးပေးထားခြင်း ဖြစ်သည်။ ထို့ပြင် ရွေးချယ်သည့် ဦးရေအနေဖြင့် ယခင်က ကျား/မစုစုပေါင်း တစ်နိုင်ငံလုံးတွင် ၃၀၀ ခန့်သာရှိသော်လည်း ၂၀၁၃ ခုနှစ်တွင် ၅၁၀ နှင့် ၂၀၁၄ ခုနှစ်တွင် ၅၂၅ ဦးအထိ ရွေးချယ်ထားသည်ကို တွေ့ရသည်။ အပန်းဖြေစခန်းအဖြစ် ပုဂံ၊အင်းလေးဒေသနှင့် ငွေဆောင်ကမ်းခြေတို့သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ပြန်လည်မွေးဖွားလာသည့် "ဘက်စုံပညာထူးချွန်ကျောင်းသား"စီမံကိန်းပြန်လည်စတင်နိုင်ခဲ့၍ ဝမ်းမြောက်ဝမ်းသာကြိုဆိုမိခဲ့ပါသည်။ သို့သော်လည်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဆုံးပါးသွားခြင်း၊ ဒုဝန်ကြီး အနားယူခြင်းစသည်တို့၏ နောက်ကွယ်တွင် ယင်းစီမံကိန်းများ ဆက်လက်လုပ်ရန် စီစဉ်ညွှန်ကြားမှုများ မရှိကြောင်း စသည်ဖြင့် မီဒီယာအချို့တွင် ဖတ်ရှုရသောအခါ အတန်ပင် စိတ်ပျက်သွားမိပါသည်။ လက်ဆင့်ကမ်းသယ်ဆောင်ရမည့် ဤကဲ့သို့သော စီမံကိန်းမျိုးကို အဘယ်ကြောင့်လက်လွတ်စပယ် ဖြတ်တောက်ပစ်ကြသနည်းဟု စိတ်ပူပန်ခဲ့သည်။ သို့သော် ယခုအခါတွင် ယင်းသတင်းရေးသားချက်များသည် ကောလာဟလများသဖွယ် လေထဲတွင်ပျက်ပြယ်သွားခဲ့လေပြီ။ မကြာခင်ရက်ပိုင်းအတွင်း ဘက်စုံထူးချွန်မောင်မယ်များ စခန်းဝင်ကြတော့မည် ဖြစ်သည်။

ထို့ကြောင့်ယခုရွေးချယ်ခံလိုက်ရသည့် ကျောင်းသား ကျောင်းသူများသည် ဘက်စုံပညာထူးချွန်သည့် လူရည်ချွန် လူရည်မွန်ကလေးများပင် ဖြစ်ပါသည်။ မိမိတို့တတ်စွမ်းသည့် အသိဉာဏ်ပညာဖြင့် တိုင်းပြည်နှင့်လူမျိုး၏ အကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးနိုင်ကြပါလိမ့်မည်။ ကျန်ခဲ့သည့် ညီငယ်၊ညီမငယ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများကလည်း အားကျအတုယူကာ ဘက်စုံထူးချွန်သော ကျောင်းသားများအဖြစ် အနာဂတ်၏ သားကောင်းရတနာများဟူသော ဘွဲ့ထူးဂုဏ်ထူးကို ရယူနိုင်ရန် အပတ်တကုတ် ကြိုးပမ်းအားထုတ်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။ ။

သီပေါမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေး

သီပေါ မေ ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကို မေ ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ သီပေါမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

မြို့ရေရရှိရေးကိစ္စနှင့် ပတ်သက်၍ သီပေါမြို့သမိုင်းကြောင်းသည် ဖာဖိတ်ဆည်ကြီးမှ ရေဖြင့် မြို့နယ်အတွင်းရှိ အဓိကကျသော ချောင်းလေးချောင်းရှိရာ တောင်မြို့ချောင်း၊ လားရှိုးလမ်းချောင်း၊ အောင်သပြေလမ်းချောင်းနှင့် လမ်းမတော်လမ်းချောင်းတို့တွင် ရေစီးရေလာကောင်းပါမှ မြို့တွင်းရှိရေတွင်း၊ ရေကန်နှင့်မြောင်းသွယ်များ ရေရရှိမည် ဖြစ်သဖြင့် ခန်းနေသော ချောင်း၊ မြောင်းများကို ပြန်လည်တူးဖော်ပြီးရေစီးရေလာကောင်းအောင် ဆောင်ရွက်မှသာ ရေကိစ္စ စိတ်အေးရမည်ဖြစ်ကြောင်း အနောက်ရပ်ကွက်မှ မြို့မိမြို့ဖ ဦးခင်မောင်ညိုက တင်ပြဆွေးနွေးသည်။

ထို့နောက် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

စိုင်း(သီပေါ)

မိတ္ထီလာ သီးကုန်း (၂၇၅) မိုင်ရောက် လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုကြိုဆို

မိတ္ထီလာ မေ ၂၆

မန္တလေးမှ ပုဂံအပန်းဖြေစခန်းသို့ သွားရောက်ပြီး လေ့လာရေးခရီးစဉ် ဆောင်ရွက်မည့် အမှတ်(၂)အခြေခံပညာဦးစီးဌာန အဌမတန်းဘက်စုံ ထူးချွန်လူရည်ချွန် ကျောင်းသားကျောင်းသူများအဖွဲ့သည် မေ ၂၆ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ က မိတ္ထီလာမြို့ သီးကုန်း(၂၈၅)မိုင် ယာဉ်ရပ်နားစခန်းသို့ ရောက်ရှိလာရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ခေတ္တခရိုင်ပညာရေးမှူး ဦးသက်လေးဦး၊ မြို့နယ်ပညာရေးမှူး၊ ခရိုင်/မြို့နယ် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုပန်းကမ်း၍ ကြိုဆိုကြကြောင်း သိရသည်။

အဆိုပါ ပုဂံအပန်းဖြေစခန်းသို့ ခရီးထွက်ခွာသွားရောက်မည့် လူရည်ချွန်ကျောင်းသား ကျောင်းသူအဖွဲ့တွင် ကျောင်းသား ကျောင်းသူ ၁၇၆ ဦး ပါဝင်ပြီး တာဝန်ခံကြီးကြပ်သူနှင့် ကြီးကြပ်သူအဖွဲ့ဝင် ၄၀ ခန့် ပါဝင်သည်။ Famous စားသောက်ဆိုင်တွင် နေ့လယ်စာ စားသောက်ပြီးနောက် ပုဂံညောင်ဦးဒေသသို့ ခရီးဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

(ချမ်းသာ-မိတ္ထီလာ)

လူရည်ချွန်ဟောင်းကြီးများနှင့် ဘက်စုံပညာထူးချွန်လူငယ်များ တွေ့ဆုံ

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံတစ်ဝန်းရှိ အစိုးရအထက်တန်းကျောင်းများမှ ၂၀၁၄ ခုနှစ် နဝမတန်းနှင့် ဒသမတန်းဘက်စုံပညာ ထူးချွန်လူငယ်များနှင့် ၁၉၆၄-၁၉၈၈ လူရည်ချွန်ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို မေ ၂၅ ရက် ည ၇ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အထက(၁) စွမ်းအားခန်းမဆောင်ကြီး၌ ကျင်းပသည်။ ၂၀၁၄ ခုနှစ် ဘက်စုံပညာ ထူးချွန်သူ ဒသမတန်း လူငယ်မောင်မယ် ၁၇၄ ဦးတို့အား ပုသိမ်ငွေဆောင်ကမ်းခြေသို့လည်းကောင်း၊ နဝမတန်း ဘက်စုံပညာထူးချွန်သူ လူငယ်မောင်မယ် ၁၇၅ ဦးတို့အား တောင်ကြီး၊ အင်းလေးသို့လည်းကောင်း အပန်းဖြေခရီးစဉ်အဖြစ် မထွက်ခွာမီ လူရည်ချွန်ဟောင်းကြီးများ တွေ့ဆုံဂုဏ်ပြုကြိုဆိုပွဲပင်ဖြစ်သည်။ တွေ့ဆုံပွဲသို့ ဘက်စုံပညာထူးချွန်မောင်မယ် ၃၄၉ ဦးနှင့် လူရည်ချွန်ဟောင်းကြီးများ၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အထက(၁)လမ်းမတော် ကျောင်းအုပ်ဆရာကြီး ဦးစိန်ထွေးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး သဘာပတိ(၁၉၆၄-၁၉၈၈)လူရည်ချွန်ကျောင်းသား ကျောင်းသူဟောင်းများအဖွဲ့ အတွင်းရေးမှူး ဦးကျော်ဌေးက မျိုးဆက်သစ် ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များအား ဝမ်းမြောက်ဂုဏ်ပြုအမှာစကား ပြောကြားသည်။(အပေါ်ပုံ)

ထို့နောက် လူရည်ချွန်ကျောင်းသား ကျောင်းသူဟောင်းများက မျိုးဆက်သစ်ဘက်စုံပညာ ထူးချွန်လူငယ်မောင်မယ်များအား ဂုဏ်ပြုလက်ဆောင်များအသီးသီးပေးအပ်ချီးမြှင့်ဂုဏ်ပြုကြသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ပညာ) ဒေါ်စန်းစန်းရီအား လူရည်ချွန်ကျောင်းသူဟောင်း ဒေါ်နှင်းက လူရည်ချွန်အထိမ်းအမှတ်အလံကို လက်ဆောင်ပေးအပ်သည်။ ဘက်စုံပညာထူးချွန် (နှစ်ထပ်ကွမ်း) မောင်စိုးပြည့်မောင် အထက(၂)(ပုသိမ်)နှင့် မနှင်းဦးဝတ်ရည် အထက(ဗဟန်း)တို့က ဘက်စုံပညာထူးချွန် ရွေးချယ်ခံရပုံတို့ကို ရှင်းပြပြီး လူရည်ချွန်ဟောင်း ဒေါက်တာဒေါ်သူဇာရှိန်က ဂုဏ်ပြုဝမ်းမြောက်ကျေးဇူးတင်စကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ ဘက်စုံပညာထူးချွန်လူငယ်များသည် မေ ၂၆ ရက်မှ စတင်၍ အပန်းဖြေခရီးထွက်ခွာသွားကြမည်ဖြစ်သည်။ **(၃၂)**

ဘက်စုံပညာထူးချွန်လူငယ်များ ပုသိမ်မြို့သို့ ရောက်ရှိ

ပုသိမ် မေ ၂၆

ပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒသမတန်း ဘက်စုံပညာထူးချွန်လူငယ်များသည် အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ပညာ)၊ ငွေဆောင်အပန်းဖြေစခန်း တာဝန်ခံ၊ စခန်းမှူးဦးအောင်မြင့်တို့ဦးဆောင်၍ ကြီးကြပ်သူများ၊ တာဝန်ခံဆရာ ဆရာမများ လိုက်ပါလျက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ မေ ၂၆ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ရောက်ရှိလာရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမောင်မောင်ဝင်း၊ လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးအေးကျော်တို့က ပုသိမ်ဟိုတယ်တွင် ကြိုဆိုကြသည်။

ရှေးဦးစွာ တွေ့ဆုံပွဲတွင် အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ပညာ)၊ ငွေဆောင်အပန်းဖြေစခန်း တာဝန်ခံ စခန်းမှူး ဦးအောင်မြင့်က မိတ်ဆက်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမောင်မောင်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် နံနက်စာအတူသုံးဆောင်ကြပြီး မွန်းလွဲပိုင်းတွင် ငွေဆောင်အပန်းဖြေစခန်းသို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

အဖွဲ့တွင် အုပ်ချုပ်သူ ၁၈ ဦး၊ ကြီးကြပ်ဆရာမ ၁၂ ဦးနှင့် ထူးချွန်ကျောင်းသား ၈၈ ဦး၊ ကျောင်းသူ ၈၆ ဦးတို့ လိုက်ပါလာကြသည်။ မေ ၂၆ ရက်မှ မေ ၄ ရက်အထိ ငွေဆောင်ကမ်းခြေတွင် အပန်းဖြေအနားယူခြင်း၊ ဒေသန္တရဗဟုသုတရှာခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါအဖွဲ့တွင် နှစ်ထပ်ကွမ်း ထူးချွန်ကျောင်းသား ၃၄ ဦးနှင့် ထူးချွန်ကျောင်းသူ ၃၆ ဦးလိုက်ပါလာကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဘက်စုံပညာထူးချွန်ကျောင်းသားကျောင်းသူများ အင်းလေးအပန်းဖြေစခန်းသို့ ရောက်ရှိ

ညောင်ရွှေ မေ ၂၆

၂၀၁၄ ခုနှစ် နဝမတန်းဘက်စုံပညာထူးချွန်လူငယ် ကျောင်းသား ကျောင်းသူ ၁၇၃ ဦးသည် ရှမ်းပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးချစ်ဆွေ ဦးဆောင်ကြီးကြပ်လျက် မေ ၂၆ ရက် ညနေ ၅ နာရီတွင် ဘက်စုံပညာထူးချွန်လူငယ် အပန်းဖြေစခန်း(အင်းလေး)သို့ ရောက်ရှိလာကြောင်း သိရသည်။

ဘက်စုံပညာ ထူးချွန်လူငယ် ကျောင်းသားကျောင်းသူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်း၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

ညပိုင်းတွင် ဘက်စုံပညာထူးချွန်လူငယ် ကျောင်းသား ကျောင်းသူများကို တိုင်းရင်းသားယဉ်ကျေးမှုပဒေသာကပွဲများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(နေမျိုးသူရိန်)**

ရွှေတောင်သုတေသနခြံနှင့် မြနဒီသရက်စိုက်ပျိုးရေးခြံများဖြစ်ထွန်းအောင်မြင်

နေပြည်တော် မေ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွှေတောင်သုတေသန မျိုးပွားခြံရှိ ပုလဲသွယ်စပ်မျိုး F1မျိုးစေ့ထုတ် ဧက ၅၀၀ စိုက်ကွင်းများ၊ ငွေချည်(၆)နှင့် ရွှေတောင်(၈) စပ်မျိုးဝါသီးနှံမျိုးစေ့ထုတ်စိုက်ကွင်းများ၊ ရေဆင်း(၁)နေကြာသီးနှံမျိုးစေ့ထုတ်စိုက်ကွင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေကြာသီးနှံ ရေဆင်း(၁) F1 စပ်မျိုး မျိုးစေ့ထုတ်စိုက်ကွင်း၊ ပုလဲသွယ်စပ်မျိုး မျိုးစေ့ထုတ် ဧက ၅၀၀ စိုက်ကွင်း၊ ပုလဲသွယ်စပ်မျိုးစပါး GW-1 မျိုးဧက ၁၀၀ F1 စိုက်ကွင်းတို့ကို ကြည့်ရှုအားပေးပြီး သုတေသနခြံရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးက မှာကြားရာတွင် နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံမှ ပညာရှင်များ၊ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ တိုးတက်အောင်ကြိုးပမ်းဆောင်ရွက်နေမှုများကို နိုင်ငံတော်အစိုးရကိုယ်စား၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးနှင့် နိုင်ငံ့စားနပ်ရိက္ခာဖူလုံရေးအတွက် စပ်မျိုးသီးနှံ အရေးပါမှုသည် မိမိတို့နိုင်ငံ၏ မဖြစ်မနေလိုအပ်ချက်ဖြစ်ကြောင်း၊ အခြားသောနိုင်ငံများက စပ်မျိုးစပါး အပါအဝင် စပ်မျိုးသီးနှံများကို ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ခြင်းဖြင့် ထိုနိုင်ငံများ၏ စားနပ်ရိက္ခာနှင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့်ဝင်ငွေကို ထိရောက်စွာ အောင်မြင်နေမှုများကို နမူနာယူပြီး မိမိတို့အမီလိုက်နိုင်ရန် ကြိုးစားကြစေလိုကြောင်း။

ပညာရှင်များကလည်း မိမိတို့တတ်မြောက်ထားသော ပညာရပ်များ ပိုမိုတိုးတက်အောင်မြင်အောင် စိုက်ကွင်းများအတွင်း သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဟန်ချက်ညီစွာ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ရရှိလာသောရလဒ်ကောင်းများပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စပ်မျိုးစပါး၏ အရည်အချင်းလက္ခဏာများနှင့် စပ်မျိုးစပါး၏ အထွက်နှုန်းကောင်းမွန်မှု၊ စားသုံးမှုအရည်အသွေးကောင်းမွန်မှု၊ ဈေးကွက်ဝင်မှုတို့ကို တောင်သူလယ်သမားများ ပိုမို၍ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် နည်းလမ်းရှာဖွေ၍ ဆက်လက်အရှိန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝမ်းတွင်းမြို့နယ် ရာသချာ ကျေးရွာအုပ်စုအနီးရှိ ပုလဲသွယ်စပ်မျိုးစပါး ဧက ၂၀၀ စိုက်ကွင်းရှိ စပါးပင်များ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မြစ်သားမြို့နယ် မြနဒီသရက်ဉယျာဉ်ခြံ၌ ခင်းကျင်းပြသထားသော အောင်ဒင်မျိုး၊ စိန်တလုံးမျိုး၊ ရွှေဟင်္သာမျိုး၊ ပတ္တမြားငမောက်မျိုး၊ R2E2 မျိုး၊ နန်းတော်မှိုင်းနှင့် မြကျောက်သရက်မျိုးများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့နယ် ကုလရွာအနီးရှိ ဆင်းရတနာ(၄) နွေနှမ်းစံပြ ဧက ၁၀၀ အထူးဇုန်ရှိ နွေနှမ်းပင်များ၊ ပြည်ပန်းကျေးရွာရှိ ပုလဲသွယ် စပ်မျိုးစပါးဧက ၁၀၀ စိုက်ကွင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်သယံဇာတနှင့်ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီနှင့် ရခိုင်ပြည်နယ်သံတွဲမြို့ ဒေသခံပြည်သူလူထုတို့ တွေ့ဆုံဆွေးနွေးစဉ်။ (စွမ်းအင်)

စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီနှင့် ရခိုင်ပြည်နယ်သံတွဲမြို့ ဒေသခံပြည်သူလူထု တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ စွမ်းအင်သယံဇာတနှင့်ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် ဆပ်ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများလိုက်ပါပြီး မေ ၂၅ ရက်တွင် ရခိုင်ပြည်နယ် သံတွဲမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမတွင် ပြည်နယ်ဆပ်ကော်မတီဝင်များ၊ မြို့မိမြို့ဖ/ မြို့နယ်အထောက်အကူပြုလုပ်ငန်းကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပြီး ဒုတိယဝန်ကြီးက နိုင်ငံတော်မှ Delivery Unit များ တာဝန်ပေးအပ်ပြီး ဒေသခံပြည်သူလူထု၏ ဆန္ဒသဘောထား၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပေးဆွေးနွေးမှုများ ဝိုင်းဝန်းတင်ပြချက်များအပေါ် ချက်ချင်းဆောင်ရွက်ရန်ရှိသည်များ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်နှင့် အခြားဝန်ကြီးဌာနများနှင့် အပြန်အလှန် ဆွေးနွေးရန်ရှိပါက ဆောင်ရွက်ပေးရန်လာရောက်ခြင်း ဖြစ်ကြောင်း ဒေသခံပြည်သူလူထု အနေဖြင့် မိမိတို့ဆန္ဒ၊ လိုအပ်ချက်၊ အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြခြင်းဖြင့် ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆပ်ကော်မတီအနေဖြင့် ဒေသခံ မြို့မိမြို့ဖ အထောက်အကူပြုကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးသော မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်မီးရရှိရေးကိစ္စများ၊ ကျေးရွာများသို့ လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်ရန်ကိစ္စများ၊ စက်သုံးဆီဖြန့်ဖြူးပေးမှုအခြေအနေများ၊ သတ္တုသယံဇာတဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းကျေးရွာများ သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ရန်ကိစ္စများ၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရေးဆိုင်ရာ ကိစ္စများကို အပြန်အလှန် ဆွေးနွေးဖြေရှင်းပေးခဲ့ပြီး ဆပ်ကော်မတီဥက္ကဋ္ဌမှ ဒေသခံပြည်သူလူထုအနေဖြင့် ဆက်လက်မေးမြန်းဖြေရှင်းပေးရန်နှင့်အကြံပြုချက်များပေးရန်ရှိပါက ဆပ်ကော်မတီသို့ အီးမေးလ်၊ ဖက်စ်၊ ဖုန်းဖြင့် ဆက်သွယ်နိုင်ကြောင်း၊ လိုအပ်သလို ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

လှိုင်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၂၆

လှိုင်မြို့နယ် (၁၃)ရပ်ကွက်၌ မွေ့ရာ၊ ခေါင်းအုံးလုပ်ငန်းလုပ်သည့် အိမ်မှ မီးစတင်လောင်ကျွမ်းရာ အိမ်ခြောက်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၆ ရက် ညနေ ၃ နာရီ ၇ မိနစ်က ပန်းခြံကျောင်းလမ်းနှင့် သီရိမြိုင် (၆)လမ်းထိပ်ရှိ အမှတ် (၁၉/အေ) ဦးဝင်းကြိုင်(၆၆)နှစ် နေအိမ်အပေါ်ထပ်၌ တပ်ဆင်ထားသည့် အိတ်ဇောဖန်မော်တာမှ ဂျန့်ဖြစ်၍ အပူလွန်ကဲကာ မီးစတင်လောင်ခဲ့ပြီး ပတ်ဝန်းကျင်နေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် တာဝန်ရှိသူများနှင့်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် ၂၉ စီး၊ အထောက်အကူပြုယာဉ်သုံးစီး၊ အုပ်ချုပ်မှုယာဉ်သုံးစီးတို့ဖြင့် ငြိမ်းသတ်ရာ ညနေ ၃ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းခဲ့သည်။

"မီးလောင်တယ်လို့ အသံကြားတော့ အပြင်ထွက်ကြည့်တာ မီးတောက်ကြီးတွေကို ရုတ်တရက်မြင်လိုက်ရလို့ အရမ်းလန့်သွားတယ်။ ကျွန်မတို့ အိမ်ဘေးတင်လောင်နေတာ ဘာလုပ်လို့ ဘာကိုင်ရမှန်းလည်း မသိတော့ဘူး။ ပစ္စည်းလည်းယူချိန်မရလိုက်ဘူး။ အဲဒီအိမ်က မှို့လုပ်ငန်း၊ လုပ်တာ။ လောင်တာက ညှော်နံ့လည်းမရဘူး။ ပတ်ဝန်းကျင်က သိတော့ မီးညွှန့်ကတော်တော်အရှိန်ရနေပြီ။ မီးထဲပါသွားတဲ့အိမ်တွေကတော့ ဘာပစ္စည်းမှ သယ်လိုက်နိုင်မှာမဟုတ်ပါဘူး"ဟု အမျိုးသမီးတစ်ဦးက ပြောပြသည်။

"မီးလောင်တာ ခဏလေးပေမယ့် အိမ်တွေကအရမ်းကပ်တော့ မီးကူးစက်လွယ်တာပေါ့။ မီးစတင်လောင်တဲ့အိမ်က မှို့လုပ်ငန်းလုပ်တဲ့အိမ်လို့ပြောတယ်။ မှို့တွေဆိုတော့ မီးလောင်မြန်တာပေါ့။ မီးအရှိန်ကတော်တော်ပြင်းတယ်။ အနားသိပ်ကပ်လို့ မရဘူး။ ကားအဝင်အထွက်လမ်းတွေ ကောင်းတာရယ်။ မီးသတ်ရေကန်နဲ့ ရေမြောင်းတွေအပြင် မီးငြိမ်းသတ်ဖို့ ရေကိုအလွယ်တကူရလို့ အချိန်မီ ငြိမ်းသတ်နိုင်ခဲ့တာပါ"ဟု လှိုင်မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်က ပြောသည်။

ယင်းမီးလောင်မှုကြောင့် သွပ်မိုးပျဉ်ထောင်နှစ်ထပ်အိမ် ခြောက်လုံး မီးလောင်ခဲ့ပြီး နေအိမ်တစ်ခြမ်းမီးဟပ်ခံရခဲ့ရသဖြင့် မီးလောင်ဆုံးရှုံးမှုတန်ဖိုး ၂၅ သိန်း ခုနစ်သောင်းကျပ် ဆုံးရှုံးခဲ့သည်။ ထိုမီးလောင်မှုကြောင့် အိမ်ထောင်စုခြောက်စု အိုးအိမ်မဲ့ဖြစ်ခဲ့ရသဖြင့် ယာယီမီးဘေးကယ်ဆယ်ရေးစခန်းကို အဆိုပါရပ်ကွက်ရှိ အမှတ် (၁၁) အခြေခံမူလတန်းကျောင်း၌ ဖွင့်လှစ်ထားသည်။

မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း လျှပ်စစ်မီးကိုပေါ့ဆစွာ အသုံးပြုသဖြင့် အိမ်ရှင်ဦးဝင်းကြိုင်အား လှိုင်မြို့နယ် (မြို့မ)ရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၀၁၇)

အလုံမြို့နယ်၌ နှစ်ထပ်တိုက်ဟောင်းဖျက်ရာမှ တိုက်ပြိုကျ

ရန်ကုန် မေ ၂၆

အလုံမြို့နယ် ဌာနာရပ်ကွက် အလုံလမ်းရှိ နှစ်ထပ်တိုက်အားဖျက်ရာမှ မေ ၂၆ ရက် ညနေ ၄ နာရီက ရှေ့ဝရန်တာ အလျားပေ ၄၀ ခန့်ရှိ မီးခံတန်းမှာပြိုကျပြီး တိုက်ဖျက်သူအလုပ်သမားများဖြစ်ကြသော တရုတ်ကြီး(ခ) သက်နိုင်ဖြိုး (၁၉)နှစ် သဇင်လမ်းတာကြီးရပ်ကွက် ဒလမြို့နယ်၊ ချစ်စန်း(၂၆)နှစ် သဇင်လမ်း တာကြီးရပ်ကွက် ဒလမြို့နယ်နှင့် အောင်လင်း(၂၀)နှစ် အလုပ်သမား သဇင်လမ်းတာကြီးရပ်ကွက် ဒလမြို့နယ်နေသူတို့ သုံးဦးအနက် အောင်လင်းမှာ အုတ်အပိုင်းအစထိမှန်ပြီး ရန်ကုန်ဆေးရုံကြီးသို့ညနေ၄ နာရီမိနစ် ၂၀ တွင်ပို့ဆောင်ခဲ့ရာ ယာနားထင်ပေါက်ပြဲ၊ ယာပါး ပွန်းပဲ့၊ နှာခေါင်းသွေးထွက်၊ ဝဲဒူး/ဝဲခြေသလုံးပွန်း၊ အတွင်းလူနာ(စိုးရိမ်ရ)ဖြင့် ဆေးကုသလျက်ရှိပြီး တရုတ်ကြီး(ခ) သက်နိုင်ဖြိုးနှင့်ချစ်စန်းတို့ နှစ်ဦးအား ညနေ ၅ နာရီ၃၅ မိနစ်တွင် အုတ်ပုံကြားမှကယ်ထုတ်ခဲ့ရာ သေဆုံးလျက် ရန်ကုန်ဆေးရုံကြီးသို့ပို့အပ်ခဲ့ကြောင်းနှင့် သေဆုံးမှုအတွက် အလုံမြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၄/၂၀၁၄ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်အတူ အလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးဝင်းကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းရွှေ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အလုံမြို့နယ် (၁၁)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးတို့ ရောက်ရှိလာပြီးကယ်ဆယ်ရေး လုပ်ငန်းများ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တင်မောင်ဦး(အလုံ)

❖ **မြန်မာအမျိုးသမီးမှ**

အကုန်လုံးတော့ မေ့ကုန်ကြပြီပေါ့နော်။ ကျွန်မအနေနဲ့ ပထမတော့ Bluebird မှန်းမသိ၊ ကင်းထောက်မှန်းမသိ၊ ကျွန်မတော်တော် ဝေဝေဝါးဝါးကိုဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် တီချယ်က ပြောပါတယ်။ ကျွန်မတို့က ကင်းထောက်တွေဖြစ်ခဲ့တယ်ဆိုတဲ့အတွက် ကင်းထောက်တွေရဲ့ လိုတဲ့ဟာတွေအကုန်လုံးကို ပြန်လည်လေ့လာဖို့လိုတယ်လို့ ထင်တဲ့အတွက် ပထမဆုံးအခမ်းအနားလေးကို နေပြည်တော်မှာ သွားရောက်ပြီးတော့ ပြုလုပ်ပါတယ်။ ကလေးတွေနဲ့အတူ ကျွန်မ ရန်ကုန်ကနေ မီးရထားနဲ့ လိုက်သွားပါတယ်။ လိုက်သွားပြီးတော့ ဟိုမှာလည်း ကလေးတွေနဲ့အတူနေပြီး စခန်းချတဲ့နေရာတွေ အကုန်လုံးကိုလိုက်ပြီးတော့ အတွေ့အကြုံယူပါတယ်။

အဲဒီခရီးစဉ်မှာပဲ သမ္မတကြီးက ကျွန်မတို့တွေကို ဒီဘက်စုံ လူရည်ချွန်များနဲ့အတူ ညစာစားပွဲလေး ပြုလုပ်ပေးပါတယ်။

ကျွန်မတို့တွေက လာမယ့် ဇူလိုင်လမှာ (၃၅)နှစ်မြောက် ကမ္ဘာ့ကင်းထောက်ညီလာခံကို သွားပြီးတော့ Associate Membership ရရှိဖို့ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလို Associate Membership ရရှိဖို့ ကျွန်မတို့မြန်မာနိုင်ငံမှာ ကင်းထောက်အဖွဲ့ရဲ့အုပ်ချုပ်ပုံ ဥပဒေက လိုအပ်ပါတယ်။ အုပ်ချုပ်ပုံဥပဒေရေးဆွဲဖို့ကိုလည်း ဥပဒေအသစ်ပြဋ္ဌာန်းပြီး ရေးဆွဲပါတယ်။ ကမ္ဘာ့ကင်းထောက်အဖွဲ့ရဲ့ လမ်းညွှန်ချက်တွေ၊ နိုင်ငံတကာကင်းထောက်တွေရဲ့ ဥပဒေမူကြမ်းတွေ၊ ဥပဒေတွေ၊ မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသားကင်းထောက်အဖွဲ့ရဲ့ ဥပဒေတွေကို လေ့လာပြီးတော့မှ ကျွန်မတို့အမှူးဆောင်ကင်းထောက်အမျိုးသမီးတွေ အားလုံးပေါင်းပြီး ရေးဆွဲခဲ့ပြီးဖြစ်ပါတယ်။ အဲဒီရေးဆွဲထားတဲ့ Constitution ကို ကျွန်မတို့တွေ ရှေ့နေချုပ်ရုံးကို တင်ရပါမယ်။ ရှေ့နေချုပ်ရုံးကနေ လက်ခံပြီးတဲ့အခါမှာ ပညာရေးဝန်ကြီးဌာနကနေတစ်ဆင့် လွှတ်တော်ကို တင်ရပါမယ်။ လွှတ်တော်က အတည်ပြုပြီးရင် ကျွန်မတို့ ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ရရှိမှာဖြစ်ပါတယ်။

ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံအဖြစ်ရရှိလာရင် ကျွန်မတို့မြန်မာနိုင်ငံမှာရှိတဲ့ ကင်းထောက်အမျိုးသမီးငယ်လေးတွေကလည်း နိုင်ငံခြားကိုသွားပြီး အတွေ့အကြုံရသလို မြန်မာနိုင်ငံကိုလည်း သူတို့နိုင်ငံတွေကနေ လာရောက်ပြီးတော့ အတွေ့အကြုံတွေဖလှယ်ကြမှာဖြစ်ပါတယ်။ အဲဒီလို တွေဖြစ်လာမယ်။ နောက် Training တွေ၊ Program တွေအများကြီး ဖြစ်ပေါ်လာတဲ့အခါ ကျွန်မတို့အတွက် တန်ဖိုးရှိတဲ့အမျိုးသမီးလေးတွေ အများကြီးပေါ်ထွက်လာမှာဖြစ်ပါတယ်။

ဒုတိယကင်းထောက်ချုပ် ဒေါ်စောဥမ္မာ (မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့)

ဒေါ်တင်ညွှန့်ဦး(ပညာရေးကော်မတီဝင်) (မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့)

ဒေါ်မြသန္တာဝင်း (မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့)

မမြတ်ဆုလင်း အထက(၂)လသာ

ဒေါ်တင်ညွှန့်ဦး
(ပညာရေးကော်မတီဝင်)မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့

၁၉၅၁ ခုနှစ်က စတယ်ပေါ့။ အဲဒီကနေစပြီးတော့ အန်တီတို့ Bluebird တွေဖြစ်ခဲ့တယ်။ ၁၀ နှစ်ကျော်၊ ၁၂ နှစ်ကျော်ပိုင်းတွေက Girl Guides တွေဖြစ်ခဲ့တယ်။ အဲဒီအချိန်ကတည်းက အန်တီကကျောင်းမှာ Girl Guides အသင်းဝင်ဖြစ်ခဲ့တယ်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလက သတင်းစာမှာ မြန်မာကင်းထောက်များကို ပြန်လည်ပြီးတော့ ဖော်ထုတ်မယ်ဆိုပြီးပါလာတော့ ၂၀၁၃ ဖေဖော်ဝါရီ ၂၃ ရက်နေ့က စိန်ရတုခန်းမမှာ ပညာရေးဝန်ကြီးအမှူးပြုပြီး ကင်းထောက်အမျိုးသမီး၊ အမျိုးသားတွေကို ပြန်လည်ဖိတ်ခေါ်တယ်။ အဲဒီမှာ အန်တီတို့ ရောက်ခဲ့တယ်။ ပြီးတော့ အဲဒီမှာ အန်တီတို့က သက်ကြီးကင်းထောက်အမျိုးသမီး အသက် ၆၀ ကျော်ပိုင်းပေါ့။ အန်တီတို့ထက်အသက်ကြီးတဲ့သူလည်း ရှိပါတယ်။ အသက် ၇၀ ကျော်ပိုင်းတွေလည်းရှိတယ်။

အဲဒီမှာ ရောက်ပြီးတော့မှ နိုင်ငံတကာက ကင်းထောက်ကြီးတွေလည်း လာကြပါတယ်။ အန်တီတို့အရွယ်တွေပေါ့နော်။ အခုဒီမှာ တွေ့ဆုံနေတဲ့ ကင်းထောက်ကြီးတွေက အဲဒီအခါကျမှ ပြန်တွေ့တဲ့ ကင်းထောက်ကြီးတွေဖြစ်တယ်။ ငယ်ငယ်တုန်းက မသိခဲ့ကြဘူးပေါ့နော်။ အဲဒီတော့မှ သူက ဘယ်ကျောင်းက၊ ကိုယ်က ဘယ်ကျောင်းက ကင်းထောက်အလုပ်တွေလုပ်ခဲ့ကြတယ်ပေါ့။ ငယ်ငယ်က အဲဒီလို အတွေ့အကြုံတွေနဲ့ ရောက်လာတာ ဖြစ်ပါတယ်။

ဒေါ်မြသန္တာဝင်း
(မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့)

ကင်းထောက်က အစ်မတို့အမေ လက်ထက်ကတည်းက အစ်မတို့ ငယ်ငယ်က ဝင်ခဲ့တာပါ။ အစ်မတို့ အမေရဲ့ ဓာတ်ပုံတွေကိုကြည့်ပြီးတော့၊ အခုလှုပ်ရှားမှုတွေ တွေ့ပြီးတော့ စိတ်ပါဝင်စားလို့ဝင်ပြီး လုပ်ဆောင်တာပါ။ ဝင်တဲ့နောက်ပိုင်း လှုပ်ရှားမှုတိုင်းမှာလည်း သင်တန်းတွေဖွင့်တိုင်း အစ်မတို့ တက်ရောက်ခဲ့ပါတယ်။

မမြတ်ဆုလင်း
အထက(၂)လသာ

လူမှုရေးလုပ်ငန်းသက်သက်လို့ ခံယူထားပါတယ်။ သူတစ်ပါးတွေကို ကူညီပေးချင်တဲ့စိတ်နဲ့ ဒီသင်တန်းကို တက်ရောက်ခဲ့တာပါ။ မတက်ခင်တုန်းကတော့ နည်းနည်းစိုးရိမ်စိတ်ရှိခဲ့ပါတယ်။ တက်ပြီးတော့ သူတစ်ပါးတွေကို ကူညီချင်စိတ်လည်း ဖြစ်လာပါတယ်။

ယခုအခါ ကျောင်းပေါင်း ၇၈ ကျောင်းမှ အမျိုးသမီးကင်းထောက် ၅၀၀၀ ကျော်ကို မွေးထုတ်ထားပြီး ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံဖြစ်ရန်အတွက်လည်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကင်းထောက်အမျိုးသမီးများ၊ Girl Guides များအနေဖြင့် ကင်းထောက်များ၏ ကတိနှင့် ကျင့်အပ်တဲ့ ဝတ္တရားများကို သစ္စာရှိစွာဖြင့် နေ့စဉ်နေ့တိုင်း သွားလာလုပ်ကိုင်ပြောဆိုသည့် နေရာတွင် သတိချပ်ပါက အမိမြန်မာပြည်ကြီး၏ ဂုဏ်ကျက်သရေကို ဆောင်နိုင်သည့် အမျိုးသမီးရတနာလေးများ ဖြစ်လာမည်ဖြစ်ပါကြောင်း။

ချင်းပြည်နယ်အတွင်း ရေအားလျှပ်စစ်စက်ရုံစီမံကိန်း ၁၁ ခု ထပ်မံအကောင်အထည်ဖော်မည်

ဟားခါး မေ ၂၆

ချင်းပြည်နယ်အတွင်း ၂၀၁၅ ခုနှစ်တွင် တစ်ပြည်လုံးအတိုင်းအတာ၏ ၅၀ ရာခိုင်နှုန်းကျော် လျှပ်စစ်မီးရရှိနိုင်ရန် ရေအားလျှပ်စစ်စက်ရုံစီမံကိန်း ၁၁ ခုကို အကောင်အထည်ဖော်ရည်မှန်းချက်ထားလုပ်ဆောင်နေကြောင်း ချင်းပြည်နယ် လျှပ်စစ်ဝန်ကြီး ဦးကျင်လျန်းပေါင်က ပြောကြားကြောင်း သိရသည်။

ချင်းပြည်နယ်တွင် လက်ရှိအခြေအနေအရပြည်နယ်၏ ၂၅ ရာခိုင်နှုန်းခန့်သာ လျှပ်စစ်မီးပေးနိုင်ပြီး လာမည့် ၂၀၁၅ ခုနှစ်အတွင်း ရေအားလျှပ်စစ်စက်ရုံစီမံကိန်း ၁၁ ခုဖြစ်သည့် ဓာတ်အား ၇၅၀၀ ကီလိုဝပ်အတွက် ကျပ်သိန်း ၉၃၅၀၈ အကုန်အကျခံတည်ဆောက်မည့် ဟားခါးမြို့နယ် ဇွောင်ချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ဓာတ်အား ၇၀၀ ကီလိုဝပ်အတွက် ကျပ်သိန်း ၁၁၁၈၆ အကုန်အကျခံတည်ဆောက်မည့် ဖလမ်းမြို့နယ် လိုင်ဗားထပ်ဆင့်ရေအားလျှပ်စစ်စီမံကိန်း၊ ဓာတ်အား ၁၅၀၀ ကီလိုဝပ်အတွက် ကျပ်သိန်း ၃၀၂၉၅ အကုန်အကျခံတည်ဆောက်မည့် တီးတိန်မြို့နယ် ဘဲလ်တောင်ချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ဓာတ်အား ၁၅၀၀ ကီလိုဝပ်အတွက် ကျပ်သိန်း ၇၄၁၇ အကုန်အကျခံ တည်ဆောက်မည့် တွန်းဇံမြို့နယ် ဖဲလ်းကျင်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ဓာတ်အား ၁၀၀ ကီလိုဝပ်အတွက် ကျပ်သိန်း ၆၂၉၈၅ အကုန်အကျခံ တည်ဆောက်မည့် ကျီခါးမြို့နယ်ခွဲ ကလီချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ဓာတ်အား ၄၀၀ ကီလိုဝပ်အတွက် ကျပ်သိန်း ၁၁၉၀၄၁ အကုန်အကျခံ တည်ဆောက်မည့် မင်းတပ်မြို့နယ် ချီချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ဓာတ်အား ၁၀၀ ကီလိုဝပ်အတွက် ကျပ်သိန်း ၄၁၆၉၄ အကုန်အကျခံ တည်ဆောက်မည့် ပလက်ဝမြို့နယ် ပီချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ဓာတ်အား ၁၂၀၀ ကီလိုဝပ်အတွက် ကျပ်သိန်း ၂၄၄၅၈ အကုန်အကျခံ တည်ဆောက်မည့် မတူပီမြို့နယ် ဘုံလုံ(ဗုံဗား) ရေအားလျှပ်စစ်စီမံကိန်း၊ ဓာတ်အား ၁၀၀ ကီလိုဝပ်အတွက် ကျပ်သိန်း ၆၀၇၁၄ အကုန်အကျခံ တည်ဆောက်မည့် ဆမီးမြို့နယ်ခွဲ ဇီးချောင်းရေအားလျှပ်စစ် စီမံကိန်း၊ ဓာတ်အား ၁၀၀ ကီလိုဝပ်အတွက် ကျပ်သိန်း ၅၃၉၉ အကုန်အကျခံ တည်ဆောက်မည့် ကန်ပက်လက်မြို့နယ် ကိုးလုံးချောင်းရေအားလျှပ်စစ် စီမံကိန်း၊ ဓာတ်အား၁၅၀၀ ကီလိုဝပ်အတွက် ကျပ်သိန်း ၂၇၈၃၁ အကုန်အကျခံ တည်ဆောက်မည့် ကန်ပက်လက်မြို့နယ် ဆောချောင်း ရေအားလျှပ်စစ်စီမံကိန်းတို့အား ထပ်မံ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ချင်းဝေါလ်မီဒီယာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းပြည်နယ် တစ်ဝန်းလုံးအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ ၃ ဒသမ ၈၉၇ မဂ္ဂါဝပ်ဖြစ်ပြီး လက်ရှိအမှန်တကယ် လျှပ်စစ်ဓာတ်အားပေးနိုင်မှုမှာ ၂ ဒသမ ၅၀၆ မဂ္ဂါဝပ်ဖြစ်၍ ဓာတ်အားထပ်မံလိုအပ်မှုမှာ ၁ ဒသမ ၃၉၁ မဂ္ဂါဝပ်ဖြစ်ကြောင်း၊ ယခုအကောင်အထည်ဖော်မည့် ရေအားလျှပ်စစ်စက်ရုံစီမံကိန်း ၁၁ ခု ပြီးစီးပါက ချင်းပြည်နယ်တွင် ရေအားလျှပ်စစ်စက်ရုံ ၃၀ ကျော် ရှိလာမည်ဖြစ်ကြောင်း ချင်းဝေါလ်မီဒီယာမှ သိရသည်။

ဇိုဟေဆာ(ချင်းတောင်ခြေ)

ချောင်းသာတွင် CDMA 800 MHz ဖုန်းများ ပြန်လည်အသုံးပြုနိုင်ပြီဖြစ်

ရန်ကုန် မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ချောင်းသာကမ်းခြေတွင် CDMA 800 MHz မိုဘိုင်းဖုန်းများကို ပြန်လည်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဒေသခံများ၏ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

လွန်ခဲ့သောမတ် ၁၀ ရက်မှစ၍ ၀၉-၃၁××××××၊ ၀၉-၃၆×××××× စသောနံပါတ်များဖြစ်သည့် CDMA 800 MHz မိုဘိုင်းဖုန်းများမှာ ယင်းဒေသတွင် ဆက်သွယ်မှုပြတ်တောက်ခဲ့ပြီး တစ်လကျော်လောက်အကြာ မြန်မာနှစ်သစ်ကူးကာလပြီး နောက်တွင် ပြန်လည်အသုံးပြုနိုင်ပြီဖြစ်သည်။

"အခုလို ပြန်လည်အသုံးပြုနိုင်လို့ ဒေသဖွံ့ဖြိုးရေးအတွက် အများကြီးအထောက်အကူပြုစေပါတယ်"ဟု ချောင်းသာကမ်းခြေဒေသ ရပ်ကွက်အမှတ်(၄)တွင် နေထိုင်သူ တစ်ဦးက ပြောကြားသည်။

ယခုအခါ အဆိုပါဒေသတွင် ကြိုးဖုန်းများ၊ GSM, WCDMA, CDMA 800 MHz,CDMA 450 MHz ဖုန်းများကို အသုံးပြုနိုင်ပြီဖြစ်သလို ဒေသ၏ ဆက်သွယ်ရေးလွယ်ကူချောမွေ့စေကာ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူကောင်းများ ဖြစ်လာစေကြောင်း သိရသည်။ **ထက်ခိုင်(စမ်းချောင်း)**

○ **ရန်ကုန်မှ**

ဆေးရုံကြီး ခုတင် (၁၅၀၀) ပြင်ပလူနာနှင့် အရေးပေါ်ဌာနတို့သို့ သွားရောက်၍ ခွဲစိတ်ခန်းသုံး ပစ္စည်းများ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့အား ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ဆေးရုံပင်မဆောင်ပြုပြင်မွမ်းမံရန် စီစဉ်ထားရှိမှု၊ ဆေးရုံဝင်းအတွင်း ဆေးကုသဆောင်များ တိုးချဲ့တည်ဆောက်နေမှုကိုလည်းကောင်း၊ ဗိသုကာပညာရှင်ဒေါ်နီလာကျော်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၅၀၀)ဝင်းအတွင်း အစာအိမ်နှင့် အူလမ်းကြောင်းရောဂါဌာန (ဒေါ်ပုဆောင်)ပြင်ဆင်နေမှု၊ Operation Theatre Complex ငါးထပ်ဆောင် ဆောက်လုပ်နေမှု၊ အဏုမြူရောင်ခြည်ကုသဌာန၊ Cyclotron Vault and PET/ CT Facilities Building Project တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် လှိုင်မြစ်ကူး အမှတ်(၂)ဘုရင့်နောင်တံတားစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက တံတားတည်ဆောက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် အမှတ်(၂)ဘုရင့်နောင်တံတား တည်ဆောက်နေမှုနှင့် လှိုင်သာယာဘက်ခြမ်း Toll Gate ပြောင်းရွှေ့ဆောင်ရွက်မည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ **ကျောဖုံးမှ**

အာရှဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ရန်အတွက် မြန်မာအမျိုးသမီးအသင်းသည် ဇန်နဝါရီလကတည်းက ပဏာမ ကစားသမား ၂၉ ဦးဖြင့် လေ့ကျင့်ပြင်ဆင်ခဲ့ပြီး တရုတ်နိုင်ငံတွင် ခြေစမ်းပွဲကစားရန်အတွက် ပဏာမကစားသမား သုံးဦးကို လျှော့ချခဲ့သည်။ အာရှဖလားပြိုင်ပွဲကို မေ ၁၄ ရက်မှ ၂၅ ရက်အထိကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းမှာ ကစားသမား ၂၃ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

ခြေစမ်းပွဲများသွားရောက်ကစားမည့် မြန်မာအမျိုးသမီးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်အဖြစ် ကူမာဒါ၊ လက်ထောက်နည်းပြအဖြစ် ဒေါ်သက်သက်ဝင်း၊ ဂိုးနည်းပြအဖြစ် ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် ဂိုးသမား မေခင်ယမင်း၊ မြဖူးငုံ၊ သင်းသင်းစိုး၊ နောက်တန်း စန်းစန်းမော်၊ မြင့်မြင့်အေး၊ ခင်သန်းဝေ၊ ဇာခြည်ဦး၊ အေးအေးမိုး၊ ဝေဝေအောင်၊ ဇင်မာဝင်း၊ မိုးမိုးဝါ၊ ဖူးပွင့်ခိုင်၊ စုစုဝေ၊ အလယ်တန်း သန်းသန်းထွေး၊ ခင်မိုးဝေ၊ နန်းကြေးငုံ၊ မေစံပယ်ဖူး၊ ဝင်းသီဂီထွန်း၊ ရွှေစင်အောင်၊ ရှေ့တန်း ခင်မာလာထွန်း၊ မာဂရက်မေရီ၊ မေသူကျော်၊ ရီရီဦး၊နော်အားလိုဝါးဖော၊ ယွန်းမီမီလွင်နှင့် နီလာဝင်းတို့ပါဝင်ကြသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ခန့်ထားခဲ့သော နေ့စား၊ လပေး မူလတန်းပြ ဆရာ/ဆရာမများ မကြာမီ အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ထားမည်

နေပြည်တော် မေ ၂၆

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် နေ့စား၊ လပေးခန့်ထားခဲ့သော မူလတန်းပြဆရာ၊ ဆရာမများ၏ မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးမွမ်းမံသင်တန်းများကို မေ ၂၂ ရက်က နေပြည်တော် ခြောက်မြို့နယ်တွင် တစ်ပြိုင်နက်တည်းဖွင့်လှစ်ခဲ့ရာ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွက် လယ်ဝေးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)တွင် သင်တန်းသား သင်တန်းသူ ဆရာ/ဆရာမပေါင်း ၃၇၀၊ ပျဉ်းမနားမြို့နယ်အတွက် ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် သင်တန်းသား သင်တန်းသူ ၁၆၅ ဦး၊ ဥတ္တရသီရိမြို့နယ်၌ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းတွင် ၉၇ ဦး၊ ပုဗ္ဗသီရိမြို့နယ်အတွက် ကျည်ထောင်ကန် အခြေခံပညာအထက်တန်းကျောင်းတွင် ၇၉ ဦး၊ ဇေယျာသီရိမြို့နယ်အတွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ၁၁၀၊ တပ်ကုန်းမြို့နယ်အတွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ၃၅၃ ဦး တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါ မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာအထူးမွမ်းမံသင်တန်းမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းဆင်းအောင်လက်မှတ်(Certificate) ပေးမည်ဖြစ်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် နေ့စား၊ လပေး ဆရာ ဆရာမ ၂၉၃၅၃ ဦးကို သင်တန်းများပြီးဆုံးသွားပါက အမြဲတမ်းပညာရေးဝန်ထမ်းအဖြစ်ခန့်အပ်သွားမည်ဖြစ်ကြောင်း ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကပြောကြားသည်။ တစ်နိုင်ငံလုံးရှိမူလတန်းကျောင်းများတွင် တစ်ကျောင်းလျှင် ဆရာ ဆရာမ ငါးဦးနှုန်းရှိအောင် ခန့်ထားမည်ဖြစ်၍ လာမည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက်လည်း ဆရာ ဆရာမလိုအပ်ချက်ပေါ်မူတည်ပြီး တိုင်းဒေသကြီး/ပြည်နယ်အလိုက်နေ့စား၊ လပေး ဆရာ ဆရာမများဆက်လက်ခန့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

မန္တလေးပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမည့် လူနာများအား ထောက်ပံ့အလှူငွေများပေးအပ်

တောင်ကြီး မေ ၂၆

ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ မန္တလေးပြည်သူ့ဆေးရုံတွင် သွားရောက်ကုသမည့် လူနာများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပရာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က ရပ်စောက်မြို့နယ် လွယ်ဟောင်းကျေးရွာနေ မမန်း(၁၅) နှစ် မွေးရာပါ နှာခေါင်းအသားပိုအကျိတ်ဖူခွဲစိတ်ရန်အတွက် ထောက်ပံ့အလှူငွေကျပ် ၃၅၅၀၀၀ ကိုလည်းကောင်း၊ ကောင်းဇေယျာဟိန်း ၁၁လ မွေးရာပါဦးခေါင်း အမြေးပါးရောင်ခြင်းနှင့် ဝမ်းဗိုက်ဘေလုံးပါရှိသူအား တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတွင် ကုသရန် ထောက်ပံ့အလှူငွေကျပ် ၅၀၀၀၀ ကို လည်းကောင်း၊ တောင်ကြီး မြို့နယ် အေးသာယာမြို့သစ် အမှတ် (၁) ရပ်ကွက် နယ်မြေ (၂) နေ ဦးထွန်းဇော် (၃၈) နှစ်သည် ၂၀၁၃ ခုနှစ် စက်တင်ဘာလခန့်က အိမ်လှေကားပေါ်မှ မတော်တဆပြုတ်ကျ၍ လှေကားပေါင်ဖြင့် ထိခိုက်ကာ ဦးခေါင်းတွင် ဒဏ်ရာရရှိပြီးဆေးကုသသော်လည်း ဦးခေါင်းဒဏ်ရာမှာ ရှစ်လက်မခန့် ကြီးထွားလာသဖြင့် မန္တလေး ပြည်သူ့ဆေးရုံကြီးတွင် သွားရောက်ကုသရန်အတွက် ထောက်ပံ့အလှူငွေကျပ် ၄၃၀၀၀၀ တို့ကို ပေးအပ်ခဲ့ပြီး ဝေဒနာရှင် သုံးဦးအတွက် စုစုပေါင်းငွေကျပ် ၉၈၅၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

နိုင်ထွန်း (TGI)

❐ **၂၀၁၅ ခုနှစ်မှ**

ယနေ့ ခေါ်ယူဆွေးနွေးပြီးဖြစ်ကာ နောက်ထပ် တစ်လအကြာတွင် တင်ဒါအတွက် Proposal များ ရယူမည်လည်းဖြစ်သည်။ အဆိုပါ Proposal ပေးမည့် အကောင်းဆုံးကုမ္ပဏီအား အများပြည်သူများသိရှိစေရန်အတွက် ရှစ်လကြာ တင်ပြပုံ၊ တင်ပြချက်များ (Presentation) အား လုပ်ဆောင်စေမည်ဖြစ်ပြီး သတင်းမီဒီယာများမှတစ်ဆင့် အသိပေးထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့နောက် နိုဝင်ဘာ တတိယပတ်တွင် နိုင်ငံတကာ ရင်းနှီးတည်ဆောက်မည့် Developer များအား ရွေးချယ်သွားမည်ဖြစ်သည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက "ကျွန်တော်က ဒီဘူတာကြီးဆောင်ရွက်မယ့်လုပ်ငန်းကော်မတီမှာ ဒုဥက္ကဋ္ဌပါ၊ ဒီ Project အတွက်ကို အကြံပေးအဖွဲ့ကလည်း အကြံပဲပေးသွားမှာပါ၊ Project အတွက်ကိုလည်းနိုင်ငံတော်က ဆုံးဖြတ်မှာပါ၊ ဒီဘူတာကြီး Project အတွက်ကုမ္ပဏီကို ရွေးချယ်တဲ့အခါမှာ တစ်ခုတည်းလည်း ဖြစ်ကောင်းဖြစ်လိမ့်မယ်၊ဒါမှမဟုတ်လာ သမျှကုမ္ပဏီတွေကိုလည်း process နဲ့ ညီရင်လက်ခံသွားမှာပါ၊ ဒီနှစ်နိုဝင်ဘာလ တတိယပတ်မှာ ရွေးချယ်တဲ့ ကုမ္ပဏီတွေကို သုံးလအကြာ Detail Plan ရေးဆွဲခိုင်းမယ်လေ၊ ဒီလို ရေးဆွဲတဲ့အခါမှာလည်း ကျွန်တော်တို့ ဦးဆောင်ကော်မတီရဲ့ ပုံစံနဲ့ပဲရေးဆွဲကြရမှာပါ၊ပြီးရင် နောက်နှစ် ဖေဖော်ဝါရီ၊မတ်လောက်မှာစဆောက်မယ်၊အဲဒီအချိန်မှာ ကျွန်တော်တို့ မီးရထားဝန်ထမ်းအိမ်ရာတွေပါအခြားနေရာကိုပြောင်းရွှေ့ကြရမှာပါ၊ သူတို့ပြောင်းရွှေ့ရမယ့် နေရာတွေအနီးမှာလည်းနိုင်ငံတကာလုပ်ထုံးလုပ်နည်းနှင့်အညီ ဆံပင်ညှပ်ဆိုင်များ၊ ကလေးကစားကွင်းများ၊ မီနီမားကက်များပါအဆင့်မြင့် ပြုလုပ်ပေးသွားမှာပါ၊ ဝန်ထမ်းတွေကိုလည်း ကျွန်တော်တို့က ရှင်းပြပြီးပါပြီ၊သူတို့လည်း လက်ခံကြပါတယ်"ဟုမီဒီယာတွေ့ ဆုံပွဲတွင် ပြောကြားခဲ့သည်။

လက်ရှိရန်ကုန်ဘူတာကြီးဝန်းကျင်ရှိ အများပြည်သူများအားအဆင့်မြင့် တင်ဆောင်ရွက်သွားမည်နှင့် စပ်လျဉ်း၍ စနစ်တကျ Awareness ပေးထားကြောင်း သိရပြီး ရန်ကုန်ဘူတာကြီး အနီးနေထိုင်သောမီးရထားဝန်ထမ်း အိမ်ရာများနှင့် စက်ခေါင်းရုံတွဲပြင်များအား လုပ်ငန်းခွင်များနှင့် ဆက်စပ်နေရာများဖြစ်သော ရွာသာကြီး၊ မလွှကုန်း၊ကြည့်မြင်တိုင်ဘူတာများ အနီးတွင် ပြောင်းရွှေ့နေရာချပေးသွားမည်လည်းဖြစ်သည်။

၂၀၁၅ ခုနှစ်ဖေဖော်ဝါရီမတ်လတို့တွင်စတင်ဆောင်ရွက်မည်ဖြစ်သော ရန်ကုန်ဘူတာကြီးနယ်မြေဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ရပ်မှာ နောက် ၁၀ နှစ်တာကာလအတွင်း အရေးကြီး အဆင့်မြင့် အဆောက်အအုံများ၊ Shopping Mall များ၊ စားသောက်ဆိုင်များဖြင့် တစ်ဆင့်စီတက်လှမ်းသွားမည်ဖြစ်ပြီး ရထားစီးခရီးသွားများသာမက လမ်းသွားလမ်းလာအများပြည်သူများကပါ နေရာတစ်နေရာတည်းအတွင်း လိုအပ်သည်များကိုရရှိနိုင်တော့မည်ဖြစ်ရာ နိုင်ငံတော်ဝင်ငွေလည်းတိုးတက်လာမည်ဖြစ်ပြီး ရထားစီးအများပြည်သူများသာမက မြန်မာ့မီးရထားမှလိုအပ်သော ရထားတွဲစက်ခေါင်းများ၊တွဲဆိုင်းများ၊ လိုအပ်သောစက်ပစ္စည်းများဝယ်ယူလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယရေတပ် သင်္ဘောသုံးစင်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်မည်

ရန်ကုန် မေ ၂၆

အိန္ဒိယရေတပ်၏ သင်တန်းပေးသော အုပ်စုတစ်ခုအဖြစ် ဖွဲ့စည်းထားသော အိန္ဒိယရေတပ်သင်္ဘောသုံးစင်းသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအဖြစ် မေ ၂၇ ရက်မှ ၃၀ ရက်ထိ လာရောက်မည်ဖြစ်သည်။

ထိုသင်္ဘောသုံးစင်းသည် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းတွင် ရပ်နားမည်ဖြစ်ပြီး သင်္ဘောအုပ်စုတွင် ရေတပ်သင်္ဘော Gharial၊ ရေတပ်သင်္ဘော Sujata နှင့် ကမ်းရိုးတန်းစောင့်သင်္ဘော Varuna တို့ ပါဝင်ကာ အိန္ဒိယရေတပ်နှင့် အိန္ဒိယကမ်းရိုးတန်းစောင့်တပ်တို့မှ ဗိုလ်လောင်းအရာရှိ ၁၂၅ ဦးတို့ လိုက်ပါလာမည်ဖြစ်သည်။

ရန်ကုန်ခရီးစဉ်အတွင်း သင်္ဘောနှင့် လိုက်ပါလာသော အဆင့်မြင့်အရာရှိများသည် မြန်မာ့တပ်မတော် အဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး မေ ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ဆေးရုံ၌ အခမဲ့ဆေးကုသပေးရန်နှင့် အခြားသော လူမှုရေးဆောင်ရွက်ချက်များလည်း ပြုလုပ်မည်ဖြစ်သည့်အပြင် အိန္ဒိယရေတပ်တီးဝိုင်းက ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ပင်လယ်ဖြတ်ကျော် ချစ်ကြည်မှုနှင့် ဟာမိုနီဖြစ်မှုအမည်ဖြင့် အများပြည်သူများကို ဖျော်ဖြေမည်ဖြစ်သည်။

သင်္ဘောများနှင့်လိုက်ပါလာသော ရေတပ်ဗိုလ်လောင်းနှင့် အရာရှိများသည် ရန်ကုန်နှင့် ပဲခူးမြို့တို့ရှိ ထင်ရှားသောသမိုင်းဝင်နေရာများနှင့် ယဉ်ကျေးမှုနေရာများသို့ လည်ပတ်ကာ မြန်မာနိုင်ငံ၏သမိုင်းနှင့် ယဉ်ကျေးမှုတို့ကို လေ့လာကြမည်ဖြစ်သည်။

(မျိုးမင်းသူရ)

မိဘမဲ့ဂေဟာမှ ကလေးငယ်များ၏ဘဝ အထောက်အကူဖြစ်စေမည့် လုပ်ငန်း

ရန်ကုန် မေ ၂၆

"ကျွန်တော့်နာမည် စောမောင်ပါ။ ရှမ်းပြည်နယ်ကနေ ရန်ကုန်ကို စာသင်ချင်လွန်းလို့ လာခဲ့တာပါ။ ကျွန်တော် နှစ်နှစ်အတွင်း အရမ်းကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ၁၀ တန်းမှာ အပေါင်းအသင်းမှားသွားလို့ ဘဝပျက်ခဲ့ရတယ်။ နယ်ကအမေလည်း စိတ်ဆင်းရဲခဲ့ရတယ်။ အမေက ကျွန်တော့်အတွက် ပိုက်ဆံတွေပို့ပေးခဲ့ပါတယ်။ ဒါပေမယ့် စာမေးပွဲကျတော့ အရမ်းစိတ်ဆင်းရဲသွားကြတယ်။ အမေ့ကျေးဇူးကို ဆပ်ချင်တယ်။ အခုတော့ ဘဝပြောင်းလဲခဲ့ပါပြီ။ ပြောင်းလဲရတဲ့ အကြောင်းကတော့ Ma Eillen ရဲ့စကားကြောင့်ပါ။ သူများတွေအပေါ် ရိုးသားပါ။ လောဘမကြီးပါနဲ့။ မလိမ်ပါနဲ့တဲ့၊ အဲ့ဒီစကားကို ကြိုက်သွားပြီး တစ်နေ့ကျရင် အမေ့ကျေးဇူးကို ဆပ်နိုင်အောင် ကြိုးစားပါမယ်"ဟု ရှမ်းပြည်နယ်မှ ရောက်ရှိနေသော လူငယ်တစ်ဦး၏ ပြောစကားကို ကြားသိရသည်။

အသက် (၁၆) နှစ်ရှိ ကချင်ပြည်နယ် ဖားကန့်မှ မခေါင်နော်ကလည်း "ကျွန်မ ကချင်ပြည်နယ်ကပါ။ အဖေမရှိတော့တဲ့အချိန်မှာ အမေနဲ့အတူ နေခဲ့ပါတယ်။ မောင်နှမ နှစ်ယောက်ရှိပါတယ်။ ကျွန်မကအကြီးပါ။ စားဝတ်နေရေး အဆင်မပြေတော့လို့ ကျောင်းဆက်တက်ဖို့ အခက်တွေ့ပါတယ်။ နယ်ကနေပြီး စာသင်ရတာ အဆင်မပြေလို့ အင်းစိန်ကိုပြောင်းလာပြီး စာသင်တာပါ။ အခုခုနစ်တန်းရောက်ပါပြီ။ အခုကျောင်းပိတ်ရက်မှာ သင်တန်းတွေတက်ပြီး လုပ်ငန်းပိုင်းဆိုင်ရာ အလုပ်ကတော့ ပဲနို့လုပ်ငန်းမှာ ဝင်ရောက်လုပ်ကိုင်ပေးနေပါတယ်။ ပဲနို့လုပ်ငန်းကတော့ Ma Eillen ရဲ့ ကျေးဇူးကြောင့်ပါ"ဟု ရှင်းပြသွားသည်။

ဆက်လက်၍ မောင်ခေါင်ဒေါင်းကလည်း "ကျွန်တော် မိဘမဲ့ကျောင်းမှာ နေပါတယ်။ ကချင်ပြည်နယ်က လာတာပါ။ မိဘတွေက ဗဟုသုတပြည့်စုံတဲ့ ရန်ကုန်မြို့ကို ပို့လိုက်တာ။ ကျွန်တော်တို့မိသားစုက ဆင်းရဲတော့ လူတွေရဲ့ အမြင်စောင်းကဲ့ရဲ့မှုကို ခံစားခဲ့ရတယ်။ အဖေနဲ့အမေ အိမ်ထောင်ရေးကလည်း အဆင်မပြေ၊ နှစ်သိမ့်ကူညီမယ့်သူကလည်း မရှိဘူး။ ကိုယ့်ကိုယ်ကိုယ်ပဲ အားပေးနှစ်သိမ့်ပြီး ရန်ကုန်ကို ရောက်လာတာပါ။ ရည်မှန်းချက်ကတော့ ပညာတတ်တစ်ယောက်ဖြစ်ဖို့ပါ။ စာသင်တော့ ဘာသာစကား အခက်အခဲကြောင့် တော်တော်လေးကြိုးစားခဲ့ရတယ်။ သူငယ်ချင်းတစ်ယောက်က ကျွန်တော့်အပေါ် တော်တော်လေးကောင်းတယ်။ ဖေးမခဲ့တယ်။ ငါးတန်းကနေ ၁၀ တန်းအထိ ကျွန်တော်ဘာသာကျွန်တော် ကြိုးစားခဲ့ရတယ်။ ယခုတော့ ဘာသာစကားလည်း ကျွမ်းကျင်လာတော့ ရန်ကုန်က ဗဟုသုတစုံတဲ့ နေရာဆိုတော့ လေ့လာလိုက်စားခဲ့တယ်။ သတင်းစာတွေ၊ စာစောင်တွေဖတ်ရင်း စာပေကို လေ့လာလိုက်စားခဲ့တယ်။ အခုတော့ Ma Eillen ရဲ့ ကြိုးစားမှုကြောင့် ပဲနို့ လုပ်ငန်းတစ်ခု ပေါ်ပေါက်လာတယ်။ ဒီလုပ်ငန်းမှာ ပါဝင်လုပ်ကိုင်ပေးနေပြီ" ဟု ရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိဘမဲ့ဂေဟာသုံးခုမှာ ကလေးများ၏ ပညာရေး၊ သက်မွေးဝမ်းကျောင်းမှုပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေရေးအတွက် အထောက်အပံ့ပေးလျက်ရှိပြီး Children of Tomorrow မှ ကလေးငယ်များအား ဆင်းရဲမှုမှ လွတ်ကင်းစေကာ ကိုယ်စွမ်းကိုယ်စဖြင့် ရပ်တည်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ပထမဆုံးခြေလှမ်းအဖြစ် Soy Ai ပဲနို့မိတ်ဆက်ပွဲကို မေ ၂၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုရိပ်မွန်အိမ်ရာ ပိတောက်လမ်း အမှတ် (၁၀) ရှိ Children of Tomorrow Youth Center ၌ ကျင်းပသည်။ Children of Tomorrow တွင် မိဘမဲ့ဂေဟာသုံးခုမှ ကလေးငယ်ပေါင်း ၂၀၀ ရှိကြောင်း သိရသည်။ **(ဌေးအောင်)**

ကဆုန်လပြည့်နေ့တွင် အင်းလေးကန်အတွင်း ငါးမျိုးစုံ ကောင်ရေ ၁၀ သိန်းအား ဇီဝိတဒါနအဖြစ် ငါးမျိုးများ စိုက်ထည့်မည်

အင်းလေး မေ ၂၆

ကဆုန်လပြည့်နေ့တွင် အင်းလေးကန်အတွင်းသို့ နှလုံးသားအလှ ကရုဏာရှင် ပရဟိတလူငယ်များအဖွဲ့မှ ငါးမျိုးစုံကောင်ရေ ၁၀ သိန်းအား ဇီဝိတဒါနအဖြစ် သွားရောက်၍ ငါးလွှတ်ပွဲပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ဤကဲ့သို့ အင်းလေးကန်အတွင်း ငါးမျိုးစုံကောင်ရေ ၁၀ သိန်းအား ဇီဝိတဒါနအဖြစ် ငါးမျိုးစိုက်ထည့်ရခြင်းမှာ အင်းလေးကန်အတွင်းရှိ ငါးမျိုးများ ရှားပါးလာမှုကို အစားထိုးဖြည့်ဆည်းပေးရန်၊ ဂေဟစနစ်ကို အထောက်အကူပြုစေရန်၊ အင်းလေးကန်အတွင်း လွှတ်လိုက်သည့်ငါးများမှာ ကြီးထွားလာပြီး မျိုးပွားလာကြကာ ဒေသခံပြည်သူများအတွက် ငါးစားသုံးမှု အဆင်ပြေစေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ငါးမျိုးစုံကောင်ရေ ၁၀ သိန်းတွင် ငါးတန်၊ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးမုတ်တို့ဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ် မောင်းမကန်လမ်းမကြီးပေါ်ရှိ နှလုံးသားအလှ ကရုဏာရှင် ပရဟိတလူငယ်များအဖွဲ့နှင့် တွံတေးမြို့နယ်မှ ဦးအောင်အောင် (ကုသိုလ်ရဖို့ ငါးလွှတ်စို့) တို့ပူးပေါင်း၍ အင်းလေးကန်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပြီး ကုသိုလ်ယူကြခြင်းဖြစ်ကြောင်း သိရသည်။

သန်းနိုင်(ဇမ္ဗူသီရိ)

တမူးမြို့၌ တရုတ်နိုင်ငံသား ရှစ်ဦးအား လက်နက်ငယ်များနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့၌ မေ ၂၅ ရက် ညနေပိုင်းက တရုတ်နိုင်ငံသား ရှစ်ဦးအား မော်တော်ယာဉ်တစ်စီး၊ လက်နက်ငယ် ရှစ်လက်၊ ကျည်ဆန်များ၊ လက်ပစ်ဗုံးများ၊ ဆက်သွယ်ရေး စကားပြောစက်များ၊ မြန်မာနိုင်ငံမြေပုံတစ်ချပ်၊ တယ်လီဖုန်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

မေ ၂၅ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် တမူးမြို့အဝင် သုံးမိုင်စစ်ဆေးရေးဂိတ်သို့ ကလေးဘက်မှ ကားတစ်စီး မီးထိုးမောင်းနှင်လာသဖြင့် စစ်ဆေးရေးဂိတ်ရှိ လုံခြုံရေးအဖွဲ့က တားဆီးစစ်ဆေးရာ ရပ်တန့်ပေးခြင်းမရှိဘဲ တမူးမြို့အတွင်း မောင်းနှင်ပြေးသဖြင့် ကားနောက်သို့ လိုက်လံဖမ်းဆီးခဲ့သည်။ အဆိုပါမော်တော်ယာဉ်သည် မြို့အတွင်းမှ ဝင်ရောက်လာသည့် လမ်းကြောင်းအတိုင်း ပြန်လှည့်မောင်းနှင်ခဲ့ရာ ညနေ ၄နာရီ ၃၅ မိနစ်တွင် မြို့အဝင် သုံးမိုင်ဂိတ်၌ ပိတ်ဆို့ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသော ကားမှာ တိုယိုတာ အမျိုးအစား Double Cab ဖြစ်ပြီး ယာဉ်ပေါ်တွင် တရုတ်လူမျိုး ရှစ်ဦး စီးနင်းလိုက်ပါလာကာ ၎င်းတို့နှင့်အတူ လက်နက်ငယ် ရှစ်လက်၊ လက်နက်ငယ်ကျည် ၁၈၆၀၊ လက်ပစ်ဗုံး ၃၁ လုံး၊ ဆက်သွယ်ရေးစကားပြောစက် ငါးလုံး၊ တရုတ်စာဖြင့် ရေးသားထားသော မြန်မာနိုင်ငံ မြေပုံတစ်ချပ်၊ စစ်သုံးခါးမြှောင် သုံးချောင်း၊ လက်ကိုင်ဖုန်း လေးလုံး၊ စစ်သုံး ချပ်ဝတ်တန်ဆာ ရှစ်စုံ၊ အဝေးကြည့် မှန်ပြောင်းတစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိသည့် တရုတ်လူမျိုး ရှစ်ဦးမှာ စီချွမ်ပြည်နယ်နေကျန်းကျိန် (၁၇)နှစ်၊ ရန်ရှော်ဟုန် (၁၉)နှစ်၊ ကွမ်စီပြည်နယ်နေ ဖန်းစင်းချိန် (၂၁)နှစ်၊ ဟိုပေပြည်နယ်နေ လျှိုလျန် (၂၁)နှစ်၊ ကွေကျိုးပြည်နယ်နေ လျှိုယယ်ချန်း(၁၉)နှစ်၊ အန်းဝှီးပြည်နယ်နေ ဟန်လုလု(၂၅)နှစ်နှင့် လီထယ် (၂၂)နှစ်တို့ ဖြစ်ကြသည်။

၎င်းတို့အနက် ကားမောင်းသူ ဟန်လုလုအား စကားပြန်ဖြင့် ပဏာမစစ်ဆေးမေးမြန်းချက်အရ ၎င်းတို့အဖွဲ့သည် ကိုးကန့်နယ်မြေ တန့်ယန်းအထက်ဘက်ရှိ မိုင်းကြက်ရွာတွင် စစ်သင်တန်း တက်ရောက်နေရာမှ တပ်စုမှူးဖြစ်သူ ဝူကြာဖူဆိုသူအား သတ်ပြီး စခန်းအတွင်းရှိ သော့တန်းလန်းဖြင့် တွေ့ရှိသောကားကို မောင်းယူလာခြင်းဖြစ်ကြောင်း သိရှိရသည်။

၎င်းတို့၏ ရည်ရွယ်ချက်နှင့် ဖြစ်စဉ်အမှန် ပေါ်ပေါက်စေရေးအတွက် ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မြေညီထပ်အလယ်ခန်း
ပေ(၁၅×၆၅) ညှိနှိုင်းဈေးဖြင့်
ရောင်းမည်။
အမှတ်(၂၈၁/က)၊ ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊
ဖုန်း-၀၉-၃၆၀၇၆၄၀၉၊
၀၉-၅၀၉၁၆၂၈
အကျိုးဆောင်လက်ခံသည်။

အလိုရှိသည်

ယာဉ်မောင်း(၁)ဦး
(နတ်မောက်လမ်းနီးသူ)
Ph:09-5043367

ရောင်းရန်ရှိသည်

ပေ(၄၀×၆၀)၊ မြေပေါ် အခန်း(၁၃)ခန်းပါ၊ အဆောင်များမှ လက်ရှိအဆောင်ငှားရမ်းခ လစဉ်ဝင်ငွေ ကျပ် ၃ သိန်း ကျော်ရရှိသော စီးပွားရေး လုပ်ငန်း(၁)ခုအား ရောင်းရန်ရှိသည်။

စိတ်ဝင်စားပါက စုံစမ်းဆက်သွယ်ပါ။

ဖုန်း-၀၉-၅၄၁၁၇၂၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ[က])၊ မြေကွက်အမှတ်(၁/၄၂)၏ အစိတ်အပိုင်းမြေကွက်တည်နေရာအမှတ်(၂၆၅)၊ မဥ္ဇူလမ်း၊ ရွှေနံ့သာကျေးရွာအုပ်စု၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၏ ၁၄-၁-၂၀၁၄ ရက်စွဲပါ စာအမှတ်-၅/၃-၂၀/ဦး ၆အရ ငယ်စာရင်း အမည်ပေါက် ဒေါ်မြလှဲ့ဝင်း[၁၂/မရက(နိုင်)၀၂၈၅၇၅]က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်တို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ်(၉၄)၊ အင်းဝ(၁)လမ်း၊ ၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၉၄)၊ ဧရိယာ ပေ(၄၀×၆၀)၊ အကျယ်အဝန်းရှိ ပါမစ်မြေသည် ဒေါ်စန်းစန်းမြင့်(TRY -၀၁၃၅၆၄)အမည်ပေါက် ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲမှ ပေ(၂၀×၆၀)အကျယ်အဝန်းရှိ (ခြေရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပါမစ်အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဦးအေးကို[၁၂/ဥကတ(နိုင်)၀၅၇၁၇၈]+၁ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှဝေ(စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)
တရားလွှတ်တော်ရှေ့နေများ
ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂) အထက်တန်းရှေ့နေ
အမှတ်-၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပြည်နယ်/ခရိုင်/မြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၄-၂၀၁၄ ရက်
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၅-၂၀၁၄ ရက်
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ တောင်ကြီးမြို့။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန
တောင်ကြီးမြို့၊
ဖုန်း-၀၈၁-၂၁၂၁၁၆၅၊ ၀၈၁-၂၀၂၁၃၄



ဖျော်ဖြေရေး

ရောဘတ်ရတ်ဖို့ဒ်နှင့် ပြန်လည်ပူးပေါင်းခွင့် ရသည့်အတွက် စိတ်လှုပ်ရှားနေသူ

စကားလက်ဂျိုဟန်ဆန်

ဟောလိဝုဒ်ငွေကြယ်ပွင့် မင်းသမီး စကားလက်ဂျိုဟန်ဆန်က မကြာမီက ထွက်ရှိခဲ့သည့် Captain America: The Winter Soldier ဇာတ်ကားတွင် အသက်(၇၇)နှစ်အရွယ် မင်းသားကြီး ရောဘတ်ရတ်ဖို့ဒ်နှင့် ပြန်လည်ပူးပေါင်း သရုပ်ဆောင်ခွင့်ရသည့်အတွက် များစွာစိတ်လှုပ်ရှားမိပါကြောင်း ဖွင့်ဟ ပြောကြားခဲ့သည်။

မင်းသမီး စကားလက်ဂျိုဟန်ဆန်နှင့် မင်းသားကြီး ရောဘတ်တို့သည် ၁၉၉၈ ခုနှစ်က The Horse Whisperer ဇာတ်ကားတွင် အတူပါဝင်သရုပ်ဆောင် ခဲ့ကြပြီး ယခု Captain America ဇာတ်ကားတွင် ပြန်လည်ဆုံတွေ့ခြင်းဖြစ် သည်။

"သူနဲ့အတူသရုပ်ဆောင်ခွင့်ရတဲ့သူတိုင်း စိတ်လှုပ်ရှားကြရတာပါ၊ အရမ်း ပျော်ရွှင်ဖွယ်ကောင်းတဲ့ အခွင့်အရေးပါပဲ။ သူဟာ အခုချိန်ထိ ရင့်ကျက် တည်ငြိမ်မှု၊ စိတ်ဝင်စားစရာကောင်းမှုတွေနဲ့ပြည့်နေတုန်းပါပဲ"ဟု စကားလက် ဂျိုဟန်ဆန်က ဗြိတိန်နိုင်ငံထုတ် OK! မဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

စကားလက်ဂျိုဟန်ဆန်သည် Captain America ဇာတ်ကားတွင် Black Widow အဖြစ် ဆက်လက်ပါဝင်သရုပ်ဆောင်ထားသလို မေ ၁ ရက်တွင် ထွက်ရှိမည့် Avengers: Age of Ultron ဇာတ်ကားတွင်လည်း ယင်း ဇာတ်ရုပ်ကို ထပ်မံအား ဖြည့်ထားကြောင်း သိရ သည်။

ဟောလိဝုဒ် ငွေကြယ်ပွင့် မင်းသမီး စကားလက်ဂျိုဟန်ဆန်။

မျိုးစန္ဒာဖောင် စုစည်းသည်

ပရိသတ်များမှ ဂျက်ကီချန်း၏ မွေးနေ့အတွက် ပညာရေးပရဟိတစီမံကိန်းသို့ ငွေလှူဒါန်း

ဧပြီ ၇ ရက်တွင်ကျရောက်ခဲ့သည့် နာမည်ကျော်ဟောင်ကောင်မင်းသား ဂျက်ကီချန်း၏ မွေးနေ့မင်္ဂလာအတွက် ရည်ရွယ်ကာ ၎င်း၏ Dragon's Heart ပညာရေးပရဟိတစီမံကိန်းတစ်ခုတွင် အလှူငွေများ လှူဒါန်းပေးခဲ့ကြသည့် ပရိသတ်များကို အထူးကျေးဇူးတင်ရှိပါကြောင်း ၎င်း၏ ဖေ့စ်ဘုတ်ခ်လူမှု ကွန်ရက်စာမျက်နှာမှတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းတွင် မွေးနေ့အတွက်လက်ဆောင်ပစ္စည်းများ ဝယ်ပေးမည့်အစား ယခုကဲ့သို့ ပညာရေးစီမံကိန်းတစ်ခုသို့ အလှူငွေပါဝင်လှူဒါန်းကြခြင်းအတွက် များစွာကျေနပ်မိပါကြောင်း ဆိုခဲ့သည်။

ပရိသတ်များမှ စုပေါင်းလှူဒါန်းငွေသည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁၆၀၈ ဖြစ်ကြောင်း သိရသည်။

စွပ်စွဲမှုများနှင့်ကြုံတွေ့နေရသည့် One Direction

လူငယ်ဂီတပရိသတ်အကြား လူကြိုက်များရေပန်းစားလျက်ရှိသည့် One Direction ဂီတအဖွဲ့အနေဖြင့် ၎င်းတို့တေးသီချင်းဗီဒီယိုတစ်ခုတွင် ဩစတြေးလျဂီတအဖွဲ့ Clubfeet အဖွဲ့မှ တေးသီချင်းဗီဒီယိုတစ်ခု၏ special effect အချို့ကို ပုံတူပွားအသုံးပြုထားသည်ဟု စွပ်စွဲခံထားရကြောင်း သိရ သည်။

ဩစတြေးလျထုတ်လုပ်ရေးကုမ္ပဏီ Oh Yeah Wow အနေဖြင့် One Direction အဖွဲ့၏ You And I သီချင်းတွင် Clubfeet အဖွဲ့၏ Every thing You Wanted သီချင်းမှ Special Effect အချို့ကို ကူးယူသုံးစွဲထား ကြောင်း စွပ်စွဲထားခြင်း ဖြစ်သည်။

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၇-၄-၂၀၁၄ (တနင်္ဂနွေနေ့)

MRTV

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၀	ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
၆း၄၀	"ဖူးမြော်စေချင်ထားဝယ်မြို့မှ ရှင်ကိုးရှင်"
၈း၃၀	ချစ်သောဤကမ္ဘာမြေ
၉း၄၅	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၀း၄၀	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၁၁း၀၀	ဂီတတံခါးလေးဖွင့်ပါဦး
၁၂း၄၀	ဖြူမည်းရုပ်ရှင် "အဖေတစ်ခုသားတစ်ခု" (စိန်မြင့်၊ ဇော်လင်း၊ ဆွေဇင်ထိုက်၊ အောင်ထွန်းလေး) (ဒါရိုက်တာ-မောင်နန္ဒ)
၃း၄၀	"အမှတ်မထင်အန္တရာယ်"
၃း၅၀	တေးသရုပ်ဖော်အစီအစဉ်
၄း၃၀	"မီးကိုနိုင်တဲ့မီး"
၉း၃၀	"နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု"

MRTV-4

၅း၀၀	ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅း၄၀	"စစ်မှန်သော ကိုးကွယ်ခြင်း" တရားတော်(အပိုင်း-၂) (ဆရာတော်အရှင်အဂ္ဂသာရ)
၇း၅၀	ရန်ကုန်မြင်ကွင်းကျယ် (မြန်မာသံတော်ဆင့်သတင်းစာ နှစ်ပတ်လည်အခမ်းအနား)
၁၂း၁၅	MRTV-4 ကျန်းမာရေးကဏ္ဍ (သတိထားစောင့်ကြည့်စရာ ဆီးကျိတ်ကင်ဆာ) (အပိုင်း-၁)
၈း၀၀	MRTV-4 သတင်း
၈း၁၅	Sunday Talk (ချစ်ထွန်းဖေ၊ မျိုးမြတ်သူ)
၈း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး" (အပိုင်း-၃၁)
၁၀း၀၀	MRTV-4 ဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [လွန်လွန်ကဲကဲ(အပိုင်း-၂)]

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၄း၃၀	Espanyol-Almeria	(Star Sports)
၉း၃၀	Valencia-Atletico Madrid	(Star Sports)
၁၁း၃၀	Athletic Club-Sevilla	(Star Sports)

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၃၀	Villerreal-Barcelona	(Star Sports)(MRTV-4)

MWD

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၆း၂၅	ဓမ္မပူဇာတေး
၆း၃၀	ယောဂ
၆း၃၅	မျိုးချစ်တပ်မတော်
၈း၁၅	စိုက်ပျိုးသုတ
၈း၂၅	DVD Hits
၈း၃၅	အင်္ဂလိပ်စာသုတ
၈း၃၅	မြဝတီနေ့စဉ်သတင်း
၈း၄၅	မြန်မာပြည်တွင်ထုတ်လုပ်သည်
၁၁း၁၅	တစ်ပတ်အတွင်း ပြည်တွင်းသတင်း
၁၁း၄၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ဂစ်တာအိုရဲ့ နွေဦးခေတ်တေးသွား
၁း၁၉	မြန်မာသံစဉ်ချိုနားဝင်
၆း၁၀	ဘဝကြေးမုံ
၆း၃၅	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -နွေပင်လယ် အပိုင်း(၁၁)



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၃၄၉/က)၊ မြေကွက်တည်နေရာအမှတ်(၁၃၄၉/က)၊ ရတနာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဦးစိုးအောင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိုးအောင် ကွယ်လွန်သဖြင့် ဒေါ်ထွေးလှ[၁၂/ဥကတ(နိုင်)၀၆၈၁၄၅]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

လာမည့်ရာသီတွင် အာဆင်နယ်၌ နည်းပြအဖြစ်ဆက်ရှိမည်ဟု ဝင်းဂါးပြောကြား



အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် လာမည့်ဘောလုံးရာသီတွင်လည်း အသင်းနည်းပြအဖြစ် ဆက်ရှိနေမည်ဖြစ်ကြောင်း လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့သည်။

အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းနှင့် လက်ရှိစာချုပ်သက်တမ်းသည် ယခုနှစ် ဘောလုံးရာသီတွင် ကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင် အာဆင်နယ်အသင်း အမှုဆောင်အရာရှိချုပ်ဖြစ်သူ အိုင်ဗန်ဂါဇီဒစ်အနေဖြင့်လည်း အသင်းအား ၁၉၉၆ ခုနှစ်မှစတင်ကာ နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သည့် အာစင်ဝင်းဂါးအား စာချုပ်သစ်ချုပ်ဆိုသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် ရာသီအစပိုင်းတွင် ရလဒ်ကောင်းမွန်ခဲ့သော်လည်း လက်ရှိတွင် ပရီမီယာလိဂ်ဖလားရရှိမည့် အခွင့်အရေးနှင့် သွေဖည်သွားခဲ့ပြီဟု သတ်မှတ်ခြင်းခံထားရပြီး ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားချန်ပီယံဘွဲ့နှင့် လွဲရမည့်အနေအထားတွင် ရှိနေလင့်ကစား မေလထဲတွင် ဟားစီးတီးအသင်းနှင့် ကစားမည့် အက်ဖ်အေဖလားကို ရယူဆွတ်ခူးကာ ၂၀၀၅ ခုနှစ်နောက်ပိုင်း ဝေးကွာခဲ့သည့် ချန်ပီယံဆုဖလားတစ်ခုကို ပထမဆုံးအကြိမ်အဖြစ် ရယူဆွတ်ခူးမည့် အခွင့်အလမ်းတစ်ရပ်ကို ပိုင်ဆိုင်နိုင်ဖွယ်ရှိကြောင်းလည်း အာဆင်နယ်အသင်း အမှုဆောင်အရာရှိချုပ်က ပြောကြားခဲ့သည်။

ပွဲစဉ် (၃၅) အပြီး ပရီမီယာလိဂ်ဂိုးအများဆုံးသွင်းထားသူများ			
စဉ်	အမည်	သွင်းဂိုး	အသင်း
၁	ဆွာရတ်ဇ်	၃၀	လီဗာပူး
၂	စတားရစ်ချ်	၂၀	လီဗာပူး
၃	ယာယာတိုရေး	၁၈	မန်စီးတီး
၄	အဂူရို	၁၆	မန်စီးတီး
၅	ရိုဒရီဂက်ဇ်	၁၅	ဆောက်သမ်တန်
၆	ရွန်းနီ	၁၅	မန်ယူ
၇	ဘိုနီ	၁၄	ဆွမ်ဆီး
၈	ဂီရောက်	၁၄	အာဆင်နယ်
၉	ဟာဇက်	၁၄	ချယ်လ်ဆီး
၁၀	ဂျာရတ်	၁၃	လီဗာပူး

ပွဲစဉ် (၃၄) အပြီး ပြင်သစ်ပထမတန်းဂိုးအများဆုံးသွင်းထားသူများ			
စဉ်	အမည်	သွင်းဂိုး	အသင်း
၁	အီဘရာဟီမိုဗစ်ချ်	၂၅	ပီအက်စ်ဂျီ
၂	အဘူဘာကာ	၁၆	လိုရီးရန့်
၃	ကာဗာနီ	၁၅	ပီအက်စ်ဂျီ
၄	ဂစ်နက်	၁၄	မာဆေးလ်
၅	လာကာဇက်တီ	၁၄	လိုင်ယွန်
၆	ကာဘယ်လာ	၁၃	မောင့်ပယ်လီယာ
၇	ဘန်ယက်ဒါ	၁၂	တူးလော့
၈	ဂိုမစ်	၁၂	လိုင်ယွန်
၉	ကာလူး	၁၂	လိုင်လီ
၁၀	ဒီယာဘက်တီ	၁၁	ဘော်ဒိုး

လီဗာပူးအသင်းနည်းပြ ရော့ဂျာ အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုမည်

ပရီမီယာလိဂ်ကလပ်လီဗာပူးအသင်းမှ နည်းပြ ဘရန်ဒန်ရော့ဂျာသည် ယခုနှစ်ဘောလုံးရာသီကုန်ပါက အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုလိမ့်မည်ဖြစ်ကြောင်း သိရသည်။

မြောက်အိုင်ယာလန်နိုင်ငံသား နည်းပြ ဘရန်ဒန်ရော့ဂျာ၏ ဦးဆောင်မှုနှင့်အတူ လီဗာပူးအသင်းသည် လက်ရှိတွင် ၂၄ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပရီမီယာလိဂ်ဖလား ဆွတ်ခူးမည့်အသင်းအဖြစ် ရေပန်းစားနေပြီး အမှတ်ပေးဇယား၏ ဒုတိယနေရာမှ ချယ်လ်ဆီးအသင်းအား ငါးမှတ်ဖြတ်ထားနိုင်ခဲ့သည်။

နည်းပြရော့ဂျာသည် ၂၀၁၂ ခုနှစ် ဇွန်လအတွင်းက လီဗာပူးအသင်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့ပြီး လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရရှိမည်ဖြစ်သောကြောင့် အသင်းနှင့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် စီစဉ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပထမဆုံးအကြိမ် ဖခင်တစ်ဦးဘဝကိုရောက်တော့မည်ဟု ဂျိုကိုဗစ်ကြေညာ

ကမ္ဘာ့အဆင့်(၂)နေရာရှိ တင်းနစ်အကျော်အမော် ဂျိုကိုဗစ်သည် ချစ်ဇနီးဖြစ်သူ ဂျီလီနာရက်စတစ်မှာ ကိုယ်ဝန်လွယ်ထားရပြီ ဖြစ်သောကြောင့် ဖခင်တစ်ဦးဘဝကို ပိုင်ဆိုင်တော့မည်ဖြစ်ကြောင်း ၎င်း၏တွစ်တာမှ တစ်ဆင့် လူသိရှင်ကြားကြေညာလိုက်ပြီဖြစ်သည်။

ဂျိုကိုဗစ်နှင့် ဇနီးဖြစ်သူ ဂျီလီနာတို့သည် မဝေးတော့သည့်အနာဂတ်ကာလတွင် မိဘနေရာသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်းနှင့်ပတ်သက်၍ ၎င်း၏ ပရိသတ် ၂ ဒသမ ၉၁ သန်းတို့အား သိရှိစေရန် ၎င်းတို့နှစ်ဦး အတူတွဲရိုက်ထားသည့် ဓာတ်ပုံအပါအဝင် စာသားမက်ဆေ့တို့ကို တွစ်တာစာမျက်နှာ၌ ဖော်ပြပေးခဲ့သည်။

ထို့ပြင် ဆာဘီးယားတင်းနစ်အကျော်အမော်ဂျိုကိုဗစ်နှင့် ဂျီလီနာတို့သည် ချစ်သူဘဝတွင် ကိုးနှစ်ကြာ လက်တွဲခဲ့ပြီးနောက် ပြီးခဲ့သည့် စက်တင်ဘာလအတွင်း လက်ထပ်ခဲ့ကြောင်းလည်း တွစ်တာစာမျက်နှာမှ တစ်ဆင့် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်နှင့် ဂျီလီနာတို့၏ ပထမဆုံးရရှိမည့် ကလေးငယ်လူ့လောကသို့ ရောက်ရှိလာမည့်အချိန်ကာလသည် ယခုနှစ်တွင် ဂျိုကိုဗစ်ယှဉ်ပြိုင်ကစားရမည့် ပြင်သစ်အိုးပင်း၊ ဝင်ဘယ်ဒန်အိုးပင်းနှင့် အမေရိကန်အိုးပင်းတို့ ကစားမည့်ကာလအပိုင်းအခြားအတွင်း ဖြစ်လာမည်လားဆိုသည်မှာ အတိအကျမပြောနိုင်သေးကြောင်းလည်း ဆိုသည်။

ငွေကြယ်

ပွဲစဉ် (၃၁) အပြီး ဘွန်ဒက်လီဂါဂိုးအများဆုံးသွင်းထားသူများ			
စဉ်	အမည်	သွင်းဂိုး	အသင်း
၁	လီဝန်ဒိုစကီး	၁၈	ဒေါ့မွန်
၂	မန်ဇူကစ်	၁၈	ဘိုင်ယန်
၃	ဂျိုးဆစ်ဒါမစ်	၁၆	နယင်ဘတ်
၄	အက်ဒရီယန်ရာမိုစ့်	၁၆	ဟာသာဘာလင်
၅	ရက်ဖေးလ်	၁၅	မိုချန်ဂလာဘတ်
၆	ကိဘ်လင်း	၁၅	လေဗာကူဆင်
၇	မာကိုရစ်	၁၅	ဒေါ့မွန်
၈	ဖာမီနို	၁၄	ဟော်ဖန်ဟိမ်း
၉	အော်ဘာမီယန်	၁၃	ဒေါ့မွန်
၁၀	အိုကာဇာကီ	၁၃	မိန်းဇ်

ပွဲစဉ် (၃၄) အပြီး အီတလီစီးရီးအေဂိုးအများဆုံးသွင်းထားသူများ			
စဉ်	အမည်	သွင်းဂိုး	အသင်း
၁	အင်မိုဘိုင်းလ်	၂၀	တိုရီနို
၂	တီဗက်ဇ်	၁၈	ဂျူဗင်တပ်
၃	တိုနီ	၁၇	ဗီရိုနာ
၄	ပယ်လာစီယို	၁၅	အင်တာ
၅	ဘာလော့တယ်လီ	၁၄	အေစီ
၆	ဂီလာဒီနို	၁၄	ဂျီနိုအာ
၇	လော်ရန်တီ	၁၄	ဂျူဗင်တပ်
၈	ရော့စီ	၁၄	ဖီအိုရင်တီးနား
၉	ဘာရာဒီ	၁၃	ဆာစူအိုလို
၁၀	ပေါ်လင်ဟို	၁၃	လီဗော်နို



အသိပေးကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန လက်အောက် လှိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးသစ်ကြီးအား ၂၉-၄-၂၀၁၄ ရက်(အင်္ဂါနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ လက်လီလက်ကား ငါးမျိုးစုံ ရောင်း/ဝယ်ခြင်းကိစ္စများ ဆောင်ရွက်နိုင်ရန် ဆိုင်ခန်းဝယ်ယူထားသူ များအနေဖြင့် စတင်ဖွင့်လှစ်ရောင်းချသွားပါရန်နှင့် ဈေးဝယ်ယူမည့် လုပ်သားပြည်သူများအနေဖြင့်လည်း လာရောက်ဝယ်ယူနိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ ပြန်လည်ပြုပြင်သုံးစွဲရန် မသင့်တော့သည့် ဖော်ကာ-၂၈လေယာဉ်ကိုယ်ထည်နှင့် အရန်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ စိတ်ဝင်စားသူများအနေဖြင့် လေလံလျှောက်လွှာများကို ၂-၅-၂၀၁၄ ရက်မှ ၇-၅-၂၀၁၄ ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် ဝယ်ယူနိုင်ပါသည်။

မြန်မာ့လေကြောင်းအုပ်ချုပ်ရေးဌာန
အမှတ်(၁၀၄)ကမ်းနားလမ်း၊ရန်ကုန်
ဖုန်း-၀၁-၃၇၄၅၉၅၊ ၀၉-၂၅၄၂၁၉၆၂၉





မုံရွာမြို့ သလ္လာရပ်ကွက်တွင် မီးအားမြှင့်စက် အပူလွန်ကဲရာမှ အိမ် ၂၄ လုံး မီးလောင်

မုံရွာ မေ ၂၆

မုံရွာမြို့ သလ္လာရပ်ကွက် နယ်မြေ (၄) စိတ္တသုခလမ်းသွယ်တွင် မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ရာအိမ် ၂၄ လုံးမီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

"တဲအိမ် ၂၄ လုံး မီးလောင်လို့ မီးငြိမ်းဖို့ရာ လမ်းကအလွန်ကျဉ်းလွန်းတဲ့အတွက် မီးသတ်ကားမဝင်နိုင်ဘဲ ရေပက်ဖို့ ပိုက်ကိုသာ လူအင်အားနဲ့သွယ်ပြီး ပက်ခဲ့ရတော့ ထင်သလောက် တာမသွားဘူး ဖြစ်ခဲ့ရပါတယ်။ တော်သေးတာက အခုလောင်တဲ့ အိမ်တွေရဲ့အနောက်ဘက်မှာရှိတဲ့ စက်မှုလယ်ယာရုံးထဲက ဓာတ်ဆီ တိုင်ကီကြီးထဲကို မနေ့ကမှ ဓာတ်ဆီ အပြည့်ဖြည့်ထည့်ထားတာ။ အဲဒီဘက် မကူးအောင် မီးသတ်တွေနဲ့ ဒေသခံ ရပ်ကွက်သူ ရပ်ကွက်သားတွေ ကြိုးစားခဲ့ရပါတယ်။ ပြီးတော့ လောင်တဲ့အိမ်တွေနဲ့ မလှမ်းမကမ်းမှာ ပရဟိတကျောင်းရှိပြီး ဘေးပတ်ဝန်းကျင်မှာလည်း အိမ်ခြေစိပ်စိပ်နဲ့ လူဦးရေ အင်မတန်ထူထပ်တဲ့ ရပ်ကွက်ဖြစ်တဲ့အတွက် ဒီလောက်နဲ့ ဒီလိုခက်ခက်ခဲခဲ မီးထိန်းနိုင်တာ တော်သေးတယ်လို့ပဲ ပြောရမှာပါ"ဟု မုံရွာမြို့ မီးသတ် ဦးစီးဌာနတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်ထောင်စု ၂၇ စုမှ လူဦးရေ ၁၁၁ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး မီးဘေးသင့်ပြည်သူများအား မုံရွာမြို့ အမက(၁၄) တွင် ကယ်ဆယ်စောင့်ရှောက်ထားကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

နိုင်ငံတကာ သတင်းဂျာနယ်

ဗဟန်း ကြားတောရလမ်း၌ လူသေမှုဖြစ်ပွား

ရန်ကုန် မေ ၂၆

ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေဘိုကျောင်းနှင့် ရတနာစကြာကျောင်းတိုက်အနီးတွင် အသက် (၃၀) ဝန်းကျင်ရှိ လူငယ်တစ်ဦး ဝါးကုလားထိုင်တွင် ထိုင်လျက် သေဆုံးနေသည်ကို မေ ၂၆ ရက် နံနက်ပိုင်းက တွေ့ရသည်။

အဆိုပါ သေဆုံးသူသည် မေ ၂၅ ရက် ညဦးပိုင်းက အရက်အလွန်အကျွံသောက်ကာ အမူးလွန်ပြီး ဝါးကုလားထိုင်တွင် တစ်ညလုံးရှိခဲ့ရာမှ သေဆုံးသွားခဲ့ကြောင်း အနီးအနားရှိဈေးသည်များကပြောသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ သတင်းပေးမှုဖြင့် ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်မှူးတို့က လာရောက်စစ်ဆေးပြီး ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊မဟုတ် သိရှိနိုင်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **(၁၉၇)**

ဆိုင်ကယ်ကယ်ရီမောင်းနှင်သူအား ဓားဖြင့်ထိုးပြီး ဆိုင်ကယ်လုယူထွက်ပြေး

ရန်ကုန် မေ ၂၆

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့သစ်(ဂ) ရပ်ကွက် ဘုရင့်နောင်ရိပ်သာ လာဒ်မိုးဆွေလမ်းအတွင်း၌ ဆိုင်ကယ်ကယ်ရီမောင်းနှင်သူအား ဆိုင်ကယ်ငှားစီးလာသူ (အမည်မသိ)က ဓားဖြင့်ထိုး၍ ဆိုင်ကယ်လုယူသွားကြောင်း သိရသည်။

မေ ၂၅ ရက် နံနက် ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် ဘုရင့်နောင်ရိပ်သာ လာဒ်မိုးဆွေလမ်းအတွင်း ဆိုင်ကယ်သမားဦးကျော်လှ (၅၅)နှစ် အမှတ်(၂၀)ပတ္တမြားလမ်း ကမ်းနားအနောက်နေသူ ဆိုင်ကယ်ကယ်ရီအား ဆိုင်ကယ်ငှားရမ်းစီးနင်းလာသော အမည်မသိသူတစ်ဦးက ဓားဖြင့်ထိုး၍ ဆိုင်ကယ်အား လုယူထွက်ပြေးသွားကြောင်းနှင့် အဆိုပါဖြစ်စဉ်နှင့် ပတ်သက်ပြီး ဓားဖြင့်အထိုးခံရသူ (ဆိုင်ကယ်ကယ်ရီမောင်းနှင်သူ)က အသင့်ပါလာသော လက်ကိုင်ဖုန်းဖြင့် ၎င်း၏ ဇနီးအားအကြောင်းကြားသဖြင့် ၎င်း၏ဇနီးက အင်းစိန်ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ဆေးကုသမှုခံယူကာ အင်းစိန်မြို့မရဲတပ်ဖွဲ့စခန်းသို့ အမှုဖွင့်၍ အင်းစိန်မြို့မရဲတပ်ဖွဲ့စခန်းက (ပ)/၁၉၄/၂၀၁၄၊ ပြစ်မှုပုဒ်မ-၁၉၄ အရ ပြစ်မှုကျူးလွန်သူကို စုံစမ်းဖော်ထုတ်ရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၆၈၄)**

ညောင်ဦးမြို့နယ်တွင် လစ်လပ်လျက်ရှိသော ပညာရေးဝန်ထမ်းများနေရာ၌ နေ့စားလပေးပညာရေးဝန်ထမ်းများ အဖြစ် ဖြည့်တင်းခန့်အပ်နိုင်ရန် ဆောင်ရွက်

ညောင်ဦး၊ ဧပြီ ၂၆

ညောင်ဦးတွင် လစ်လပ်လျက်ရှိသော ပညာရေးဝန်ထမ်းများနေရာ၌ နေ့စားလပေး ပညာရေးဝန်ထမ်းများ အဖြစ် ဖြည့်တင်းခန့်ထားလျက်ရှိရာ ညောင်ဦးမြို့နယ် ပညာရေးမှူးရုံးတွင် ဧပြီ ၂၄ ရက်က D.T.E.C လုပ်ငန်းခွင်အကြို ဆရာအတတ်ကျွမ်းကျင် ဒီပလိုမာသင်တန်း (၁၀/၂၀၁၄) တက်ရောက်ရန် လျှောက်ထားသူများနှင့် နေ့စားလပေး ပညာရေးဝန်ထမ်းများအဖြစ် လုပ်ကိုင်ဆောင်ရွက်လိုသူအများအပြားလာရောက် လျှောက်ထားမှုများ ရှိနေကြောင်း သိရသည်။

ယင်းသို့ လျှောက်ထားကြရာတွင် D.T.E.C သင်တန်း (၁၀/၂၀၁၄) တက်ရောက်ရန် လာရောက်လျှောက်ထားသူ ၂၃၀ ခန့်နှင့် နေ့စားလပေး ပညာရေးဝန်ထမ်း လာရောက်လျှောက်ထားသူ ၁၅၀ ခန့်ရှိကြောင်း၊ ဆက်လက်လျှောက်ထားလိုသူများရှိပါက ညောင်ဦးခရိုင်ပညာရေးမှူးရုံး၌ (D.T.E.C) သင်တန်း (၁၀/၂၀၁၄) လျှောက်လွှာအတွက် ဧပြီ ၃၀ ရက်နှင့် နေ့စားလပေးပညာရေးဝန်ထမ်းလျှောက်လွှာအတွက် ဧပြီ ၂၈ ရက်တို့တွင် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း၊ လျှောက်ထားလိုသူများသည် မှတ်ပုံတင်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (သို့) ဘွဲ့လက်မှတ်မိတ္တူ၊ မိဘအုပ်ထိန်းသူများ၏ ထောက်ခံချက်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်များ လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

သာစည်မြို့တွင်းရှိ မီးရထားသံလမ်းဂိတ်ကြီးကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားနေ

သာစည်၊ ဧပြီ ၂၆

မန္တလေး-မိတ္ထီလာ-တောင်ကြီး-တာချီလိတ်မြို့များသို့ ဆက်သွယ်ထားသော အဝေးပြေးကားလမ်းမကြီးက သာစည်မြို့လယ်ကောင်တွင် မီးရထားသံလမ်းကို ဖြတ်သန်းဖောက်လုပ်ထားရာ သံလမ်းဂိတ်ကြီးတွင် ဂိတ်ပိတ်မှု အချိန်ကြာသောကြောင့် မြို့လယ်ခေါင်တွင်း ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်နေသဖြင့် မြို့လူထုမှာ သွားလာမှုတွင် အခက်အခဲနှင့် ကြုံတွေ့နေကြရသည်ဟု ဆိုသည်။

သာစည်မြို့ မြို့လယ်ကောင်ရှိ မီးရထားသံလမ်းဂိတ်တွင် ယာဉ်ကြောပိတ်ဆို့နေမှုကို တွေ့ရစဉ်။

"ဂိတ်ပိတ်ထားတဲ့အချိန်တွေကြာတော့ ယာဉ်ကြောပိတ်ဆို့မှုတွေက နေ့စဉ်အမြဲ ဖြစ်ပေါ်နေတယ်။ ဂိတ်ရဲ့ အရှေ့ဘက်ခြမ်းမှာရှိတဲ့ ရပ်ကွက်တွေ မီးလောင်မှုဖြစ်ပေါ်နေမယ်ဆိုရင် ဂိတ်ရဲ့အနောက်ဘက်မှာရှိတဲ့ မီးသတ်ကားတွေက အချိန်မီလာနိုင်ပေမယ့် ဂိတ်ပိတ်ထားချိန် ကြန့်ကြာမှုကြောင့် တခြားတစ်ဖက်မှာ မလိုလားအပ်တာတွေ ဖြစ်သွားနိုင်ပါတယ်" ဟု အမှတ်(၇) ရပ်ကွက်မှ ပြန်/ဆက်ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးမျိုးသက်အောင်က ပြောသည် ။

သက်ဆိုင်ရာမှ ရထားနှင့် ယာဉ်ကြီး၊ ယာဉ်ငယ်များ တိုက်ခိုက်မှု မရှိစေရေးအတွက် အဆိုပါ သံလမ်းဂိတ်ကြီး တစ်ခုကို ထားရှိထားပြီး ရန်ကုန်-မန္တလေး အစုန်-အဆန် လူစီးရထားများ၊ ကုန်တင်ရထားများနှင့် ဘူတာရပ်ဝန်းအတွင်းမှ တွဲပြောင်း/တွဲရွှေ့ရန်တိမ်ရထားများ ဖြတ်သန်းမောင်းနှင်ချိန်တွင် ဂိတ်ကို ပိတ်ထားလေ့ရှိကြောင်းသိရသည်။

"အသက်အန္တရာယ်စိုးရိမ်ရတဲ့ လူနာတွေကို ဆေးရုံကို အချိန်မီပေးပို့ပေမယ့် သံလမ်းဂိတ်ကြီး ပိတ်ထားမှု အချိန်ကြာမြင့်မှုကြောင့် လမ်းတွင် အသက်ဆုံးရှုံးရတဲ့ လူနာတွေ အများကြီးပါ။ ဒါကြောင့် ဒီသံလမ်းဂိတ်ကြီးကို တခြားတစ်နေရာကို ပြောင်းရွှေ့ပေးဖို့ ကျွန်တော့်လိုပဲ မြို့လူထုက လိုလားနေကြပါတယ်"ဟု ဦးမျိုးသက်အောင်ကဆိုသည်။

သာစည်မြို့သည် မြန်မာနိုင်ငံတွင် မီးရထားလမ်းဆုံရာ မြို့ဖြစ်သဖြင့်လည်းကောင်း၊ တောင်ပိုင်း ရှမ်းပြည်ရှိ မြို့နယ်များနှင့် ကုန်စည်စီးဆင်းမှု ဆက်သွယ်သော မြို့ဖြစ်၍လည်းကောင်း၊ လူနေမှုထူထပ် စည်ကား၍ ယာဉ်ကြီး၊ ယာဉ်ငယ်ရှုပ်ထွေးသော မြို့တစ်မြို့ဖြစ်သည်။

မောင်ကို

ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်း

အိမ်မဲ၊ ဧပြီ ၂၆

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မြို့နယ်ကြက်ခြေနီအသင်းနှင့် ပညာရေးဌာနတို့ပူးပေါင်းကျင်းပသော ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲကို အိမ်မဲမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေညီလာခန်းမ ဧပြီ၂၄ ရက် နံနက်တွင် ကျင်းပကြောင်း သိရသည်။

ကျောင်းသား၊ ကျောင်းသူ အင်အား ၆၀ ခန့်တက်ရောက်ခဲ့သော ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်းကို စနစ်ကျနစွာ သင်ကြားပို့ချပြီး သင်တန်းဆင်းပွဲတွင် ထူးချွန်သင်တန်းသား/သူများကို ဆုများ အသီးသီးပေးအပ်ခဲ့ပါသည်။ အဆိုပါသင်တန်းဆင်းပွဲသို့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်၊ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်များ၊ သင်တန်းသူ သင်တန်းသားများနှင့် နည်းပြဆရာများ တက်ရောက်ကြသည်။

ဇော်ထက်(အိမ်မဲ)

ဝါးခယ်မမြို့နယ်တွင် မူလတန်းအတတ်ပညာ အထူးသင်တန်းဖွင့်

ဝါးခယ်မ၊ ဧပြီ ၂၆

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မြို့နယ်အခြေပြု မူလတန်းအတတ်ပညာ အထူးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၃ ရက် နံနက် ၈ နာရီက အ-ထ-က (၁) ဒေါ်ပိုက်မိ အားကစားခန်းမတွင် ကျင်းပခဲ့သည်။

သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးသင်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူးများ၊ လက်ထောက်မြို့နယ်ပညာရေးမှူးများနှင့် မြို့နယ်အခြေပြုမူလတန်း အတတ်ပညာအထူးသင်တန်း ဆရာ၊ ဆရာမ ၂၉၃ တက်ရောက်၍ သင်တန်းကာလမှာ တစ်လကြာ သင်ကြားပို့ချပေးသွားမည်ဟု သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး၊ မြောင်းမြခရိုင်၊ ပညာရေးမှူး ဒုတိယညွှန်မှူး ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက သင်တန်းဆိုင်ရာများကိုလည်းကောင်း၊ ဝါးခယ်မမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဆရာကြီး ဦးအေးကြွယ်က သင်တန်းဆိုင်ရာ စည်းကမ်းအချက်အလက်များကို ပြည့်စုံစွာဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ကျော်စိန်(ဝါးခယ်မ)

မုံရွာစီးပွားရေးတက္ကသိုလ်
စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA)နှင့်
ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမဟာဘွဲ့(MPA)
သင်တန်းတက်ခွင့်လျှောက်လွှာခေါ်ယူခြင်း

ဆက်သွယ်ရန်

Business Alliance Hub

ချင်းပြည်နယ်အစိုးရအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တင်ဒါခေါ်ယူရေးနှင့်လက်ခံရေးကော်မတီ

ဂုံရှမ်းဘာသာ ပိဋကတ်သုံးပုံ ကျောက်စာတိုင် ၂၄၀၀ စိုက်ထူမည်

တာချီလိတ်၊ မေ ၂၆

ဂုံရှမ်းဘာသာ ပိဋကတ်သုံးပုံ ကျောက်စာတိုင်များအား မန္တလေးမြို့၌ ရက်ပေါင်း ၂၄၀၀ ကြာထုလုပ်ပြီးနောက် တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်ရှိ ရွှေတိဂုံရင်ပြင်တော်နှင့် ဓမ္မာရုံအတွင်း ကျောက်စာတိုင် စုစုပေါင်း ၂၄၀၀ တိုင် စိုက်ထူပူဇော်မည်ဖြစ်သည်။

အဆိုပါ ပိဋကတ်သုံးပုံ ကျောက်စာတိုင်များမှာ စုစုပေါင်းတန်ဖိုးငွေကျပ်သန်း ၁၄၄၀ ရှိပြီး ယနေ့ထိ ၇၁၅ တိုင် စိုက်ထူပူဇော်ပြီးကြောင်းသိရသည်။

တာချီလိတ်မြို့ ရွှေတိဂုံရင်ပြင်တော်ဓမ္မာရုံ၌ဒေသသုံး ဂုံရှမ်းဘာသာ ပိဋကတ်သုံးပုံ ကျောက်စာတိုင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကိုလည်း မေ ၂၃ ရက်၊ နံနက် ၈ နာရီ ၄၅ မိနစ်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ၊ မဟာအောင်မြေမြို့နယ်၊ ဗန်းမော်ကျောင်းတိုက်မှ နိုင်ငံတော်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက် အတုလကာရီ ဆင်ကျောင်းတိုက်မှ နိုင်ငံတော်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တသြဘာသာဘိဝံသ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ မိုးကောင်းကျောင်းတိုက်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ ဥတ္တမဉာဏာဘိဝံသ၊ လှိုင်လင်မြို့နယ်၊ သာသနာ့ဝေပုလ္လဓာတ်တော်ကျောင်းတိုက်မှ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် နိုင်ငံတော်သံဃမဟာနယကအဖွဲ့ ဒေါက်တာဘဒ္ဒန္တပညာနန္ဒနှင့် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ရွှေတောင်ပါဠိတက္ကသိုလ်မှ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တတေဇနိယ၊ တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မသိရိအမှူးပြုသော သံဃာတော်များ ၊ သာသနာရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ ကျိုင်းတုံပြည်နယ်သာသနာရေးဦးစီးမှူး ဦးဌေးမြင့်၊ တာချီလိတ် စစ်ဗျူဟာ(အခြေချ)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်စွာလင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ အုပ်ချုပ်ရေးမှူးများနှင့် အလှူရှင်များတက်ရောက်ခဲ့ကြောင်း သိရသည်။

မော်ကြီး(တြိဂံနယ်မြေ)

ဖျာပုံ ခရိုင်မြို့တွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးအရေးယူဆောင်ရွက်ပေးရန်လိုအပ်နေ

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ရှိ အာဟာရသုခဈေးကြီး မီးဘေးလုံခြုံရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို မေ ၂၅ ရက် နံနက် ၈ နာရီတွင် ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမော်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက အာဟာရသုခဈေးတာဝန်ခံနှင့်အတူ ရေဂါလန်နှစ်သောင်းဆံ့ မီးသတ်ရေကန်များ ရေဖြည့်တင်းထားရှိမှုအခြေအနေနှင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက မီးသတ်ကားများ အလွယ်တကူရေရရှိနိုင်အောင် ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ သတင်းနှင့်ဓာတ်ပုံ- ရွှေကုက္ကို

ဖျာပုံ၊ မေ ၂၆

ဖျာပုံမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးမှုများကို မြို့အဝင်၊ မြို့အထွက် ဂိတ်ကြေးကောက်ခံသည့်နေရာများတွင်သာ ယာဉ်ထိန်းရဲတပ်ဖွဲ့က စစ်ဆေးအရေးယူမှုများရှိနေပြီး မြို့တွင်း စည်းကမ်းမဲ့ယာဉ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရန် ယခုအချိန်ထိ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ဒေသခံတို့ကပြောသည်။

"ကျွန်တော်တို့ ဖျာပုံမြို့မှာ အဝေးပြေးလမ်းမကြီးတွေနဲ့ ဖျာပုံတံတားကြီးကြောင့် ခရီးသွားဧည့်သည်တွေရဲ့ ကားတွေ နေ့နေ့ညည လာရောက်နေတဲ့အပြင် မြို့နေပြည်သူတွေရဲ့ ကိုယ်ပိုင်ကားတွေအပြင် ဆိုင်ကယ်ကယ်ရီတွေလည်း ခရီးသည် နှစ်ဦးကနေ သုံးဦးတင်ပြီး စည်းကမ်းမဲ့ အရှိန်ပြင်းပြင်း မောင်းတော့ ပိတ်ဆို့နေတဲ့ ယာဉ်ကြောတွေမှာ ယာဉ်တိုက်မှုတွေဖြစ်နေတာ နေ့စဉ်ပါပဲ။ အခုအချိန်ထိတော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ထိရောက်စွာ စစ်ဆေးအရေးယူမှုတွေမရှိတော့ ယာဉ်တိုက်မှုတစ်ခုဖြစ်လာရင် မတန်တဆလျော်ကြေးပေးပြီး ကျေအေးလိုက်ရတာလည်းရှိတဲ့အပြင် လူသေသွားရင်တော့ ဥပဒေအရ အရေးယူခံရတာပေါ့။ ဒါကြောင့် ဒီလိုဖြစ်စဉ်တွေ မဖြစ်ရအောင် ထိရောက်တဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်သင့်နေပြီ"ဟု ဒေသခံတစ်ဦးကပြောသည်။

ဖျာပုံခရိုင်၊ ဖျာပုံမြို့သည် ခရိုင်မြို့ဖြစ်သည်နှင့်အညီ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်မြင့်မားသည့်အပြင် မြို့နယ်လမ်းများတွင် လမ်းမကြီးများ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းသွယ်များကို ကွန်ကရစ်လမ်းများအဖြစ် ဆောင်ရွက်ထားရှိပြီးဖြစ်သဖြင့် ခရီးသွားဧည့်သည်များ၏ ကိုယ်ပိုင်ကားများ၊ ကုန်တင်ယာဉ်ကြီးများ၊ မြို့နေပြည်သူ များ၏ ကားများ၊ ဆိုင်ကယ်များ၊ စက်ဘီး၊ သုံးဘီးဆိုင်ကယ်၊ အနေးယာဉ်ဆိုက္ကားများ၊ ကယ်ရီဆိုင်ကယ်များ ပိုမိုများပြားစွာ နေ့စဉ်အသုံးပြု၍ ဖြတ်သန်းသွားလာနေကြရာတွင် အဓိကလမ်းဆုံ၊ လမ်းခွများတွင် မီးပွိုင့်များတပ်ဆင်ထားနိုင်မှုမရှိခြင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ အချက်ပြမှုများကို လိုက်နာရန် အားနည်းခြင်း၊ စည်းကမ်းမဲ့စွာ ကျော်တက်မောင်းနှင်ခြင်းတို့ကြောင့် နေ့စဉ် ယာဉ်တိုက်မှုများဖြစ်ပေါ်နေသည်မှာ အတန်ကြာနေပြီဖြစ်သည်။

ကျောင်း သား၊ ကျောင်းသူများနှင့် ကျေးလက်နေပြည်သူများ၊ သက်ကြီးရွယ်အိုများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း စစ်ဆေးအရေးယူမှုများကို သက်ဆိုင်ရာဌာနဆိုင်ရာများက လက်တွေ့ ထိရောက်စွာ အရေးယူဆောင်ရွက်မှသာ ပြည်သူများအ ဆင်ပြေမည်ဖြစ်သည်။

ချမ်းသာ(ဖျာပုံ)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အသိပေးကြေညာချက်
GOLDEN FAN V.15
ORIGINAL BILL OF LANDING
ဖုန်း- ၂၃၀၁၀၁၉၊ ၂၃၀၁၁၇၊ ၂၃၀၁၁၃
ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

Invitation to Open Tender
1. Opened Tenders are invited by Myanma Radio and Television, Ministry of Information, for the following machinery to be purchased in foreign currency (USD):
(a) 50 KW SW Radio Transmitter 1 Set
(b) DVB-T2 Set-top Box 100,000 Nos
(c) Pocket Radio(2 Band, FM & MW) 50,000 Nos
(d) Pocket Radio(9 Band FM, MW & SW) 50,000 Nos
2. Opened Tender Forms are available from 9-4-2014 till 8-5-2014 daily between(9:30 AM to 4:30 PM) at Myanma Radio and Television, Nay Pyi Taw(Tatkone)
3. Opened Tenders are to be submitted in the presence of the tender members on the 9-5-2014 between 09:30 AM to 4:30 PM) at Myanma Radio and Television, Nay Pyi Taw(Tatkone). Those tenders exceeding the closing date will not be taken into consideration.
4. Rules regarding the opened tender forms, List of machinery and details are available at the following address:- Machinery Purchasing Committee
Myanma Radio and Television, Nay Pyi Taw
Ministry of Information
Ph:067-79483,067-79135,067-79411

C Y L C
(4-skills)
Basic - level - 5 (4-skills, HSK) (2m)
Child course (4-skills, HSK) (3m)
Business In Chinese (I, II) (2m)
Ph: 09 73252441, 09 31857039, 09 5414457

မြေကွက်ရောင်းမည်

ခွေးရောင်းမည်
Alsatian
Chihuahua
Ph:09 420267148

အတွေးအမြင်ဆောင်းပါး

“ထန်းလျက်ဈေးနှုန်းနှင့် ထန်းတက်လုပ်ငန်းများ”

à armif;patmif

ဧပြီလအတွင်းထုတ်ဝေသော နိုင်ငံပိုင်သတင်းစာများ၊ စီးပွားရေးနှင့် တောင်သူလယ်သမားဂျာနယ်တို့တွင် ဖော်ပြလာသော ထန်းပင်၊ ထန်းလျက်လုပ်ငန်းများနှင့် ပတ်သက်သော ဆောင်းပါးများ ဖတ်ရှုရခြင်းကြောင့် အထက်အညာဒေသရှိ ထန်းတောကြီးများ၏အနာဂတ်၊ ထန်းတက်လုပ်သား ဝင်ငွေနည်း၍ အခြားလုပ်ငန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်လာသဖြင့် ထန်းတက်လုပ်သားရှားပါးမှု၊ ထန်းလျက်ဈေးနှုန်း နိမ့်ကျမှုတို့ကို အများပြည်သူ ဗဟုသုတဖြစ်ဖွယ် ဖတ်ရှုရ၍ လွန်စွာ အကျိုးရှိလှပါသည်။ ထန်းလျက်ဈေးနှုန်းနိမ့်ကျ၍ ထန်းတက်လုပ်သားများ ဝင်ငွေနည်းရသည်ဆိုသော အကြောင်းခြင်းရာနှင့်ပတ်သက်၍ ဈေးကွက်အတွင်းရှိသော မိမိအနေဖြင့် မိမိအမြင်ကို ရေးသားတင်ပြလိုက်ရပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၀-၁၁ ခုနှစ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ နှစ်ချုပ်စာရင်းအရ ထန်းစိုက်ပျိုးမှုမှာ တစ်နိုင်ငံလုံး စုစုပေါင်း ၉၆၁၀၈ ဧက ရှိပြီး ထန်းရည်ချို ထန်းလျက်နှင့် ထန်းရည်ခါးထုတ်လုပ်မှုမှာ ၇၃၅၈၃ ဧကရှိကြောင်း၊ ထန်းပင်မှ ထန်းရည်ခံပြီး ထန်းလျက်ချက်လုပ်သည့်လုပ်ငန်းအတွက် ထန်းတက်ဧကမှာ ၆၇၆၀၃ ဧကရှိကြောင်း၊ ထန်းတစ်ဧကမှ ပိဿာချိန် ထန်းလျက် ၃၈၁၀ ထွက်ရှိရာ စုစုပေါင်း ပိဿာချိန် ၂၅၈ သိန်း ထုတ်လုပ်ခဲ့ကြောင်း၊ လက်တွေ့တွင် ထန်းတက်လုပ်သားရှားပါးမှု၊ လောင်စာထင်းဈေးကြီးမှုတို့ကို ရင်ဆိုင်နေရကြောင်း၊ ထန်းလျက်ဈေးနှုန်း တည်ငြိမ်မှု မရှိကြောင်း၊ ဧပြီလ ၇ ရက်ထုတ် အပတ်စဉ်ဂျာနယ် တစ်စောင်တွင် ဖော်ပြထား၍ သိရပါသည်။

၂၀၁၃ ခုနှစ် မတ် ၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၅ တွင် “ထန်းပင်သိန်းချီရှိသော်လည်း ထန်းတက်လုပ်သားရှားပါး၊ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်ခြင်းကြောင့်ဖြစ်” ခေါင်းစဉ်ပါ ပခုက္ကူဒေသ သတင်းသမားတစ်ဦး၏ သတင်းရေးသားဖော်ပြချက်တွင် ပခုက္ကူခရိုင်အတွင်း ထန်းတောပေါင်း ၅၀၀၀ ကျော်၊ ထန်းပင်ပေါင်း သိန်းချီရှိသော်လည်း ထန်းတက်အသက်မွေးဝမ်းကျောင်းပြုသူမှာ တစ်ရွာလျှင် လူ ၁၀ ဦးပြည့်အောင်မရှိကြောင်း၊ ထန်းရာသီ ထန်းရည်ဖြိုင်ဖြိုင်ထွက်စဉ် ထန်းလျက်ပိဿာချိန် ၂၀ မှ ၃၀ ဝန်း ကျင်ရှိကြောင်း၊ ယင်းဒေသတွင် ထန်းပိုင်ရှင်တစ်ရက်၊ ထန်းသမား ၅ ရက် ထန်းတက်လုပ်အားခအနေဖြင့် ရရှိကြောင်း၊ ထန်းရာသီ အကောင်းဆုံးလများသည် တပို့တွဲ၊ တပေါင်း၊ တန်ခူးလများဖြစ်ကြောင်း၊ ထန်းလျက်ခုနစ်ပိဿာရရန် ထန်းအပင် ၁၀၀ ခန့်တက်ရကြောင်း၊ မှတ်တမ်းအရ မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်မတိုင်မီ ထန်းဧက ၁၂၇၇၃၉ ဧကရှိပြီး ၁၉၄၀-၄၁ တွင် ထန်းပင်ပေါင်း ၂၃၅၀၀၀၀ ရှိကြောင်း၊ ထန်းလျက်ပိဿာချိန် ၃၀,၇၂၀၀၀၀ သုံးကုဋေကျော်ထွက်ရှိကြောင်း၊ ၁၉၄၇ ခုနှစ်တွင် ထန်းတက်လုပ်သား တစ်သိန်းဝန်းကျင်ရှိသော်လည်း ယခုအခါ ရာဂဏန်းသာသာသာရှိကြောင်း၊ ဖေဖော်ဝါရီလကုန်တွင် ထန်းလျက် (သေး) တစ်ပိဿာ ၆၂၅ ကျပ်၊ ၆၀၀ ကျပ်၊ ထန်းလျက်ကြီးတစ်ပိဿာ ၅၄၀ ကျပ်ရှိကြောင်း ထပ်မံဖော်ပြထားသည်ကို ဖတ်ရှုခဲ့ရပါသည်။

၂၀၁၄ ခုနှစ် ဧပြီ ၂၃ နှင့် ၂၄ ရက်တွင် ကြေးမုံသတင်းစာပါ ဆောင်းပါးကဏ္ဍတွင် “အထက်အညာဒေသ ထန်းတောများ၏ အနာဂတ်ကံကြမ္မာ ပြန်လည်နာလန်ထူနိုင်ပါ့မလား” ဆိုသော ဆောင်းပါးပါလာပြန်ရာ ထန်းလျက်ဈေးနှုန်းပေါ် အဓိကထား ရေးသားထားသည်ကို ဖတ်ရှုရ ပြန်ပါသည်။

ဈေးကွက်အတွင်း အလုပ်လုပ်ကိုင်နေသူတစ်ဦးအနေဖြင့် ကုန်ဈေးနှုန်းများကို မျက်ခြည်မပြတ် လေ့လာသတင်းရေးသားသူဖြစ်ရာ ၂၀၁၀ မှ ၂၀၁၄ ခုနှစ်အတွင်း ထန်းလျက်ဈေးနှုန်းအခြေအနေ၊ စားသုံးသူများ ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူရသော်လည်း ထုတ်လုပ်သူများ အကျိုးခံစားခွင့်နည်းပါးခြင်း၊ ငွေကြေးဖြင့် ကုန်စည်သိုလှောင်သူများသာ အကျိုးအမြတ်များစွာရရှိနေသည့် ပြည်တွင်းကုန်စည်ဈေးကွက်အခြေအနေတို့ကို အဓိကထား ရေးသားပြလိုပါသည်။ ဖတ်ရှုပြီးသွားလျှင် အထက်အညာဒေသ ထန်းတောကြီးများ၏အနာဂတ် ကံကြမ္မာသည် မည်သူတို့တွင် တာဝန်ရှိသည်ဆိုသောအဖြေ ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

မြန်မာနိုင်ငံတွင် အများစု အဓိကစိုက်ပျိုးလုပ်ကိုင် ထုတ်လုပ်နေသော ဆန်စပါးအပါအဝင် မီးဖိုချောင်သီးနှံများဖြစ်သော ကြက်သွန်နီ၊ ငရုတ်၊ သကြားများ၏ဈေးနှုန်းသည် ၂၀၁၂ ခုနှစ်မတိုင်မီကာလများတွင် စိုက်ပျိုးထွက်ရှိသည့်အချိန် ငွေကြေးတတ်နိုင်သူများ ဝယ်ယူသိုလှောင်ချိန်တွင် ဈေးနှုန်းများ အစဉ်နိမ့်ကျနေသော်လည်း ဝယ်ယူသည့်ကာလလွန်ပြီး သိုလှောင်ကာလ လအနည်းငယ်အတွင်းမှာ ဈေးနှုန်းများမြင့်တက်သည်ကို နှစ်စဉ်မြင်တွေ့ခဲ့ရပါသည်။ စားသုံးသူများ ဈေးနှုန်းကြီးမြင့်မှုနှင့် တွေ့ကြုံခဲ့ရသော်လည်း ယင်းကုန်စည်စိုက်ပျိုးထုတ်လုပ်သူများ ဈေးနှုန်းအမြင့်ကို မခံစားခဲ့ရပါ။ ငွေကြေးစိုက်ထုတ်သိုလှောင်သူများသာ ငွေကြေးရင်းနှီးမြှုပ်နှံမှု အတိုးနှုန်းထက်ပိုသော အကျိုးအမြတ်ကို နေအိမ်အပြင်မထွက်ဘဲ ရရှိနေကြပါသည်။

လပေါင်းများစွာ နေပူ မိုးရွာတွင် ပင်ပန်းကြီးစွာ လုပ်ကိုင်ခဲ့သူများအနေဖြင့် မိမိတို့စိုက်ပျိုးထုတ်လုပ်သော သီးနှံပေါ်ချိန် နှစ်စဉ်ရနေကျဈေးနှုန်းထက် လျော့နည်းမသွားရန် မျှော်လင့်နေကြရသော်လည်း ဈေးနှုန်းအနိမ့်ဖြင့် သိုလှောင်သူများ ပုံမှန်နှစ်စဉ် ဈေးနှုန်းအမြင့်ဖြင့် ပြန်လည်ရောင်းချ အမြတ်ရနေသည်ကို ဆန်စပါးလောက၊ ကြက်သွန်၊ ငရုတ်အပါအဝင် ကုန်စည်ဈေးကွက်များတွင် မြင်တွေ့နေရပါသည်။

ဆန်ကြမ်း၊ ဆန်ချောတစ်အိတ်လျှင် စပါးပေါ်ချိန်ထက် ထုတ်ရောင်းချိန်တွင် ပျမ်းမျှအနည်းဆုံး ကျပ်နှစ်ထောင် မြတ်စွန်းလေ့ရှိပါသည်။ အချို့သောနှစ်များတွင် တစ်အိတ်လျှင် ငါးထောင်ဝန်းကျင်အထိ အမြတ်ရပါသည်။ နွေကြက်သွန်နီထွက်ပေါ်ချိန် တစ်ပိဿာ ၃၀၀၊ ၄၀၀ ကျပ်ရှိသော်လည်း ပုံမှန်နှစ်ကုန်ပိုင်းတွင် ကျပ်တစ်ထောင်ဝန်းကျင် ဈေးမြင့်လာပါသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် တစ်ပိဿာ ၁၈၅၀ ကျပ်ထိ ဈေးမြင့်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် ငရုတ်ရှည် (မြစ်ဝကျွန်းပေါ်) တစ်ပိဿာ ၂၅၀၀ ကျပ်အထက်ဖြင့် ရောင်းချမြတ်စွန်းခဲ့ရပါသည်။

ပြည်ပမှ သကြားတင်သွင်းမှုနည်းပြီး ပြည်တွင်းသကြားသာသုံးစွဲရချိန် သကြားသစ်ထွက်ပေါ်ချိန် တစ်ပိဿာ ၁၇၅၀ ကျပ်နှုန်း တိုးမြင့်တက်၍ လှောင်လက်တို့ အကျိုးအမြတ်များ ရရှိခဲ့ပါသည်။ ယင်းကာလ ပြည်ပဈေးကွက်တွင် သကြားကြမ်း အလေးချိန် တစ်ပေါင်လျှင် ဆင့် ၂၃ ဝန်းကျင်သာရှိ ငွေလဲနှုန်းဖြင့်တွက်လျှင် သကြားတစ်ပိဿာ ၈၀၀ ကျပ်ဝန်းကျင်သာရှိပါသည်။ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှစ၍ ပြည်ပသကြားများ ဝင်ရောက်လာချိန်မှစ၍ ပြည်တွင်းသကြားဈေးနှုန်း ကျပ် ၁၀၀၀ ဝန်းကျင်ဖြင့် ဈေးနှုန်းစတည်ငြိမ်လာပြီး စားသုံးသူများ ဈေးသက်သာစွာ ဝယ်ယူသုံးစွဲနေရပါသည်။

ပြည်တွင်းသကြားဈေးနှုန်း ၂၀၁၀ ခုနှစ်တွင် စံချိန်တင် တစ်ပိဿာ ၁၇၅၀ ကျပ်နှုန်းသို့ မြင့်တက်သကဲ့သို့ ညောင်ဦးဆေးခတ်ထန်းလျက် တစ်ပိဿာ ၂၀၁၀ ခုနှစ် နိုဝင်ဘာလဆန်းတွင် တစ်ပိဿာ ၁၆၃၀ ကျပ်ထိ စံချိန်တင်ဈေးမြင့်တက်ခဲ့ကာ ၂၀၁၁ ခုနှစ်တွင် တစ်ပိဿာ ၁၄၀၀ ကျပ်အထိ ဈေးမြင့်တက်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ထန်းလျက်သစ်ထွက်ပေါ်ချိန်တွင် ညောင်ဦးဆေးခတ်ထန်းလျက် တစ်ပိဿာ ၈၀၀ ကျပ်၊ ပခုက္ကူ တစ်ပိဿာ ၆၀၀၊ ၇၀၀ ကျပ်ဝန်းကျင်သာရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ် ထန်းလျက် အသစ် မထွက်ပေါ်မီ အချိန်ကာလဖြစ်သော ဇန်နဝါရီလဆန်းမှစ၍ ထန်းလျက်အမျိုးအစားများ၏ ဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၁၀၀၀ အထက်သို့ ရောက်ရှိသွားကြောင်း၊ ထန်းလျက်လှောင်လက်များ မည်မျှနှစ်စဉ် အကျိုးအမြတ်ရရှိနေသည်ကို အဆိုပါဈေးနှုန်းများအရ သိသာမြင်သာနိုင်ပါသည်။

ထန်းလျက်လုပ်သား ရှားပါးမှု၊ လောင်စာထင်း ဈေးကြီးမှုကို အကြောင်းပြပြောဆိုပြီး ယခုနှစ် ထန်းလျက်သစ် စတင်ဈေးကွက်သို့ ရောက်ရှိချိန် ၂၀၁၄ ခုနှစ် မတ်လဆန်းတွင် ၈၅၀၊ ၈၈၀ ကျပ်နှုန်းသို့ ဈေးကျခဲ့သော်လည်း ရက်ပိုင်းအတွင်း ဈေးနှုန်းများ ပြန်လည်မြင့်တက်ပြီး သင်္ကြန်မတိုင်မီ ဧပြီ ၈ ရက်တွင် တစ်ပိဿာ ၁၂၀၀ ကျပ်ထိ ဖြစ်သွားကာ သကြားတစ်ပိဿာ ၈၆၀၊ ၈၈၀၊ ၉၀၀ ကျပ်နှုန်းထက် တစ်ပိဿာ ၃၀၀ ကျပ် ဈေးမြင့်တက်နေသည်မှာ သဘာဝလည်းမကျ၊ ဖြစ်ရိုးဖြစ်စဉ်မဟုတ်ကြောင်းကို ဧပြီ ၁၁ ရက်တွင် တစ်ပိဿာ ၉၀၀ ကျပ်ထိ ပြန်လည်ဈေးကျဆင်းခြင်းမှ သက်သေပြနေပါသည်။

ထန်းလျက်ဈေးနှုန်းများမှာ ၂၀၁၀-၂၀၁၁ တို့တွင် တစ်ပိဿာ ၁၅၀၀ ကျပ်ဝန်းကျင်ဖြစ်ပြီး လက်ရှိပုံမှန်ဈေးနှုန်းထက် တစ်ဆမြင့်ပြီး စားသုံးသူများ ဈေးနှုန်းကြီးမြင့်မှုခံစားရချိန် ထန်းတက်လုပ်သားများ ဘဝအခြေအနေ မြင့်တက်လာခြင်း မရှိသည်ကို စာဖတ်သူများ သတိပြုမိရန် လိုပါသည်။ ထန်းလျက်ဈေးနှုန်းတက်တိုင်း ထန်းတောင်သူများ ဘဝအခြေအနေ မြင့်တက်လာမှုမရှိဘဲ လှောင်လက်တို့၏ အကျိုးစီးပွားဖြစ်ထွန်းမှုသာဖြစ်နေကြောင်း မြင်တွေ့နိုင်ပါသည်။

ထန်းတက်တောင်သူများ ဘဝအခြေအနေ မြင့်တက်လာမှုမရှိဘဲ လှောင်လက်တို့၏ အကျိုးစီးပွားဖြစ်ထွန်းလာမှုသာ ဖြစ်နေကြောင်း. . .

မိရိုးဖလာအသက်မွေးတစ်ခုအဖြစ် ထန်းတက်သမားများ ယခုတိုင်ရှိ နေဆဲဖြစ်သည်။ ဓာတ်ပုံ–နေရောင်(ရောဝတီ)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ကြေညာချက်

ဆောင်းပါး

ဘိုးတော်ဘုရား၏ကောင်းမှု ထူးခြားသည့် မင်းကွန်းခေါင်းလောင်းကြီးနှင့် ညီနောင်ခေါင်းလောင်းများ

à eEmrif;vG

ဘိုးတော်ဘုရားခေါ် ဗဒုံမင်း၏ ကောင်းမှုဖြစ်သည့် သမိုင်းဝင် ခေါင်းလောင်းကြီး (၃)လုံး၏ ထူးခြားလှသည့် ဆက်စပ်မှု အကြောင်းအရာများကို သိရှိသူအလွန်နည်းပါးမည် ထင်ပါသည်။ သို့ဖြစ်၍ စိတ်ဝင်စားကြသူများအတွက် မိမိတွေ့ရှိလေ့လာမှတ်သားထားသမျှတို့ကို သမိုင်းဗဟုသုတအဖြစ် လက်ဆင့်ကမ်းမျှဝေလိုပါသည်။ အဆိုပါ သမိုင်းဝင်ခေါင်းလောင်းကြီး သုံးလုံးမှာ ဗဒုံမင်းခေါ် ဘိုးတော်ဘုရား၏ ကောင်းမှုကမ္ဘာကျော် မင်းကွန်းခေါင်းလောင်းကြီးနှင့် စစ်ကိုင်းမြို့၊ ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီး၏ ရင်ပြင်တော်ပေါ်တည်ရှိနေသော ခေါင်းလောင်းနှစ်လုံးတို့ ဖြစ်သည်။

ဘိုးတော်ဘုရား၏ ကောင်းမှုဖြစ်သည့် မင်းကွန်းခေါင်းလောင်းကြီးကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် သက္ကရာဇ် ၁၁၇၀ ကဆုန်လဆန်း ၅ ရက် အဝအချင်း တစ်ဆယ့်တစ်တောင်လေးသစ်၊ လုံးပတ် သုံးဆယ့်သုံးတောင်တစ်မိုက် လေးသစ်၊ ဇောက်တစ်ဆယ့်သုံးတောင် တစ်မိုက်လေးသစ်ရှိသော ခေါင်းလောင်းကြီး၊ ကြေးချိန် ပိဿာ ငါးသောင်းငါးထောင်ငါးရာငါးပိဿာကို သဘင်ကြီးစွာခံတော်မူ၍ သွန်းလုပ်တော်မူသည်ဟု မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

မင်းကွန်းပုထိုးတော်ကြီး ခေါင်းလောင်းစာ(ပေမူ)တွင် 'ဘုရားရှင်မင်းတရား နန်းစံ ၂၆ နှစ် တေးသရမိမတ်။ သုဒ္ဓဒိန် တစ်ရာသုံးဆယ့်လေး။ စန္ဒရာမသအသာ တစ်ဆယ့်လေး၊ နယုန်လဆန်း ၁၄ ရက် သောကြာနေ့၊ နေ့ဒုတိယယံဆဲ့နာရီကစ၍ တစ်ပြိုင်နက် လပြည့်လထွက် ၃ ရက်နေ့ည ဒုတိယယံ။ ၆ နာရီ ၃ ပါတ်တိုင်ညွှန်းရသဖြင့် တထောင်မျက်စိအမြင်ရလျက် အရှိမထူး သကြားကူးလည်း အကူးမခံ၊ လူမဆံသော အကြံတော်အတိုင်း ပြီးစီး၊ အောင်မြင်ခြင်းသို့ ရောက်စေသတည်း' ဟု မှတ်တမ်းတင်ထားသည်ကို တွေ့ရပေသည်။ 'သုဒ္ဓဒိန်' ဆိုသည်မှာ ဗေဒင်ပညာအသုံးအနှုန်းအရ 'အတာတက်သောနေ့မှစ၍ နေ့ရက်ဖြင့်သာ ရေတွက်ရသောနေ့များ' ကိုဆိုလိုကြောင်း မြန်မာအဘိဓာန်တွင် အဓိပ္ပာယ် ဖွင့်ဆိုထားပေသည်။

ကောင်းမှုတော်ဘုရားရင်ပြင်တော်ရှိ ခေါင်းလောင်းနှစ်လုံးတို့၏ ခေါင်းလောင်းစာ၊ မင်းကွန်းခေါင်းလောင်း ပေမူစာနှင့် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၏ ဖော်ပြချက်တို့တွင် ခေါင်းလောင်းတော်ကြီး စတင်သွန်းလောင်းသည့် နေ့ရက်များနှင့် ခေါင်းလောင်းတော်ကြီး၏အလေးချိန်တို့ ကွဲလွဲနေသည်ကို တွေ့ရသည်။ ပေမူတွင် ဘုရားရှင်မင်းတရား နန်းစံနှစ်-၂၆ နှစ်ဟု ဆိုထားပြီး ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် သွန်းလောင်းနှစ်ကို သက္ကရာဇ် ၁၁၇၀ ပြည့်နှစ်ဟု ဖော်ပြထားသဖြင့် သွန်းလောင်းသည့် ခုနှစ်မှာမူ မလွဲမှားချေ။ မင်းကွန်းခေါင်းလောင်းကြီး၏ ဘွဲ့တော်ကိုမူ အဆိုပါပေမူနှင့် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတို့တွင် ဖော်ပြထားခြင်းမရှိသော်လည်း မင်းကွန်းခေါင်းလောင်းကြီး၏ ဘွဲ့အမည်ကို စစ်ကိုင်းမြို့၊ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်ကြီး၏ အရှေ့မြောက်ထောင့်နှင့် အနောက်ဘက်မျက်နှာတွင် တည်ရှိနေသော ခေါင်းလောင်းစာတို့တွင် ထူးခြားစွာ လေ့လာတွေ့ရှိရပေသည်။

ကောင်းမှုတော် စေတီတော်ကြီး၏ရင်ပြင်တော် အရှေ့မြောက်ထောင့်နှင့် အနောက်ဘက်တွင် တည်ရှိနေသော ခေါင်းလောင်းနှစ်လုံးတို့မှာ မင်းကွန်းခေါင်းလောင်းကြီးနှင့် ညီနောင်ခေါင်းလောင်းဟု ဆိုနိုင်ပေသည်။ ကောင်းမှုတော်ဘုရားကြီး၏ ရင်ပြင်ပေါ်သို့ ရောက်ရှိနေသော ခေါင်းလောင်းနှစ်လုံးမှာ မင်းကွန်းခေါင်းလောင်းကြီး သွန်းလောင်းရာမှ ကြွင်းကျန်သော ကြေးရည် ကြေးစက် ကြေးစတို့နှင့် သက္ကရာဇ် ၁၁၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်တို့တွင် သွန်းလောင်းထားခြင်း ဖြစ်သည်။ အဆိုပါ ခေါင်းလောင်းနှစ်လုံးမှာ မည်သည့်အချိန်ကာလက၊ မည်သည့်အကြောင်းကြောင့် စစ်ကိုင်းကောင်းမှုတော်ဘုရားကြီး ရင်ပြင်တော်ပေါ်သို့ ရောက်ရှိနေခဲ့ကြောင်း မသိရှိရချေ။ စစ်ကိုင်းကောင်းမှုတော်ဘုရား ရင်ပြင်တော်ရှိ ခေါင်းလောင်းညီနောင်၏ ခေါင်းလောင်းစာများအရ မင်းကွန်းခေါင်းလောင်းကြီး၏ ဘွဲ့မည်နှင့် အလေးချိန်ကို အတိအကျသိရှိခွင့် ရရှိလေပြီ။ ကောင်းမှုတော်ဘုရားရင်ပြင်တော်တွင် တည်ရှိနေသည့် ဘိုးတော်ဘုရား၏ ကောင်းမှုဖြစ်သော မင်းကွန်းခေါင်းလောင်းကြီး၏ ညီနောင်ခေါင်းလောင်းများကိုလည်း သမိုင်းတန်ဖိုးကြီးမားလှသဖြင့် စနစ်တကျ ထိန်းသိမ်းသင့်ကြောင်း သုတေသီများ လေ့လာနိုင်ရန် တင်ပြခြင်း ဖြစ်ပေသည်။

ကိုးကား –

၁။ စစ်ကိုင်းကောင်းမှုတော်ဘုရားရင်ပြင် (အနောက်ဘက်မျက်နှာနှင့် အရှေ့မြောက်ထောင့်တို့) တွင် တည်ရှိသော ဗဒုံမင်းကောင်းမှု ခေါင်းလောင်းများမှ ခေါင်းလောင်းစာ။

၂။ ဆရာကြီးဦးတင်မြင့်(ဇေယျာလှမိုး) စုဆောင်းပြုစုထားခဲ့သည့် ခေါင်းလောင်းစာများ။

၃။ ဦးမောင်မောင်တင်(၁)၏ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ (ဒုတိယတွဲ)။

> ခေါင်းလောင်းနှစ်လုံးတို့မှာ မင်းကွန်း ခေါင်းလောင်းကြီးနှင့် ညီနောင် ခေါင်းလောင်းဟု ဆိုနိုင်ပေ . . .

ညပိုင်း အရှိန်ပြင်းမောင်းနှင်သည့် ကားများအား ပူးပေါင်းအဖွဲ့များဖြင့် ဖမ်းဆီးသွားမည်

ရန်ကုန်၊ မေ ၂၆

ညအချိန်တွင် အရှိန်ပြင်းမောင်းနှင်သည့် ကားများနှင့် စည်းကမ်းမဲ့ မောင်းနှင်လျက်ရှိနေသော ကားများအား ပူးပေါင်းအဖွဲ့များဖြစ်သည့် နယ်မြေခံရဲ တပ်ဖွဲ့များ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ရင်းမှ တပ်ဖွဲ့ဝင်များဖြင့် ဖမ်းဆီးခြင်းကို ယခုရက်ပိုင်းမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မေ ၂၅ ရက်တွင် အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်) ၌ ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲတွင် ဒုတိယရဲမှူးကြီး လင်းထွဋ်က ပြောကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ပြည်လမ်း၊ ကမ္ဘာအေးစေတီဘုရားလမ်းနဲ့ ဝေဇယန္တာလမ်းတစ်လျှောက်မှာရှိတဲ့ ပွိုင့်တိုင်းမှာ အဖွဲ့တွေနဲ့စောင့်ပြီး ဖမ်းဆီးသွားဖို့ စီစဉ်ထားပါတယ်။ အခုလိုပြုလုပ်ရတာကိုက ညပိုင်း လူရှင်းတဲ့အချိန်တွေကျရင် စည်းကမ်းမဲ့အပြိုင်မောင်းနေတဲ့ကားတွေ များလာပြီး ယာဉ်တိုက်မှုတွေ ဖြစ်ပွားလာတာကြောင့် ညပိုင်းတွေပါစောင့်ပြီး ဖမ်းဆီးသွားဖို့ စီစဉ်တာပါ" ဟု ၎င်းကပြောကြားသည်။

ဆက်လက်ဆောင်ရွက်လျက်ရှိနေသော ညစဉ် ယာဉ်ပိတ်ဆို့စစ်ဆေးခြင်း၊ လှည့်ကင်းအဖွဲ့နှင့် ညစဉ် စည်းကမ်းမဲ့ယာဉ်များ ဖမ်းဆီးခြင်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောသည်။

ယခုလိုဖမ်းဆီးရာတွင် ပါဝင်သည့်တပ်ဖွဲ့ဝင်ဓာတ်ပုံများ အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ထားပြီး၊ အနိမ့်ဆုံးအဆင့် ဓာတ်ပုံမှတ်တမ်းရိုက်ယူ ဖမ်းဆီးခြင်း၊ မှတ်သားဖမ်းဆီးအရေးယူခြင်းများကို ပြုလုပ်သွားမည်ဖြစ်သည်။ ဥပမာအားဖြင့် အဆိုပါပွိုင့်တိုင်း ဖမ်းဆီးမှုကို လှိုင်တော်အရှေ့မှ စတင်ပြုလုပ် မည်ဆိုပါက ရှေ့တွင်ရှိသော ရှင်စောပုပွိုင့်၊ ဟံသာဝတီအဝိုင်းပွိုင့်၊ လှည်းတန်းပွိုင့်၊ အင်းယားပွိုင့်၊ ၈-မိုင်လမ်းဆုံပွိုင့် အစရှိသည့်ပွိုင့်အားလုံးတွင် အဆင့်ဆင့် ဆက်သွယ်ဖမ်းဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် ယခုလို အရှိန်ပြင်းမောင်းနှင်မှုများ၊ စည်းကမ်းမဲ့မောင်းနှင်မှုများကို ဖမ်းဆီးရာတွင် နိုင်ငံတကာအဆင့်မီ စက်ပစ္စည်း ကိရိယာများ လိုအပ်လျက်ရှိနေပြီး လူအင်အားဖြင့်သာ အရေးယူဖမ်းဆီးမှုများ ပြုလုပ်နေလျက်ရှိနေကြောင်း တွေ့ရသည်။ လက်ရှိအချိန်တွင် ညစဉ် ၁၁ နာရီခန့်တွင် တံတားဖြူမှတ်တိုင်အနီး ကန်လမ်း၊ ကမ္ဘာအေးစေတီဘုရားလမ်းနှင့် ဝေဇယန္တာလမ်းမကြီးများတွင် အသံကျယ်လောင်စွာဖြင့် အရှိန်ပြင်းမောင်းနှင်နေမှုများ ရှိနေကြောင်း သိရသည်။

မေ ၁၈ ရက်မှ ၂၄ ရက်ထိ တစ်ပတ်အတွင်း ယာဉ်တိုက်မှု ၃၇ မှု ဖြစ်ပွားစေခဲ့ပြီး လေးဦးသေဆုံးကာ ၄၆ ဦး ဒဏ်ရာရရှိခဲ့ကာ အဆိုပါယာဉ်တိုက်မှုများတွင် ကိုယ်ပိုင်ယာဉ်တိုက်မှု ၁၄ မှုအထိ ဖြစ်ပွားခဲ့ကြောင်း ထုတ်ပြန်သောစာရင်းများအရ သိရသည်။ **တင်မောင်ဦး**

73009869
73028433
73013432
ENGLISH
Mr.English
CHINESE KOREA MALAY
ဦးသင်းနှန်းလှ(UFL)
EPS (TOPIK) Japan

Survey Training (မြေတိုင်းသင်တန်း)
K & DL Co.,Ltd မှ မြေတိုင်းသင်တန်း
* Survey Instrument များဖြင့် လက်တွေ့ ...

အမြန်ဆက်သွယ်ပါ

(Expression of Interest)

စစ်ကိုင်းတောင်တက်လမ်းတွင် လမ်းတိုးချဲ့ခင်းကျင်း၍ ဆိုလာမီးတိုင်များထွန်းညှိ

စစ်ကိုင်းတောင်ရိုးရှိ ဥမင်သုံးဆယ်စေတီတော်မှ ဗုဒ္ဓရုပ်ပွားတော်များ။

စစ်ကိုင်း၊ မေ ၂၆

စစ်ကိုင်းတောင်ရိုးသို့ ဘုရားဖူး လာရောက်ကြသူများအား အန္တရာယ်ကင်းရှင်းစေရန်နှင့် သွားလာမှု အဆင်ပြေစေရန် တောင်တက်လမ်း တစ်လျှောက် လမ်းပိုင်းတိုးချဲ့ ခင်းကျင်းခြင်း၊ ဆိုလာမီးတိုင်များ စိုက်ထူထွန်းညှိပေးခြင်းများကို ဆောင်ရွက်ပေးထားကြောင်း ဆွမ်းဦးပုညရှင် ဂေါပကအဖွဲ့ထံမှ သိရသည်။

“စစ်ကိုင်းကို ရောက်တဲ့သူတိုင်း ဆွမ်းဦးပုညရှင်ဘုရားကို လာဖူးကြတယ်လို့ပြောနိုင်ပါတယ်။ အခုဆိုရင် ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်တွေ ဆွမ်းဦးပုညရှင်ဘုရားကို နေ့ညမရွေး လာရောက်ဖူးမြော်နိုင်ကြရအောင် ထွန့်ခေါင်ရွာအနီးက မုခ်ဦးကြီးကနေ တောင်တက်လမ်းတစ်လျှောက်မှာ အလိုအလျောက် မီးလင်းတဲ့ ဆိုလာမီးတိုင် တစ်ဆယ့်ရှစ်တိုင်ကို စိုက်ထူထွန်းညှိပေးထားပါတယ်။ မော်တော်ယာဉ်တွေ အန္တရာယ်ကင်းရှင်းစွာ တက်ရောက် ဖူးမြော်နိုင်ကြရအောင် တောင်တက်လမ်းကိုလည်း ချဲ့ထွင်ခင်းကျင်းပေးထားပါတယ်” ဟု ဆွမ်းဦးပုညရှင်ဘုရား၊ ဂေါပကဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်။

ပြည်တွင်းပြည်ပ ဘုရားဖူးများနှင့် နေ့စဉ် စည်ကားသည့် စစ်ကိုင်းတောင်ရိုးပေါ်တည်ရှိသည့် တန်ခိုးကြီးသမိုင်းဝင် စေတီတော်များအနက် ပြည်တွင်းပြည်ပ ဘုရားဖူးမြော်သူများ အများဆုံးလာရောက် ဖူးမြော်လေ့လာသည့် နေရာများမှာ သမိုင်းဝင်ဆွမ်းဦးပုညရှင်စေတီတော်နှင့် ဥမင်သုံးဆယ်စေတီတော်တို့ ဖြစ်ကြောင်း သိရသည်။ စစ်ကိုင်းတောင်ရိုးသို့ ဘုရားဖူးလာရောက်ကြသူအများစုတို့သည် ပထမဦးစွာ ဥမင်သုံးဆယ်စေတီတော်အား ဝင်ရောက်ဖူးမြော်လေ့လာကြပြီး စစ်ကိုင်းတောင်၏ အထွတ်အထိပ်စေတီဖြစ်သော ဆွမ်းဦးပုညရှင်ဘုရားသို့ ဆက်လက် ဖူးမြော်လေ့ရှိကြသည်။

“ဥမင်သုံးဆယ်ဘုရားက တည်ထားပုံ ထူးခြားမှုရှိတာရယ်၊ အဲဒီဘုရား ရင်ပြင်ပေါ်ကနေ ကြည့်ရင် မင်းဝံတောင်ရိုးနဲ့ စစ်ကိုင်းမြို့ရဲ့ ရှုခင်းသာတွေကို အေးအေးဆေးဆေး ကြည့်ရှု ခံစားနိုင်တာရယ်ကြောင့် နိုင်ငံခြားသားတွေရော ပြည်တွင်းဘုရားဖူးတွေပါ သဘောကျကြတယ်။

“အပြင်မှာ နေဘယ်လောက်ပူပူ ရင်ပြင်ပေါ်မှာ လေတဖြူးဖြူးနဲ့ နားနားနေနေ ရှုမျှော်ခင်းတွေ ကြည့်ရှုရတာ ကောင်းတယ်။ ဥမင်သုံးဆယ်နဲ့ မဟာဗောဓိဘုရား ရင်ပြင်တော်ပေါ်က ကြည့်ရှုရတဲ့ရှုခင်းတွေက တော်တော်ကို သာယာလှပတယ်။ အဲဒါကြောင့် နိုင်ငံခြားသားခရီးသွားဧည့်သည်တွေ သဘောကျကြတယ်” ဟု ခရီးသွား ဧည့်လမ်းညွှန်တစ်ဦးက ပြောပြသည်။

နာမည်ကျော် ဆွမ်းဦးပုညရှင်စေတီရင်ပြင်တော်ပေါ်မှလည်း စစ်ကိုင်းမြို့ ရှုခင်းများ၊ ဧရာဝတီမြစ်နှင့် ဆင်ဘိုးဘုရား၊ ဥမင်သုံးဆယ်ဘုရား စသည့် တောတောင်ရှုခင်းများကို ကြည့်ရှုခံစားနိုင်သဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးများသည် သဘောကျနှစ်သက်ကြကာ ဓာတ်ပုံများရိုက်ကူးကြခြင်း၊ မှတ်တမ်းတင်ခြင်းများကို အများဆုံးဆောင်ရွက်ကြကြောင်း သိရသည်။

နန္ဒာမင်းလွင်

ဂန့်ဂေါမြို့ ပျားကျေးရွာတစ်ရွာလုံးနီးပါး ပဲလှော်လုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေတိုးပွားလျက်ရှိ

ဂန့်ဂေါ၊ မေ ၂၆

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပျားကျေးရွာရှိ ပဲလှော်လုပ်ငန်းသည် ဒေသတွင်းဈေးကွက်တွင် နာမည်ကြီးလှပြီး ပဲလှော်လုပ်ငန်းဖြင့် ဝင်ငွေတိုးပွားနေကြောင်းလည်း သိရသည်။

“ဂန့်ဂေါမြို့နယ်မှာ ပဲလှော်လုပ်ငန်းလုပ်ကိုင်တဲ့ကျေးရွာဆိုလို့ ပျားကျေးရွာတစ်ခုတည်းသာ ရှိပါတယ်။ တစ်ရွာလုံးနီးပါး ပဲလှော်လုပ်ငန်းလုပ်ကိုင်ကြပါတယ်။ ပဲလှော်တွေကိုတော့ အနီးအနားက ဂန့်ဂေါမြို့တို့၊ ဂန့်ဂေါမြို့ကနေပြီးတော့ ပခုက္ကူတို့၊ မုံရွာတို့၊ မန္တလေးတို့ကို ပို့ပါတယ်၊ နောက်ပြီးတော့လည်း ဧည့်သည်တွေလာရင် လက်ဖက်သုပ်လေးနဲ့ရောပြီး ကျွေးရပါတယ်။ ဒေသထွက်ဆိုတော့ လက်ဆောင်ပေးလို့လဲကောင်းပါတယ်” ဟု ပျားကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ပျားကျေးရွာ ပဲလှော်လုပ်ငန်းခွင်တစ်ခုတွင် အဘွားအိုတစ်ဦး ပဲလှော်နေစဉ်။

ပဲလှော်ရာတွင် အသုံးပြုသည့် ပဲနီလုံးတစ်တင်းကို ရေစိမ်ပြီး ပဲလှော်ရာတွင် ၂၄ ပြည်ခန့်ထွက်ရှိပြီး ပဲလှော်တစ်ပြည်ကို ၁၂၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိသည်။ ပဲနီတစ်တင်းကို ဒေသပေါက်ဈေး ၆၅၀၀ ကျပ်ရှိကြောင်း ပျားကျေးရွာ ညီမလေးပဲလှော်လုပ်ငန်းမှ သိရသည်။

လင်းလက်ကြယ်စင်

မကွေးတိုင်းဒေသကြီး တပ်ပေါင်းကျေးရွာတွင် သောက်သုံးရေလုံလောက်စေရန်အတွက် ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ကန်တစ်ခု တည်ဆောက်ရန်လို

ဆိပ်ဖြူ၊ မေ ၂၆

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ကူရှည်ကျေးရွာအုပ်စု၊ တပ်ပေါင်းကျေးရွာတွင် စိမ့်စမ်းရေများကို ကျေးရွာပြည်သူများ သောက်သုံးရေအပြင်၊ မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက်ပါ အချိန်မရွေး၊ ရာသီမရွေး အပြည့်အဝအသုံးချနိုင်ရန် ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်ခု တည်ဆောက်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

တပ်ပေါင်းကျေးရွာသည် ဆိပ်ဖြူ-ပေါက် ကားလမ်းမကြီးဘေးတွင် အိမ်ခြေ ၃၆၀ ကျော်၊ လူဦးရေ ၂၀၀၀ ကျော်ရှိပြီး ရွာ၏အနောက်ဘက် နှစ်မိုင်အကွာရှိ မွန်ငယ်ချောင်းမှ လွန်ခဲ့သောငါးနှစ်ခန့်က ကျေးရွာကိုယ်ထူကိုယ်ထ ငွေအား၊ လူအားများဖြင့် စိမ့်စမ်းရေကို ပိုက်များဖြင့် အဆင့်ဆင့်သွယ်တန်း၍ ရွာအရောက်ရေသယ်ယူသုံးစွဲခဲ့ရပြီး နွေရာသီကာလ ယနေ့အထိ နှစ်လက်မပိုက်အပြည့် အဆက်မပြတ် ရေထွက်လျက်ရှိပြီး ရေထွက်နှုန်းမှာ တစ်နာရီလျှင် ဂါလန် ၄၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

အဆိုပါရေများကို ယခင်ကရေရရှိရေးအဖွဲ့မှ တည်ဆောက်ထားသော အလျား ၁၂ ပေ၊ အနံ ၈ ပေ၊ အမြင့် ၃ ပေရှိသည့် ရေဂါလန် ၁၈၀၀ ဆံ့ ရေကန်ကို အသုံးပြုနေခဲ့ရာ နှစ်ကြာလာသည်နှင့်အမျှ ရာသီဥတုဒဏ်၊ အသုံးပြုမှုများပြားခြင်းများကြောင့် ရေကန်ပတ်ချာလည်နှင့် အောက်ခြေများတွင် ပေါက်ပြဲခြင်း၊ ကွဲအက်ခြင်းများကြောင့် ရရှိသောရေများ အလဟဿဖြစ်လျက် ရှိနေသည်။

ထို့ကြောင့် ကျေးရွာနေပြည်သူများ သောက်သုံးရေရရှိရန်အပြင် ရာသီမရွေး ရေဖူလုံစွာ အသုံးချနိုင်စေရန်အတွက် ရေသိုလှောင်ကန်များကို ထိန်းသိမ်းခြင်း၊ ထပ်မံတူးဖော်ခြင်းများ ပြုလုပ်ရန် လိုအပ်နေကြောင်းသိရသည်။ **ကိုမျိုး(ဆိပ်ဖြူ)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကန့်ကွက်နိုင်ပါကြောင်း

ရောင်းမည်
Chatrium Hotel အနီးရှိ
ဖိုးစိန်ကွန်ဒို အခန်းများ (၁) ၁၅၇၀ Sqft
(၂) ၃၃၀၀ Sqft
ဖုန်း-၀၉-၅၀၇၄၁၄၅၊ ၀၉-၅၅၀၆၅၄၈

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြေ ၀.၇၅ ဧက - ရောင်းမည်
မင်္ဂလာဒုံမြို့နယ်-သာယာကျန်းကြီး
၀၉ ၄၃၂၀ ၇၃၅၅ (ပွဲစားမလို)

ဆောင်းပါး

မြန်မာ့ရိုးရာညောင်ရေသွန်းပွဲတော်

à ရွှေဘိုသီရိမာလာ

ကဆုန်လဟု ဆိုသည်နှင့် တစ်ပြိုင်နက် သျှောင်ဆံထုံးနှင့် အင်္ကျီဖြူဖြူတွင် ယောဂီတဘက်ကလေး ပခုံးတင်၍ အတာအိုးနှင့် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းပုံကို ဖြတ်ကနဲ မြင်မိပါသည်။

ဗုဒ္ဓဝင် စာအုပ်စာတမ်း၊ ပန်းချီများသည် လည်း ဤပုံကို အထူးပြုရေးဆွဲကြသည်။ ကဆုန်လသည် အပူဓာတ်လွန်ကဲသောလ ဖြစ်သလို အင်းအိုင်များ ရေခန်းခြောက်ချိန် ဖြစ်သည်။ ထို့ကြောင့် တန်ခူးရေကုန်၊ ကဆုန်ရေခန်းဟူ၍ ဆိုကြသည်။ ပူပြင်းလွန်း၍ ကဆုန်နယုန်ဆွေ့ဆွေ့ခုန်ဟူ၍လည်း ဆိုကြသည်။ သို့ပေမယ့် လကုန်ပိုင်းတွင် မုတ်သုံလေဆော်သွေး၍ မုတ်သုံမိုးတစ်ဖြိုက်နှစ်ဖြိုက် ရွာသွန်းတတ်သည်။ မိုးရေစွတ်စိုသော မြေပြင်သည် တစ်မူထူးခြားသော မြေသင်းနံ့ သင်းပျံ့ပျံ့ကို ရှူရှိုက်ရသော လဖြစ်သည်။ ရှေးမြန်မာလူကြီးသူမများက ကဆုန်လတွင် မြေသင်းပျံ့ပျံ့ မိုးနံ့နံ့ဟု ဆိုရိုးပြုခဲ့ကြသည်။ ဤလတွင် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်ပြီး မွန်းတည့်သောကြောင့် ‘ဝိသာခါမာသ’ ဟူ၍ ခေါ်ကြသည်။ ဗေဒင်ကျမ်းများအလိုအရ ‘ထရရာသီ’ ဟူ၍ ခေါ်ကြပြန်သည်။ ကောင်းကင်တွင် နက္ခတ်တာရာတို့သည် အားအစွမ်းဖြင့် ပြည့်စုံသော နွားလားဥသဖပုံ ဖြစ်ပေါ်နေသည်ကို အကြောင်းပြုကာ ပြိဿရာသီ ဟုအခေါ်များကြသည်။ ဝိသာခါနက္ခတ်နှင့် ဆင်တာရာတို့သည် မွန်းတည့်ကာ ငွေလမင်းကို ခြံရံသောလ ဖြစ်သည့်နည်းတူ ရှင်နေမင်းအား ကြတ္တိကာနက္ခတ်ကာဆီးထားပေသည်။ ရာသီပန်းအဖြစ် စကားပန်းပွင့်သော ဤလတွင် နေ့တာရှည်လာချေပြီ။ နေ့ ၃၂ နာရီ၊ ည ၂၈ နာရီဖြစ်ကာ နီးတည့်ဖဝါး နှစ်ဖဝါးဖြစ်သည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ ကဆုန်လပြည့်နေ့ကို ထူးမြတ်သောနေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကြသည်။ ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန် ဆိုသည်နှင့်အညီ ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓဝင်ဆိုင်ရာ ထူးခြားသော သမိုင်းမှတ်တိုင်များရှိခဲ့သည်။ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားစင်စစ်ဧကန် ဖြစ်လိမ့်မည်ဟု နိယတဗျာဒိတ်တော်ခံယူရရှိသည့်နေ့သည် ကဆုန်လပြည့်နေ့ဖြစ်သည်။

မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့ နံနက် တစ်ချက်တီးအချိန်တွင် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်၍ ဘုရားအလောင်းဖွားမြင်တော်မူခဲ့သည်။ ဘုရားအလောင်းတော်သည် သက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် သစ္စာလေးပါး သိမြင်တော်မူကြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ကာဠု-ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍကာ၊ သောဏ္ဍာ၊ ဗုဒ္ဓဟေဆိုသည်နှင့်အညီ ဖွားဘက်တော် ခုနစ်ပါးတွင် ပါဝင်သော ညောင်ဗုဒ္ဓဟေ(ဗောဓိပင်)သည်လည်း ကဆုန်လပြည့်နေ့တွင် ပေါက်ရောက်ခဲ့သည်။ သက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့၌ ဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နေ့ထူးနေ့မြတ်ကြီး ငါးပါးနေ့နှင့်ဆုံသော ညောင်ရေသွန်းပွဲတော်ကား ဂေါတမမြတ်စွာဘုရားသခင် ပွင့်တော်မူခဲ့ရာ ဗောဓိညောင်ပင်၏ ဆင့်ပွားဗောဓိညောင်ပင်များကို အမွှေးနံ့သာရည်များ၊ သန့်စင်သော ရေများဖြင့် သွန်းလောင်းပူဇော်ကြသည့် ပွဲတော်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့သည် ဗောဓိပင်၊ သပိတ်၊ သင်္ကန်း၊ ရေစစ်စသည့် ဗုဒ္ဓအသုံးအဆောင်တို့ကိုလည်းကောင်း၊ သို့မဟုတ် ထိုဗုဒ္ဓအသုံးအဆောင်တို့ကို ဥပနာပြု၍ တည်သော စေတီတို့ကိုလည်းကောင်း ပရိဘောဂစေတီဟု သတ်မှတ်ကြသည်။ မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်ကြီးမှ ဗောဓိပင်များ ပွားလာပုံမှာ- မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သတင်းသုံးနေတော်မူစဉ် တနေ့သောအခါ သာဝတ္ထိပြည်သူပြည်သားများသည် ပန်းနံ့သာဆွဲလျက် မြတ်စွာဘုရားအား ပူဇော်ရန်ရောက်လာကြ၏။ ထိုအချိန်တွင် မြတ်စွာဘုရားမှာ ဒေသစာရီ ကြွချီတော်မူခိုက်ဖြစ်၍ ဒါယကာ၊ ဒါယိကာမများမှာ စိတ် လက်မကြည်မသာဖြင့် ပြန်သွားကြရ၏။

ထိုအကြောင်းကို ရှင်အာနန္ဒာသိသောအခါ မြတ်စွာဘုရားအား “အရှင်ဘုရား ဒေသစာရီကြွတော်မူခိုက်တွင် ဇေတဝန်ကျောင်းတော်ကြီးမှာ ကိုးကွယ်ရာကင်းနေပါသောကြောင့် လူအများပူဇော်မှုပြုနိုင်ရန် ဇေတဝန်ကျောင်းတော်မုခ်ဝ၌ မဟာဗောဓိပင်မှ အစေ့ကို စိုက်လိုပါသည်ဘုရား” ဟုလျှောက်ထားခွင့်ပန်၏။

ထိုအခါ သုံးလူသနင်း တရားမင်းလည်း “ဂုင်းကို စိုက်ပျိုးထားလျှင် ငါအမြဲရှိသကဲ့သို့ ကောင်းလှပေသည်” ခွင့်ပြုတော်မူသည်။

ထို့ကြောင့် အရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းတော် တံခါးဝ၌ ဗောဓိပင်စိုက်ပျိုးရန်အတွက် ကောသလမင်းကြီး၊ အနာထပိဏ်သူဌေးနှင့် ဝိသာခါ ဒါယိကာမကြီးတို့အား တာဝန်ပေးသည်။ အရှင်မဟာမောဂ္ဂလန်မထေရ်သည် မူလမဟာဗောဓိပင်ကြီးမှ ကြွေကျသော ဗောဓိသီးမှည့်ကို မြေမရောက်မီ ခံယူခဲ့ပြီး ယူဆောင်လာရာ အစီအစဉ်အတိုင်း စိုက်ပျိုးကြလေသည်။ ထိုဗောဓိပင်ကို အရှင်အာနန္ဒာကြီးမှူးစိုက်ပျိုးသောကြောင့် ‘အာနန္ဒာဗောဓိ’ ဟု ခေါ်ကြသည်။ ထိုဗောဓိပင်ကို မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် လူအများကိုးကွယ်ပူဇော်ကြသည်ဟု ‘တေရသကနိပါတ် ကာလိင်္ဂဗောဓိဇာတ်’ ၌ လာရှိပေသည်။

အလွန်ရှေးကျသော ခေတ်ကပင် မြန်မာနိုင်ငံသို့ ဗောဓိပင်များ ရောက်နေပြီဖြစ်ကြောင်း သိသာပေသည်။ အတိအကျအခိုင်အမာအားဖြင့် ဆိုသော် ‘က(စိ)န်ပသ်ကူလေပြီအော်၊ ညောင်မိဖုန်’ ဟူသော သက္ကရာဇ် ၅၆၃ ခုထိုး၊ သင်္ကြီးညောင်အုပ်ကျောက်စာ (ကျော-၂-၃) နှင့် ‘မိဖုန်၊ သကြ်န်၊ စာရိယ်၊ ညောင်ရေသွန်း၊ မပြတ်စိတ်လျှင်တည်၏’ ဟူသော သက္ကရာဇ် ၆၅ ခုနှစ်စွဲ၊ ပုဂံမြို့ စောလှဝန်းဘုရားကျောက်စာ (ကျော-၂၂-၂၃) အထောက်အထားများအရ ပုဂံခေတ်တွင် မဟာဗောဓိညောင်ပင်များရှိနေပြီဖြစ်ကြောင်း ကိုးကား ကျွန်ုပ်တို့ အသေအချာ ဆိုနိုင်ပေသည်။

ရှေးမြန်မာမင်းတို့သည် ညောင်ရေသွန်းပွဲတော်ကို ပုဂံခေတ်၊ ပင်းယခေတ်တို့မှစ၍ ကျင်းပလာခဲ့သည်။ နေပြည်တော်တွင် ဘုရင်မင်းမြတ်ကိုယ်တိုင် ကြီးမှူးကျင်းပသဖြင့် အလွန်ကြီးကျယ် ခမ်းနားစည်ကားလှသည်။ တောင်ငူခေတ်စာဆိုမင်း ဇေယျနန္ဒမိတ်က နေပြည်တော်တွင် ညောင်ရေသွန်းပွဲတော် ကျင်းပပုံကို ကဗျာဖွဲ့ခဲ့သည်ကား “ကဆုန်တွင်လည်း ပြာစင်ဉာဏ်ဖြူ ရွှေပြည်သူတို့ သင်းမြကြိုင်စွာ၊ ရေနံ့သာဝယ်၊ ရင်းမာကွမ်းဘူး၊ စကားဦးနှင့် ထွန်းမြူးလျှံမောင်း၊ မွေတော်ပေါင်းကို၊ ပျံ့လှောင်းကြိုင်ရှင်း၊ အဲသီချင်းနှင့်၊ ပြန်တင်းရည်စောင်း အဆောင်ဆောင်သည်၊ ခါညောင်မသွန်းလှည့်လေလော့. . .” ဟူ၍ ဖွဲ့ဆိုခဲ့သည်။

မဟာအတုလမင်းကြီး၏ ကဆုန်လဘွဲ့တွင် “မြူခြေငယ်စွန်းပါလို့၊ နေဝန်းငယ်စက်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ဖန်သူရိန်တေဇောကြောင့်၊ ပူဗျာပါကဲတဲ့လကိုလေး၊ ရာသီငယ်ပြိဿ၊ မဟေသီလဲ၊ ရွှေညီခလို့၊ ပန်းမြစကားဝါ၊ ဝိသာခါနှင့်၊ တာရာခြံရံ၊ စန်းယုန်ငွေဖန်သည့်နှယ်၊ ဆန္ဒန်ပိုင့်ဗွေပုံမှာ၊ လကဆုန်ညောင်ရေပွဲချိန်မို့၊ သဲလှတယ်လေး” ဟု ဖွဲ့ဆိုထားသည်။ ကဆုန်လကို အောက်ခံစိမ်းပြာလဲ့၍ ခရမ်းရင့်ရောင်၊ အပြောက်အစင်းများနှင့် နှစ်သက်ဖွယ်ရှိသော ကျီးဥကိုတော၏ အစိမ်း၊ ကောင်းကင်၏ အပြာတို့နှင့် နှိုင်းဖွဲ့ချင်အောင် ကဆုန်လ၏ တောအလှ၊ တောင်အလှ၊ ကောင်းကင်အလှများ ဖမ်းစားခံရသော အမျိုးသမီးစာဆိုတော် မယ်ခွေက စာပန်းချီရေးခြယ်ခဲ့သည်။ “ကဆုန်ငယ်မှရတု၊ မြနီလာစစ် အပြာရစ်နှင့် ရှစ်မျက်နှာဆို၊ တောတနိမှာ၊ ပျိုနုနုနှင့် ကျီးဥမှလဲ့ပြာ၊ စံကားထုံသင်း၊ ဂေါဇာချင်းတွင်၊ တုကင်းလွတ်ကွာ၊ ငှက်ပေါင်းသာလို့၊ ညှာခြွေငယ်စံသည့် ယုဂန်မှာတိမ်တပုံက ဂဠုန်လို့ဝဲ” ဟူ၍ ကဆုန်ဖွဲ့အဲချင်းကို ဖွဲ့ဆိုခဲ့လေသည်။

ကင်းဝန်မင်းကြီးက ကဆုန်လဘွဲ့ သံပေါက်တွင် “ကဆုန်ပြိဿကောင်းကင်ဝ ထွန်းပဝိသာခါ၊ စကားပွင့်ဆဲ ညောင်ရေပွဲ သွန်းမြဲအချိန်သာ” ဟူ၍ ဖွဲ့ဆိုခဲ့၏။

ဘိုးသူတော်ဦးမင်းက ကဆုန်လဘွဲ့သဖြန်တွင် “စကားဝါငုံသင်းလို့ ကြယ်မင်းတဲ့ဝိသာခါ၊ တိမ်ဗွေမှာ ရောင်ခြည်ရွှန်း၊ ထွန်းတဲ့ချိန်ခါ၊ စုံကန္တာမဟာမြိုင်ထဲ၊ ရွှေကျင်းပျံသင်လို့ စံပျော်ရှင်ထိုကူးလို့ငယ် မျိုးကြစမြဲ” ဟု ရေးဖွဲ့သီကုံးခဲ့သည်။

ဆက်လက်ဖော်ပြပါမည်။

ရှေးမြန်မာမင်းတို့သည် ညောင်ရေသွန်းပွဲတော်ကို ပုဂံခေတ်၊ ပင်းယခေတ်တို့မှစ၍ ကျင်းပလာခဲ့ . . .

လက်တွေ့သုံးဘာသာစကားသင်တန်းများ
Practical English
Grammar+Writing
EVER TOP
Ph: 095770096
0973040610
IMCS LTD
Service Engineering
CSCU
CCNA ရုံးတက်ခြင်း (1000)
(Lab Support : CCIE Level Devices)
OTHER COURSES
MCSA CCNA A+
CEH CCNP N+
CSCU AUTOCAD ASP
SERVER M&E PHP
JAVA
J2SE
J2EE
J2ME

ဝမ်းနည်းကြေကွဲခြင်း

ဦးရွှေ

အသက်(၈၃)နှစ်

ဦးမောင်မောင်ကြီး-ဒေါ်တင်တင်မွှေး(Natural Clay Co.,Ltd)တို့၏ ဖခင် ဦးရွှေသည် ၆-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူရဦးသောင်းလွင်-ဒေါက်တာ ရီရီထွေးနှင့် မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်(မန္တလေး)

အသက်(၉၇)နှစ်

ဒေါက်တာဒေါ်ပို(အထူးကုဆရာဝန်)ဆေးပညာ၊ မုံရွာပြည်သူ့ဆေးရုံကြီး၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်တင်သည် ၂၁-၄-၂၀၁၄ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစု နှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်နွယ်နွယ်တင်၊ ဒေါ်ချိုချိုမာ၊ ဒေါ်မိုးမိုး၊ ဒေါ်အေးခိုင် (မုံရွာမြို့)

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

သုဓမ္မသိင်္ဂီဒေါ်ညွန့်ဝေ (လက်ပံတန်း)

အသက်(၆၇)နှစ်

(စိန်ရွှေရတနာဆိုင်)

လက်ပံတန်းမြို့၊ မြို့မရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၁၅)နေ (ဦးအောင်သန်း)၏ဇနီး၊ ဦးအောင်မြင့်ကျော်၊ ဦးဇော်မင်းအောင်-ဒေါ်ဇင်မာဦး၊ ဦးဝင်းကိုကို-ဒေါ်ညိုမိရှိန်(ခ)ဘေဘီ၊ ဒေါက်တာ ဝင်းဗိုလ်ဗိုလ်တို့၏မိခင်၊ မခင်ဝတ်ရည်ဝေ၊ မဇင်ဇင်ဇော်ဝေ၊ မောင်ကောင်းမင်းထိုက်တို့၏အဘွား သုဓမ္မသိင်္ဂီ ဒေါ်ညွန့်ဝေသည် ၂၂-၄-၂၀၁၄ရက်(အင်္ဂါနေ့)တွင် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရွှေသရဖူ(ရွှေပန်းထိမ်)မိသားစု
၄၄-လမ်း၊ ဗိုလ်တထောင်

အသက်(၃၁)နှစ် [illegible]

[illegible] (ခ) [illegible]

၂၇-၄-၂၀၁၃ ♥ ၂၇-၄-၂၀၁၄

[illegible] VELLAMMAL [illegible]

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း)

အသက်(၇၈)နှစ်

ကြည်း/၈၅၈၁၊ OTS(26)

ဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း)သည် ၂၂-၄-၂၀၁၄ရက် ည ၉း၅၇နာရီတွင် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်-၃၁/၂၁၈ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ခမရ/(၁၀၅) တာဝန်ထမ်းဆောင်ခဲ့သော တပ်မတော်သားအရာရှိ/စစ်သည်မိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

တောင်ငူမြို့နေ(ဦးစိုးသိန်း)-ဒေါ်ထားမြင့်တို့၏သမီး၊ ရန်ကုန်မြို့၊ ကမ္ဘာအေး၊ ဂမုန်းပွင့်ကွန်ဒို၊ အခန်းအမှတ်-5C နေ ဒေါက်တာကျော်စိုးလင်း(Htoo Construction Development Group)၏ဇနီး၊ မခြူးဇကရီကျော်(3rd Year B.I.T MCC)၊ မရွှန်းလဲ့မှူးကျော်(G-VIII၊ အထက-၂၊ ဗဟန်း)တို့၏မိခင် ဒေါက်တာ ခိုင်ကြွယ်စိုး B.V.Sc(Yzn) အသက်(၄၇)နှစ်သည် ၂၃-၄-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားပါ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးသီဟ-ဒေါ်ရွှေရွှေလင်း
ဒု-ဥက္ကဋ္ဌ ထူးကုမ္ပဏီများအုပ်စု

အထူးဝမ်းနည်းကြေကွဲခြင်း

၂၁-၄-၂၀၁၄ရက် နံနက် ၆း၃၀နာရီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

Royal Zarmini
မိသားစု

ဒေါက်တာဦးသိန်းမောင်မြင့်

အသက်(၇၈)နှစ်

ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ကျန်းမာရေးလုပ်သား/အင်အားဦးစီးဌာန ရက်လည်ဆွမ်းကျွေးအလှူ

၁၉-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားသော ဘိုးဘိုး ဒေါက်တာ ဦးသိန်းမောင်မြင့် အတွက် ရည်စူး၍ ၂၅-၄-၂၀၁၄ရက်တွင်ပြုလုပ်သော ကောင်းမှုကုသိုလ်အစုစုကို အမျှပေးဝေပါသည်။ ဘိုးဘိုး မြင့်မြတ်၍ အေးချမ်းသောဘုံဘဝကနေ သာဓုခေါ်ယူနိုင်ပါစေ။

ချစ်မြေးများ-နိုင်ဖြိုးဝင်း(NY/U.S.A)၊ စိုးသူရထွေး(Golden Myanmar Airline, Flight Attendant)၊ နေမျိုးနိုင်(Computer Science Queen's College. NY/U.S.A)၊ စုပြည့်ဖြိုးလွင်(3rd Year English)၊ သက်မြတ်နိုးလွင် (2nd Year Myanmar)၊ သက်အောင်နိုင်လွင် (2nd Year MP) နည်းပညာတက္ကသိုလ် လှိုင်သာယာ၊ ရဲလင်းနိုင်မြင့်၊ စန္ဒီနိုင်မြင့်၊ ညဏ်လင်းထက်နိုင်၊ မင်းခန့်စည်သူ၊ အိမြတ်နိုင်

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကြာမိုး

အသက်(၈၈)နှစ်

တောင်ကြီးမြို့၊ ကန်အရှေ့ရပ်ကွက်၊ မြကန်သာလမ်း၊ အမှတ်(၅၆)နေ ဒေါ်ငွေစိန်၏ခင်ပွန်း၊ ဦးမြင့်သိန်း-(ဒေါ်ခင်ခင်ထွေး)၊ ဦးလှမြင့်-ဒေါက်တာ ဒေါ်အေးအေးမွန်တို့၏ဖခင် ဦးကြာမိုး အသက်(၈၈)နှစ်သည် ၂၁-၄-၂၀၁၄ရက်(တနင်္လာနေ့)ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဦးရန်ဟော်-ဒေါ်ခင်ခင်ထက်**

[illegible](၁)နှစ်ပြည့်အလွမ်းမှတ်တမ်း

ဦးခင်မောင်မြင့်(ခ)ဆရာခိုင်ကျော်

[illegible]

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ညွန့်ညွန့်သန်း

အသက်(၆၃)နှစ်

ဦးဇော်မြင့်(Nagoya)၏ဇနီး ဒေါ်ညွန့်ညွန့်သန်းသည် ၂၃-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဆာကူရာတာဝါမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်လှ

အသက်(၉၂)နှစ်

မိကျောင်းရဲမြို့

ဗိုလ်ကြီးလင်းဦး(ငြိမ်း)(ဒု-ညွှန်မှူး၊ မကွေးတိုင်းစည်ပင်)-ဒေါ်ခင်သန္တာညွှန့်(ခရိုင်ဦးစီးမှူး၊ က. ည. န မင်းဘူး)တို့၏ မိခင်၊ (ဦးဘမှိ)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်လှသည် ၃-၄-၂၀၁၄ရက် နံနက် ၉း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၅)မှ ကျောင်းဆင်းအရာရှိများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းမြင့်

အသက်(၇၄)နှစ်

ဦးမြဟန်၊ ညွှန်ကြားရေးမှူး(ငြိမ်း)သမိုင်းသုတေသနဦးစီးဌာန(အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့)၏ဇနီး ဒေါ်သန်းမြင့်သည် ၂၄-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာသမိုင်းအဖွဲ့
ယဉ်ကျေးမှုဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

၂၁-၄-၂၀၁၄ရက် နံနက် ၆း၃၀နာရီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

တေးသံရှင်သျှီနှင့် ဒါရိုက်တာကြည်ဖြူသျှင်

ဝမ်းနည်းကြေကွဲခြင်း

ဟံသာဝတီဦးဝင်းတင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင်

၂၁-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ကိုသီဟ — **ကိုခင်မောင်ချို**
I'DEACLUB — **ရွှေငါးမောင်မောင်ပင်လယ်စာ**
နိုင်ငံခြားဖြစ်အိတ်မျိုးစုံ — **ဖြန့်ချိရေး၊ လမ်းမတော်။**
ဖြန့်ချိရေး၊ ယုဇနပလာဇာ

တစ်နှစ်ပြည့်လွမ်းဆွတ်

၂၇-၄-၂၀၁၃ - ၂၇-၄-၂၀၁၄

ဆရာမဒေါ်အိပပထွေး

(ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ကမာရွတ်-TTC)

ပလေး. . .

ပလေးကို အကြောင်းပြုရည်စူးပြီး ပလေး သံဃာဆောင် လှူထားတဲ့ ဆရာတော်ရဲ့ကျောင်းမှာ တို့တစ်တွေ ဘုရားတည်ကြတယ်။ မေ့နိုင်မယ်လို့ထင်လား ပလေး. . . လောဘ၊ ဒေါသ၊ မောဟ၊ သောကတွေဆိုတဲ့ လောကဒဏ်တရားတွေဆီမလာနဲ့တော့နော်။ ပလေးရဲ့ ကုသိုလ်တွေရော တို့တစ်တွေရဲ့ကုသိုလ်အမျှပေးဝေမှုအားလုံးရအောင်ယူ နိဗ္ဗာန်ကို ရောက်အောင်သွားပေါ့ကလေးရယ်။

တစ်နေ့မှမမေ့တဲ့ လွမ်းဆွတ်မှုတွေနဲ့

မေမေနဲ့မိသားစု

---

၂ လပြည့်လွမ်းဆွတ်သတိရခြင်း

ကျေးဇူးရှင် အနန္တဂိုဏ်းဝင် ချစ်ခင်ပွန်းဦးရဲမြင့် ၂၇-၄-၂၀၁၄ရက်တွင် ကွယ်လွန်သည်မှာ (၂)လပြည့်ခဲ့ပြန်ပါပြီ။

သံသရာဝဋ်ဆင်းရဲအတွင်းမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ ပြေးမလွတ်တဲ့တရားတွေကို မြတ်ဗုဒ္ဓဟောကြားခဲ့တာတွေသိပါလျက်နဲ့ အသိရှိပေမယ့် သတိမဲ့ခဲ့ပါတယ်မောင်ရယ်။

မိသားစုဘဝထဲကနေ ရုတ်တရက်နှုတ်မဆက်ဘဲ ခွဲခွာသွားတာ စောလွန်းပါတယ် မောင်ရယ်။

မိသားစုတွေပြုသမျှ ကောင်းမှုကုသိုလ် အထိုအထိုကို ငြိမ်းချမ်း၊ မြင့်မြတ်တဲ့ ဘုံဘဝမှ ကြားသိ၍ သာဓုခေါ်ဆိုနိုင်ပါစေ။

မောင်ရေ အမျှ အမျှ အမျှ **ချစ်ဇနီး-ဒေါ်မြင့်မြင့်တင်**

အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

ဦးခင်လှ

အသက် (၇၁)နှစ်

၁၀-၄-၂၀၁၄ရက်(ကြာသပတေးနေ့) တွင် ကွယ်လွန်သွားသော ဦးခင်လှအား နာမကျန်းဖြစ်စဉ် စောင့်ရှောက်ကုသပေးပါသော သီရိစန္ဒာဆေးရုံမှ M.D ဦးတင်မြင့်နှင့် ဆရာဝန်ကြီးများ၊ ဂရုတစိုက်ပြုစုပေးပါသော သူနာပြုများ၊ ဝန်ထမ်းများ၊ ရန်ကုန်ဆေးရုံကြီး၊ မျက်နှာနှင့်မေးရိုးဌာနမှ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ဝန်ထမ်းများ၊ နာမကျန်းဖြစ်စဉ် ဝိုင်းဝန်းကူညီပေးကြသော ညီအစ်ကို မောင်နှမများ၊ တူ/တူမများ၊ဦးခင်လှ၏ နောက်ဆုံးခရီးတွင် လိုက်ပါပို့ဆောင်ပေးကြသူများ၊ ဝိုင်းဝန်းကူညီကြသူများ၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများပေးပို့ ကြသူများ၊ ရပ်ဝေးရပ်နီးသတင်းမေးကြသူများ၊ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေ သူငယ်ချင်းများ၊ စိန်ရတနာ နာရေးကူညီမှုအသင်းနှင့် နံ့သာသင်္ဂဟအသင်းမှ ကူညီကြသူများ၊ အဝေယာလမ်းသူ/လမ်းသားများအား ကျန်ရစ်သူမိသားစုမှ ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း

ဦးလှမြင့်(GM, Asia World Co., Ltd.)-ဒေါက်တာအေးအေးမွန်တို့၏ဖခင် ဦးကြာမိုး(တောင်ကြီးမြို့)သည် ၂၁-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထွေထွေမန်နေဂျာနှင့်ဝန်ထမ်းများ
Global World Insurance Co., Ltd.

ကျေးဇူးအထူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးထွန်းရီ အသက်(၈၈)နှစ်
ဒုတိယဗိုလ်ချုပ်ကြီး၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) (ငြိမ်း)၊
ဥက္ကဋ္ဌ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

၄-၄-၂၀၁၄ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားသော ဦးထွန်းရီ (ဒုတိယဗိုလ်ချုပ်ကြီး၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်) (ကြည်း) (ငြိမ်း) အသက်(၈၈)နှစ်အား နာမကျန်းဖြစ်စဉ် စောင့်ရှောက်ကုသပေးခဲ့သော ရန်ကုန်မြို့ SSC ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကြပ်မတ်ကုသဆောင်မှ သမားတော်ကြီးများ၊ ဆရာဝန်၊ ဆရာမများနှင့် ဆေးရုံဝန်ထမ်းများအားလည်းကောင်း၊ နောက်ဆုံးခရီးသို့ အင်တိုက်အားတိုက် ကိုယ်တိုင်ကိုယ်ကျ လိုက်ပါပို့ဆောင်ပေးသူများအားလည်းကောင်း၊ နာရေးကိစ္စဆောင်ရွက်ခဲ့စဉ် တစ်လျှောက်လုံး လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ နိုင်ငံရပ်ခြားမှ E-mail၊ တယ်လီဖုန်းများဖြင့် ဆက်သွယ်၍လည်းကောင်း၊ သက်န်း၊ လှူဖွယ်ပစ္စည်း၊ ငွေကြေးအကူအညီ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများပေးပို့၍လည်းကောင်း၊ ဝမ်းနည်းကြောင်း သတင်းများအား သတင်းစာများတွင် ထည့်သွင်း၍လည်းကောင်း၊ အားပေးနှစ်သိမ့်ကူညီပေးကြပါသော နိုင်ငံတော်သမ္မတကြီးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကြည်း၊ ရေ၊ လေ တပ်မတော်မိသားစုများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အကြီးအကဲဟောင်းများ၊ လုပ်ဖော်ကိုင်ဖက်များ ၊ စစ်တက္ကသိုလ်မှတပည့်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ နာရေးကိစ္စအစမှအဆုံးတိုင် ကိုယ်တိုင်ကိုယ်ကျ ကူညီပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများ၊ ရန်ကုန်မြို့ မြို့တော်ဝန်နှင့် စည်ပင်သာယာရေးကော်မတီ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ပေးသော မင်္ဂလာဒုံစစ်ဆေးရုံမှ တပ်မှူးကြီးနှင့်ဆေးမှူးများ၊ ဆေးတပ်သားများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ပါတီခေါင်းဆောင်များ၊ ပါတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ခေတ်သစ်ပြည်သူ့ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)အစရှိသော နိုင်ငံရေးပါတီအသီးသီးမှ ပါတီခေါင်းဆောင်များ၊ ပါတီဝင်များ၊ မြန်မာ GOLF CLUB မှ ကစားဖော်မိတ်ဆွေများ၊ ကျေးဇူးတင်ထိုက်သူအားလုံးနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

♦ မိသားစုများဘက်မှ လစ်ဟင်းချို့ယွင်းချက်များရှိပါက နားလည်ခွင့်လွှတ်ပေးစေလိုပါကြောင်း။

ဇနီး ဒေါ်တင်တင်အေးနှင့် ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးခမ်းဆိုင်မြတ်(လားရှိုး) အသက်(၁၀၃)နှစ်

လားရှိုးမြို့၊ ကောင်းရုံးလမ်း၊ ရပ်ကွက်(၁၂)၊ အမှတ်(၂၈၈)နေ (ဒေါ်ခမ်းမြ)၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးစိုင်းရွှေထွန်း (အုပ်ချုပ်မှုဒါရိုက်တာ၊ ရှန်ကောင်ခမ်းခရီးသွားကုမ္ပဏီလီမိတက်)-ဒေါ်နန်းကြာပွင့် (ငြိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန)၊ လားရှိုးမြို့နေ ဦးစိုင်းခမ်းပန် (သတ္တုတွင်းဝန်ကြီးဌာန)၊ ဒေါ်နန်းသန်းညွန့် (ကျောင်းအုပ်၊အလက၊ဟိုမိန်း)၊ ဒေါ်နန်းသန်းစိန် (ငြိမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန)-ဦးဂျက္ကလမ်နပ်၊ ဒေါ်နန်းရွှေရင် (အလယ်တန်းပြ၊ အထက-၂၊ လားရှိုး)၊ ဦးစိုင်းမောင်မောင်-(ဒေါ်ဝါဝါလွင်)တို့၏ဖခင်၊ ဒေါ်နန်းခမ်းမိုထွန်း-ဦးစိုင်းအောင်မျိုးမြင့်၊ ဒေါ်နန်းရွှေစင်ထွန်း-ဦးစိုင်းကျော်ဟိန်း၊ ဒေါ်နန်းစင်သီတာထွန်း-ဦးသူရဆွေ၊ နန်းဆောင်းနှင်းရည်၊ နန်းဝင်းလဲ့စုရည်၊ စိုင်းကောင်ဝ်ခမ်း၊ နန်းကိန်ခမ်း-မောင်စိုးသက်ခိုင်၊ စိုင်းခမ်းလိတ်-နန်းဆိုင်ဟွမ်၊ နန်းစံဟွမ်၊ စိုင်းညီခမ်း၊ စိုင်းကောင်းမြတ်ကျော်တို့၏အဘိုး၊ စိုင်းသို့န်ဝါန်၊ မြတ်အိန္ဒြာဆွေ၊ မြတ်သဒ္ဒါဆွေ၊ ဇွဲနန္ဒဆွေ၊ နန်းမြတ်မိုမိုဇွန်၊ စိုင်းသွန်းဆက်လင်း၊ စိုင်းအွမ်ခမ်းတို့၏ အဘေးသည် ၂၄-၄-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၄ (တနင်္လာနေ့) နံနက် ၉ နာရီတွင် အသုဘရှုတရားနာကြွရောက်ပါရန်နှင့် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ လားရှိုးကြီး၊ မန်နားသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်စောရင်(လိန်ကုန်း) အသက်(၉၂)နှစ်
(အောင်ဓမ္မရိပ်သာယောဂီ)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်(၁၅၁)နေ (ဦးနီ-ဒေါ်ဖွားရင်)တို့၏သမီး၊ (ဦးမောင်တင်-ဒေါ်ငွေမှတ်)တို့၏သမီးချွေးမ၊ (ဦးကြီးမောင်)၏ညီမ၊ ဒေါ်အုန်းမြ၏ အစ်မ၊ (ဦးစံကြည်)၏ ဇနီး၊ ဦးပိုင်၊ ဦးအုန်းကြွယ်(အကောက်အခွန်-ငြိမ်း)-ဒေါ်နီနီ(မူပြ-ငြိမ်း)၊ ဦးခင်အောင်(ဒုတိုင်းဘဏ်မန်နေဂျာ-ငြိမ်း)-ဒေါ်ကြည်ကြည်ဌေး(အထပြ-ငြိမ်း)၊ ဦးခင်ဝင်း(ဒုညွှန်မှူး၊ ကြေး/မြေ-ငြိမ်း)-ဒေါ်ခင်မာအေး၊ ဦးစန်းဝင်း(လ/ထ ညွှန်ကြားရေးမှူး၊ စ. စ. စ၊ ဧရာဝတီတိုင်း ရုံး)-ဒေါ်သီတာဝင်းတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၂၅-၄-၂၀၁၄ (သောကြာနေ့) နံနက် ၀၀း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးတင်မြင့် အသက်(၈၀)
(အထည်-၅၊ အလုပ်ရုံစုမှူး-ငြိမ်း)
(အိုင်သပြု)

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ အိုင်သပြုကျေးရွာနေ (ဦးကွန်းမောင်-ဒေါ်မြကြည်)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးသာနိုး-ဒေါ်ပိန်သေး)တို့၏ သားသမက်၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ သမိုင်း(၄)လမ်း၊ အမှတ်(၇၂၀)နေ ဦးသိန်းလှိုင်-ဒေါ်အေးအေးမြင့်၊ ဒေါ်ဌေးဌေးမြင့်၊ ဒေါ်သန်းသန်းမြင့် (မြို့တော်စည်ပင်)၊ ဦးအောင်မြတ်ကျော် (ဆည်မြောင်း)၊ ဒေါ်ခင်ခင်မြင့်(မြို့တော်စည်ပင်)၊ ဦးမောင်မောင်မြင့်(စက်မှုဝန်ကြီးဌာန)၊ ဒေါ်သန်းမြရီ(စက်မှုဝန်ကြီးဌာန)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုး ဒေါ်တင်ရီ၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၃-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၈း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၉-၄-၂၀၁၄(အင်္ဂါနေ့) နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၄)လမ်း၊ အမှတ်(၇၂၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်သန်းမြင့် (၇၄)နှစ်
(ပင်မအလုပ်ရုံတောင်၊ရွာမအင်းစိန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန-ငြိမ်း)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ခပေါင်းလမ်းသွယ်၊ အမှတ်(၅၂၁/က)နေ (ဦးသိန်းမောင်-ဒေါ်ကြည်)တို့၏သမီး၊ ဦးမြဟန် (အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့)၏ဇနီး၊ မောင်ဇော်နိုင်ဦး(ခ)မောင်ဇော်မိုး-မသက်ထားမောင်မောင်တို့၏မိခင်၊ မအေးမြတ်သီရိဇော်(Grade-3-I, T.T.C)၏အဘွား ဒေါ်သန်းမြင့်သည် ၂၄-၄-၂၀၁၄ရက် နံနက်ပိုင်းတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးရန်နိုင်ထွန်း(ခ)ဦးရွှေဖြိုး အသက်(၆၁)နှစ်
(Ex; R/O)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃) ရပ်ကွက်၊ တိုက်အမှတ်(၂၀၂)၊ အခန်း(၂၅)၊ ရန်ရှင်းလမ်းနေ (ဦးသာထွန်း-ဒေါ်သန်းသန်း)တို့၏သား၊ ဦးဘင်စွမ်း-(ဒေါ်မြသိန်း)တို့၏သားသမက်၊ (ဒေါ်ခင်ခင်အေး)၊ (ဒေါ်ခင်ခင်ညွန့်)-ဦးစိုးကြည်အောင်၊ ဦးလှထွန်း-ဒေါ်နီလာဖုံ၊ ဦးအောင်မျိုးသန့်-ဒေါ်သင်းသင်းတို့၏ ညီ/မောင်၊ ဒေါ်သင်းသင်းလှိုင် (အလက-၂၊ ရန်ကင်း၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်မြတ်ဦး (Uniteam)၏ ချစ်လှစွာသောဖခင်သည် ၂၅-၄-၂၀၁၄ (သောကြာနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း ဒါယိကာမကြီး
ဒေါ်စောသင် (၉၃)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွှန့်ရပ်ကွက်၊ ဇမ္ဗူသီရိလမ်း၊ အမှတ်(၅)နေ (ဦးသာခင်-ဒေါ်စိန်)တို့၏ သမီး၊ [ဦးမြင့်မောင်(ဒီဇိုင်းပန်းချီ)]၏ဇနီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဩဘာလမ်း၊ အမှတ်(၁၄)နေ ဒေါ်ကြူကြူစော၊ ဦးခင်မောင်လင်း-ဒေါ်ခင်လှိုင်ဝင်း၊ (ဦးစိန်ဝင်း)-ဒေါ်စိန်စိန်၊ ဦးအေးကျော်-ဒေါ်ခင်ခင်အုန်း၊ ဦးစိန်လင်းတို့၏အဒေါ်၊ ဦးသန်းချိ-ဒေါ်တင်တင်နု၊ ဦးခင်ဇော်မောင်-ဒေါ်ခင်ခင်သစ်၊ ဦးဝင်းမော်မောင်၊ ဦးဂန္ဓာမာရသ(ခ)ဦးကျော်စောမောင်-ဒေါ်ခင်မြင့်ရီ၊ ဦးဝင်းပေါ်မောင်-ဒေါ်မာလာရွှေတို့၏ ကျေးဇူးရှင်မိခင်၊ မြေး ၁၆ယောက်တို့၏ အဘွား ဒေါ်စောသင်သည် ၂၂-၄-၂၀၁၄ (အင်္ဂါနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၄ (တနင်္လာနေ့)တွင် ကျောက်မြောင်း၊ ဩဘာလမ်း၊ အမှတ်(၁၄) ဒေါ်ကြူကြူစောနေအိမ်နှင့် သင်္ဃန်းကျွန်း၊ ဗိုလ်ကံညွှန့်ရပ်ကွက် ဓမ္မာရုံတို့သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊မြေ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
ဦးမင်းနိုင် (၇၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ အမှတ်(၂၈/ဂ)၊အခန်း(D-5)နေ ဒေါ်ခင်အေးကြူ၏ခင်ပွန်း၊ (ဦးအုန်းမောင်-ဒေါ်သန်းကြည်)တို့၏သားကြီး၊ (ဦးမြသိန်း-ဒေါ်အုန်းကြည်)တို့၏သားသမက်၊ ဦးသိန်းစိုး-ဒေါ်ခင်သန်း၊ ဦးရန်အောင်-ဒေါ်တင်တင်မြင့်၊ (ဦးကျော်ဝင်း)၊ ဒေါက်တာမဥ္ဇူဒွေး-ဒေါ်ကြည်ကြည်မြင့်၊ ဦးအေးမင်း-ဒေါ်ကလျာနိုင်တို့၏အစ်ကို၊ တူ/တူမ ခုနစ်ယောက်တို့၏ ဘကြီးသည် ၂၄-၄-၂၀၁၄ (ကြာသပတေးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၅-၄-၂၀၁၄(သောကြာနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးရွှေသိန်း(ဖားအောက်)(၆၆)နှစ်

မွန်ပြည်နယ်၊မုဒုံမြို့နယ်၊ဖားအောက်ကျေးရွာနေ (ဦးထွန်းဖေ-ဒေါ်စန်းတင်)တို့၏သား၊ (ဦးအောင်-ဒေါ်ငွေပုံ)တို့၏ သားသမက်၊ ဒေါ်ငွေဝင်း၏ခင်ပွန်း၊ ဦးဖုန်းမြင့် (ကောင်းစေသော် ဒီဇယ်ပန့်နော်ဇယ်ပြုပြင်ရေး)-ဒေါ်စုစုအေး၊ ဦးအောင်ကျော်ဦး-ဒေါ်သန်းသန်းဌေးတို့၏ဖခင်၊ မောင်ကျော်ဇေယျဖြိုး၊ မောင်အောင်ကောင်းမြတ်၊ မအေးမြတ်မွန်၊ မဝင်းလဲ့ချိုတို့၏အဘိုးသည် ၂၅-၄-၂၀၁၄(ကြာသပတေးနေ့) နံနက် ၀၀း၁၅ နာရီတွင် အမှတ်(၁၉၂)၊ နွယ်သာဂီလမ်း၊ (၃၀)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးတင်မြင့်(ခ)ဦးတွာတိုင်း (၈၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်၊ သင်္ဃန်းကျွန်းလမ်း၊ မင်းရဲကျော်စွာအိမ်ရာ၊ တိုက်အမှတ် (A-4)၊ အခန်း(၀၀၂)နေ ဒေါ်နီ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ထွေးသိန်း-ဦးကြည်သိန်း၊ ဒေါ်ဝင်းဝင်း-ဦးစိန်လှိုင်၊ ဒေါ်လှမြင့်၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်အေးအေးလွင်-ဦးတင်ဝင်း၊ ဒေါ်မြင့်မြင့်စန်း-ဦးကျော်ဦး၊ ဦးကံညွှန့်-ဒေါ်စန်းစန်းအိ၊ ဒေါ်ချယ်ရီထွေး-ဦးထွန်းထွန်းတို့၏ ဖခင်၊ မြေး ၁၃ယောက်၊ မြစ်ငါးယောက်တို့၏အဘိုး(အဘေး)သည် ၂၃-၄-၂၀၁၄ရက် မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၄နာရီ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မေရီလွယ်ခန့်နွမ်း (Mary Nang) (၇၃)နှစ်
Pi Mary Luai Khan Nuam
မန်နေဂျာ(ငြိမ်း)၊ စားထွေ/ကုန်သွယ်လယ်ယာ

ချင်းပြည်နယ်၊ တီးတိန်မြို့၊ မြို့မရပ်နေ(ဗိုလ်ကြီး Kham Za Nang- Pi Man Cin) တို့၏သမီးထွေး၊ ချင်းပြည်နယ်၊ တီးတိန်မြို့၊ ထုတ်လိုင်းကျေးရွာနေ (ကျောင်းဆရာကြီး Pu Khai Kho Thang- Pi Vung Mang) တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ပညာ့ဝတီအိမ်ရာ၊ တိုက်(C)၊ အခန်း(၃၀၂)နေ၊ Pu Ngo Cin Mang ဦးငိုကျင့်မန်(ခေတ္တ-ဂျပန်)၏ ချစ်လှစွာသောဇနီး၊ ဂျပန်နိုင်ငံ၊ တိုကျိုမြို့နေ Lia Mang Cing Khai, Lia Cing Lam Mang, Lia Thang Lam Cing နှင့် တောင်အာဖရိကနိုင်ငံ Pretoria နေ Lia Cin Sian Lian Cing (ယုဇနတင်)- Pa Pome Thian Khai တို့၏ချစ်လှစွာသော မိခင်၊ မြေးသုံးယောက်တို့၏အဘွား Pi Mary Luai Khan Nuam (ဒေါ်မေရီလွယ်ခန့်နွမ်း)သည် ၂၃-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ဒေသစံတော်ချိန် ၁၉း၂၀နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ၂၆-၄-၂၀၁၄(စနေနေ့)တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ Shinagawa, Gotenyama garden, Gloria Chapel ဘုရားကျောင်း၌ မွန်းတည့် ၁၂နာရီတွင် ဝတ်ပြုဆုတောင်းပြီး ညနေ ၃နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးခင်မောင်မြင့်(ခ)ကိုချိုကြီး (၆၃)နှစ်
(MICHAEL VANDOCKUM)
အထက-၆၊ ဗိုလ်တထောင်၊ ကျောင်းသားဟောင်း

ရန်ကုန်မြို့နေ (ဦးတော်မီဗင်ဒေါ့ကမ်-ဒေါ်ဒေါ်ရသီ)တို့၏သား၊ (ဦးကျော်ဝင်းမောင်-ဒေါ်စောရင်)တို့၏သားသမက်၊ ဦးနေအောင်(ရုပ်ရှင်သရုပ်ဆောင်)-ဒေါ်မေဇင်နှင်းတို့၏အစ်ကို၊ ဒေါက်တာမျိုးမင်းလှိုင်-ဒေါ်အိမွန်အောင်၊ ဦးမင်းသိန်းတို့၏ဦးလေး၊ မောင်အောင်ဘုန်းလှိုင်(RO RO)၏အဘိုး၊ ဒေါ်မြမြစိုး၏ခင်ပွန်းသည် ၂၄-၄-၂၀၁၄ (ကြာသပတေးနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် အမှတ် (၁၈/ဒီ)၊ သုခဝတီလမ်း၊ ရန်ကင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး
ဒေါ်စန်းစန်းတင်(အထက်တန်းပြဆရာမ၊ငြိမ်း) (၅၇)နှစ်
(အုတ်ဖိုရွာ၊ တောင်သာမြို့နယ်)

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ အုတ်ဖိုကျေးရွာနေ (ဦးစောလှ-ဒေါ်သန်းတင်)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ အမှတ်(၃၈၄)နေ (ဦးအောင်စ-ဒေါ်စောဥ)တို့၏ သမီးချွေးမ၊ ဦးခင်မောင်ကြည်(ခ)ဦးမောင်မောင်ကြည်၏ဇနီး၊ ဗိုလ်ဒေါ်စုစုစံ [အမှတ်(၂)ခုတင်(၇၀၀)၊ တပ်မတော်ဆေးရုံ အောင်ပန်းမြို့]၊ အလုပ်သင်ဆရာဝန် ဗိုလ်လောင်းအောင်ထက်အောင်[အမှတ်(၁)၊ ခုတင် (၇၀၀)၊ တပ်မတော်ဆေးရုံ၊ ပြင်ဦးလွင်မြို့]၊ မောင်အောင်သက်ချွန် (စတုတ္ထနှစ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်)တို့၏ မွေးသမိခင်သည် ၂၃-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ည ၇း၂၀ နာရီတွင် အမှတ် (၂)၊ တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၄၅နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တင်အေး(AnnieMaw) အသက်(၉၁)နှစ်
(ညောင်တုန်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်း၊ အမှတ်(၈)နေ [ဦးတင်ဝင်း (ညွှန်/မှူး-ငြိမ်း၊ ပြည်တွင်းအခွန်)]၏ဇနီး၊ (ဦးအောင်သန်း-ဒေါ်စန်းမေ)၊ (ဦးထွန်းရှိန်)-ဒေါ်မြင့်မြင့်မူ၊ ဦးကျော်ငြိမ်း-ဒေါ်ညွန့်ညွန့်မူ၊ (Dr. ကျော်လင်း)၊ (Dr. ဒေါ်ဖြူဖြူမြင့်)၊ (ဦးမြင့်သိန်း)-ဒေါ်စိုးစိုး၊ ဦးကျော်ညွန့်-ဒေါ်လွင်လွင်တို့၏အစ်မကြီး၊ တူ/တူမ ၁၆ယောက်တို့၏အဒေါ်သည် ၂၄-၄-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁း၄၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊မြေ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
ဦးမင်းနိုင် (၇၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ အမှတ် (၂၈/ဂ)၊ အခန်း (ဒီ-၅)နေ ဒေါ်ခင်အေးကြူ၏ခင်ပွန်း၊ (ဦးအုန်းမောင်-ဒေါ်သန်းကြည်)တို့၏သားကြီး၊ (ဦးမြသိန်း-ဒေါ်အုန်းကြည်)တို့၏သားသမက်၊ ဦးသက်နိုင်ဦး-ဒေါ်သင်းသင်းလွင်၊ ဦးသက်နိုင်ထွေး-ဒေါ်မိုးသူဇာလှိုင်တို့၏ဖခင်၊ မဆုရတီနိုင်(အထက-၂၊ ရန်ကင်း)၏အဘိုးသည် ၂၄-၄-၂၀၁၄ (ကြာသပတေးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၅-၄-၂၀၁၄ (သောကြာနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။(ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးခင်မောင်မြင့် (၆၃)နှစ်
(စာရင်းစစ်မှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)
(အထက-၁၊ သင်္ဃန်းကျွန်းကျောင်းသားဟောင်း)

ရန်ကုန်မြို့နေ (ဦးတင်အေး-ဒေါ်စန်း)တို့၏သား၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ အမှတ် (၁၂၉၉/၁၃၀၀)၊ အခန်း(၂၁)နေ ဒေါ်ခင်ရီထွန်း(ခ)မတာ(စာရင်းစစ်မှူး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်အေးထွန်း (ခေတ္တ-ကာတာ)-မသဇင်စိုး၊ ကိုဇေယျာဝင်း (တရားလွှတ်တော်ရှေ့နေ)-မစုလှိုင်ထွန်း(မြို့နယ်ဥပဒေအရာရှိ ညောင်ရွှေမြို့)၊ ကိုသက်ခိုင်လင်း (MTM Co., Ltd.)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မအေးပြည့်စုံပိုင်၊ မောင်မင်းပညာတို့၏ဘိုးဘိုးကြီးသည် ၂၅-၄-၂၀၁၄ (သောကြာနေ့) နံနက်တွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (မေတ္တာညွှန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မောင်စန်းကိုကိုလွင်(ခ) မောင်ငြိမ်းချမ်း (၃၂)နှစ်
ကြီးကြပ်ရေးမှူး
CB Bank (သင်္ဃန်းကျွန်းဘဏ်ခွဲ)

အမှတ်(၂၆)၊ မြေညီ(ခေါင်းရင်း)၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးမြင့်သိန်း-(ဒေါ်ကျင်ရွှေ)တို့၏တူ၊ ဦးစန်းလွင်-ဒေါ်ခင်အေးတင့်တို့၏သား၊ မောင်စန်းကိုကိုလွင်(ခ)မောင်ငြိမ်းချမ်းသည် ၂၄-၄-၂၀၁၄(ကြာသပတေးနေ့) နံနက် ၉နာရီတွင် အောင်ဆန်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်း နေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အဘယာရာမ မိုးထိတိုက်၏ပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
သာသနဓဇဓမ္မာစရိယ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ဝိနယပါဠိပါရဂူ
ဘဒ္ဒန္တဉာဏမဟာထေရ်
သိက္ခတော်(၇၅)ဝါ၊ သက်တော်(၉၅)နှစ်

အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ မိုးထိတိုက်(တိုက်အုပ်) စည်သာကျောင်းဆရာတော်သည် (၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ရက်) ၂၄-၄-၂၀၁၄(ကြာသပတေးနေ့) နံနက် ၃း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနရက်အား ထပ်မံကြေညာပါမည်။

တပည့်သံဃာတော်များနှင့်
ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း
သဘာဝခေါ်သံဖောင်ဒေးရှင်း
ဘန့်ဘွေးကုန်းဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယ
သိက္ခာတော် (၆၆) ဝါ၊ သက်တော် (၈၈)နှစ်

သဘာဝခေါ်သံဖောင်ဒေးရှင်း၏ အကိုးကွယ်ခံ၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းလေးကျေးရွာအုပ်စု၊ ဘန့်ဘွေးကုန်းကျေးရွာ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြို့နယ် ဝိနည်းဓိုရ်သာသနာ့နန္ဒဒီပကျောင်းတိုက်ကြီး၏ဦးစီးနာယက ဘဒ္ဒန္တနန္ဒိယ ဆရာတော်ကြီးသည် ၁၅-၄-၂၀၁၄ရက်နံနက် ၉း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၃-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ဘန့်ဘွေးကုန်းကျေးရွာ၌ အန္တိမအဂ္ဂိဈာပန ပူဇော်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

ရဟန်းဒါယိကာမကြီး
ဒေါ်ညို(သန်လျင်) အသက်(၈၀)

ရန်ကုန်မြို့၊ အမှတ် (၁၀၈/ခ)၊ မြသီရိလမ်း၊ လှိုင်သာယာမြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်အေးကြည်)တို့၏သမီး၊ [ဆရာကြီး ရန်ကုန်ကျော်ရင် (ဆန်းကျမ်းဗေဒင်)]၏ဇနီး၊ ဦးကျော်ဝင်း(ဦးကုသလ)၊ ဦးနေဝင်း(Green Luck)-ဒေါ်ခင်မျိုး(အမက-၁၅၊ တာမွေ)၊ ဦးကျင်စွန်း (777 ကားပစ္စည်းဆိုင်၊ ဘုရင့်နောင်ဈေး)-ဒေါ်ခင်သန်းဌေး၊ ဦးကျော်မြင့်-ဒေါ်ကြူကြူမာ၊ ဦးစိုးငြိမ်း-ဒေါ်ခင်စန်းရီ၊ ဦးမျိုးမြင့် (Steel Dragon Co., Ltd.)-ဒေါ်လှလှမော်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၃ ယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၄-၄-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း ဒါယကာကြီး
ဦးတင်ငွေ(ခ)ကိုတူး(တံတားရွာ) အသက်(၇၀)
ဥက္ကဋ္ဌ၊ စွမ်းအားစက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက်
(ပုဇွန်တောင်မြို့နယ်)

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားရွာနေ (ဦးစိုး-ဒေါ်တင်အေး)တို့၏သား၊ အမှတ် (၄၆၉)၊ အောင်မေတ္တာလမ်း(အနောက်)၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်နေ ဒေါ်မြစိန်၏ခင်ပွန်း၊ (ဦးမြင့်ဦး)၊ ဦးခင်လှ-ဒေါ်သန်းသန်းမြင့် (ခေတ္တ-ဩစတြေးလျ)၊ ဒေါ်ခင်အေးမူ(မြန်မာ့လေကြောင်း)၊ မမြမြထွေးတို့၏ဖခင်၊ မဌေးဌေးဝင်း၊ မနွယ်နွယ်ဝင်း၊ မောင်ထက်အောင်ရှိန်းတို့၏အဘိုးသည် ၂၄-၄-၂၀၁၄(ကြသပတေးနေ့) ည ၇း၃၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်ပါသဖြင့် ၂၈-၄-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးသိန်းထွင်(ပြည်) အသက်(၆၀)

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်းနေ ဦးသောင်းတင်-ဒေါ်ခင်ရီတို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးသန်းထွန်း)-ဒေါ်နွဲ့နွဲ့တို့၏ သားသမက်၊ ပြည်မြို့ ရွှေဘုန်းရှိန်ရွှေဆိုင်နေ ဦးနေဇော်လင်း-ဒေါ်ခင်ဆွေဝင်းတို့၏ညီ၊ ရန်ကုန်မြို့နေ ဦးမြတ်ဇော်-ဒေါ်ဖြူဖြူဝင်း၊ ဦးအောင်ကျော်မိုး-ဒေါ်အေးအေးသောင်း၊ ဦးမောင်မောင်-ဒေါ်စန္ဒာသောင်းတင်တို့၏အစ်ကို၊ ပြည်မြို့၊ ပန်းထိမ်တန်းလမ်း၊ ကျောင်းကြီးအိုးတန်းရပ်နေ ဒေါ်မီမီထွန်း၏ခင်ပွန်း၊ ဒေါ်သီရိထွင် (ယူနိုက်တက်အမရာဘဏ်ခွဲ-ပြည်)၊ မောင်ပြည်ညိမ်းထွင်-မခင်ခင်ဆင့်၊ မောင်သော်ဇင်ထွင်-မအိအိချော တို့၏ဖခင်၊ မောင်ဟိန်းတေဇ၊ မောင်ဟိန်းသူရတို့၏အဘိုး ဦးသိန်းထွင်သည် ၂၄-၄-၂၀၁၄(ကြာသပတေးနေ့) ည ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၂နာရီ၌ ပြည်မြို့အေးငြိမ်းရာသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
S.A. ဂဖူးလ်(ခ)
Dr. ဦးတင်အောင် (၆၇)နှစ်

မန္တလေးမြို့နေ [ဦးကိုကိုကြီး-ဒေါ်တီတီ(မင်္ဂလာဗလီအမ)]တို့၏ သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးခင်အောင်၏ညီ၊ ရန်ကုန်မြို့၊ ဗဟိုလမ်းနေ ဦးတင်မောင်၊ ဒေါ်စန်းစန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းလမ်း၊ အမှတ်(၁၇) 3-A၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်ငွေစိုး၏ ချစ်လှစွာသောခင်ပွန်း၊ မစုစုအောင်၊ မောင်ကျော်စိုးအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးနှစ်ယောက်တို့၏အဘိုး Dr. ဦးတင်အောင်(ခ)S.A.ဂဖူးလ် (မွတ္တာဝလီ မင်္ဂလာဗလီ၊ မန္တလေးမြို့)သည် ၂၂-၄-၂၀၁၄ရက် ညနေ ၃း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၃-၄-၂၀၁၄ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ကောင်းမွန်စွာ ဒါဖွာနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်တင်အေး(AnnieMaw) အသက်(၉၁)နှစ်
(ညောင်တုန်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်း၊ အမှတ်(၈)နေ (စက်ရှင်တရားသူကြီး ဦးဘမော်-ဒေါ်သန်း)တို့၏သမီး၊ [ဦးတင်ဝင်း (ညွှန်/မှူး-ငြိမ်း၊ ပြည်တွင်းအခွန်)]၏ ဇနီး၊ ဦးအောင်ကျော်ဝင်း၊ ဦးညီညီ-ဒေါ်နီနီခင်၊ ဦးဇော်ဝင်း-ဒေါ်မြတ်မြတ်မွန် (AGD Bank)၊ ဦးသန်းဝင်း၊ ဒေါ်ခင်လေးဝင်း၊ ဦးကျော်ကျော်ထွန်း-ဒေါ်ခင်အေးဝင်းတို့၏ မွေးသမိခင်ကြီး၊ မဆက်ဆက်ညီညီဇော်၊ မောင်ကိုးမော်ညီဇော်-မဝတ်ရည်လွင်တို့၏ ဘွားဘွားကြီးသည် ၂၄-၄-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁း၄၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်ကြည်(ဆီမီးကန်ကျေးရွာ) အသက်(၉၀)
(အငြိမ်းစားကျောင်းဆရာကြီး)

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဆီမီးကန်ကျေးရွာနေ (ဦးချစ်ထွန်း-ဒေါ်နန်းပေါ်)တို့၏သား၊ (ဒေါ်မြတင်)၏ခင်ပွန်း၊ ဦးရဲမင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းဌေးတို့၏ဖခင် အငြိမ်းစားကျောင်းဆရာကြီး ဦးအောင်ကြည်သည် ၂၃-၄-၂၀၁၄ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဇနီး ဒေါ်နုနုဆွေ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်ကြည်(ဆီမီးကန်ကျေးရွာ) အသက်(၉၀)
(အငြိမ်းစား၊ ကျောင်းဆရာကြီး)

ဦးရဲမင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းဌေးတို့၏ဖခင် ဦးအောင်ကြည် အသက်(၉၀)သည် ၂၃-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအုန်းသန်းနှင့်ဇနီး ဒေါ်တင်ဝင်း
ဒုတိယဝန်ကြီး(လယ်/ယာ)
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်ကြည်(ဆီမီးကန်ကျေးရွာ) အသက်(၉၀)
(အငြိမ်းစားကျောင်းဆရာကြီး)

ဦးရဲမင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းဌေးတို့၏ဖခင် ဦးအောင်ကြည် အသက်(၉၀)သည် ၂၃-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်နှင့် ဇနီး ဒေါ်အေးအေးသန်း မိသားစု
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးစိုးမြင့် (၇၈)နှစ်
ဟင်းခွက်အိုင်ကျေးရွာ၊ ပျော်ဘွယ်မြို့

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ (၅၁)လမ်း၊ အမှတ်(၇၇)နေ ဒေါ်အုံးမြ၏ခင်ပွန်း၊ ဦးအုန်းမြင့်-ဒေါ်ဆွေဆွေဝင်း၊ (ဦးစိုးပိုင်)-ဒေါ်ခင်သက်တင်၊ (ဦးထွန်းဇော်ဌေး)-ဒေါ်သီတာစိုး၊ ဦးထိန်လင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၅-၄-၂၀၁၄(သောကြာနေ့) ညနေ ၅း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးစိုးပိုင် အသက်(၆၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့၊ ကမ်းနားအလယ်ရပ်ကွက်နေ ဦးကွန်ဟုန်း-ဒေါ်ကျင်ညွန့်တို့၏သား၊ ဥက္ကံမြို့နေ ဦးလှတင်-ဒေါ်မြင့်တို့၏သားသမက်၊ ဦးဝင်းအောင်-ဒေါ်သန်းသန်းဆွေ၊ ကိုစိုးမင်း-ဒေါ်ခိုင်ခိုင်၊ မသန်းသန်းအေးတို့၏ ညီ/မောင်၊ ကိုဌေးပိုင်၊ မခင်သက်သက်တို့၏ အစ်ကို၊ မနီလာအောင်၊ မောင်ကျော်ဇောဟိန်း၊ မနွယ်နီအောင်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်ခင်အေး၏ ချစ်လှစွာသောခင်ပွန်း ဦးစိုးပိုင်သည် ၂၅-၄-၂၀၁၄(သောကြာနေ့) ည ၁၀နာရီတွင် OSCဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၄ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်ကျော် (၅၅)နှစ်
မဟာကော်ဖီမှုန့်
အထက(၆) ဗိုလ်တထောင်
(စိန့်ပေါလ်ကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၈၁၅)နေ (ဦးဇမောင်)-ဒေါ်လှလှတိုးတို့၏ သားငယ်၊ (ဦးလှကြည်-ဒေါ်စန်းမြင့်)တို့၏ သားသမက်၊ (ဗိုလ်မှူးတင်လတ်)-ဒေါ်သန်းသန်းအေး၊ ဦးမောင်မောင်အေး (မဟာတိုး)-ဒေါ်ဝင်းဝင်း(ဂယာရွှေတိုး)၊ ဒေါ်တိုးတိုးအေး၊ ဦးအောင်မြင့်-ဒေါ်နီလာဆွေတို့၏ညီ/မောင်၊ (ဒေါ်နွဲ့နွဲ့ဝင်း)၏ခင်ပွန်း၊ ကိုကျော်စိုးဝင်း၊ ကိုဇော်ဖုန်းကျော်-မမေသူလင်းတို့၏ဖခင် မြတ်သွယ်ကျော်၊ ဖြိုးဖြိုးတို့၏အဘိုးသည် ၂၅-၄-၂၀၁၄ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမကြီးဒေါ်ခင်စိန်(ခ) အန်တီတာ(ပြွန်တန်ဆာ) အသက်(၉၁)နှစ်
အလယ်တန်းပြဆရာမကြီး(ငြိမ်း)
အထက(၁)အင်းစိန်

ပြွန်တန်ဆာမြို့နေ (ဦးစံချို-ဒေါ်ငြိမ်းမေ)တို့၏ သမီး၊ (ဒေါ်အေးကြည်)၊ (ဦးအုန်းမောင်)၊ (ဒေါ်နှင်း)၊ (ဒေါ်သန်း)၊ (ဦးအောင်မြတ်ကျော်)၊ (ဒေါ်ထွေး)၊ (ဒေါ်လှ)၊ (ဒေါ်ကျင်စိန်)တို့၏ ညီမ၊ ဒေါ်တင်ကြည်-ဒုဗိုလ်မှူးကြီးမြင့်ဝေ (ငြိမ်း)၊ ဦးတင်အောင်-ဒေါ်ကျင်ထွေး၊ ဒေါ်အုန်းကြည်- Dr.ကျော်ကျော်တို့၏ အစ်မ၊ အမှတ်(၇၀-က)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ [ဦးပီတာထွန်းအေး(MOC-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ စင်ကာပူနိုင်ငံနေ ဒေါ်မေဝတီထွန်းထွန်း-ဦးစိန်ရွှေ၊ သိက္ခာတော်ရဆရာ၊ ဦးဇေယျာမျိုးထွန်း (ဧဝံဂေလိအသင်းတော်)၊ (ဦးသူရိယရဲထွန်း)၊ ဒေါ်မေသီတာထွန်းထွန်း-(ဦးဝင်းသိန်း)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မရည်ရည်မွန်၏ အဘွားသည် ၂၅-၄-၂၀၁၄ (သောကြာနေ့) နံနက် ၁၁း ၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၄-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ (လမ်းသစ်လမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်အုန်း (၆၃)နှစ်
(ပျော်ဘွယ်)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် (၉၅၀/၉၅၂)နေ (ဦးတင်)-ဒေါ်ဆိုးတို့၏သမီးချွေးမ၊ (ဦးကျော်လှ-ဒေါ်ရင်)တို့၏ သမီး၊ (ဦးဘမြင့်-ဒေါ်တင်ဝင်း)တို့၏ညီမ၊ ဦးမျိုးမြင့်-ဒေါ်ခင်ဝိုင်း၊ ဦးမောင်မောင်-ဒေါ်ပပတို့၏ အစ်မ၊ မဝင်းသင်ဇာ၊ မအေးသင်ဇာ၊ မဖြိုးသင်ဇာ၊ မောင်ပြည့်စုံ (KRISLITE) တို့၏မိခင်၊ ဗိုလ်ကြီးကျော်ဝင်း (ငြိမ်း) (GE-954)၏ ဇနီးသည် ၂၆-၄-၂၀၁၄(စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၄(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

နာရေး

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ကျင်လှ(ခ)နော်ဖော့လာ အသက်(၈၃)နှစ်

ဖောင်ကြီးမြို့၊ အင်းဖျားတောရကျောင်း ဦးစန္ဒာသီရိ၏မယ်တော်၊ ထားဝယ်မြို့၊ ရှမ်းမလည်ဆွဲရပ်နေ (ဦးကျင်ဆိုင်-ဒေါ်နော်မကလေး)တို့၏ သမီးကြီး၊ [ဒေါ်ကျင်မြ(ခ)နော်မီးဆူ-ဦးစောကြည်ထူး]တို့၏ အစ်မကြီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၁၀)လမ်း၊ အမှတ်(၂၅၀/B)နေ (ဦးရှန်ကာ)၏ဇနီး၊ ဦးဝင်းသိန်းဦး (R/O)-ဒေါ်ကြူကြူမာ (လ/ပြ၊ ငြိမ်း၊ အထက-၃၊ ကမာရွတ်)၊ (ဦးမြင့်လွင်)-ဒေါ်ငယ်ငယ်၊ ဦးမောင်မောင်ထွေး၊ ဦးငွေတိုး၊ ဦးသန်းထွန်း (S.B Marine Shipping Co., Ltd.)-ဒေါ်ပန်းမှုံတို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မနှင်းဝေ လွင် (Mr.Fone)မဖြိုးမွန်ဝင်း၊ (Concord Institute)၊ မဖြိုးပြည့်ဝင်း၊ မောင်ဆန်းသီဟဦး၊ မောင်ဇာနည်ဝင်းတို့၏ဘွားဘွား၊ တူ/တူမ ၁၃ယောက်တို့၏ အဒေါ်သည် ၂၅-၄-၂၀၁၄ (သောကြာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ် ဒါယိကာမကြီး
ဒေါ်ဖွားသင် အသက်(၈၀)
ကမာကေး(တော်ကပူး)ကျေးရွာ

မွန်ပြည်နယ်၊ မုဒုံမြို့နေ (ဦးတင့်-ဒေါ်သာအေး)တို့၏သမီး၊ဘီးလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ ကမာကေး (တော်ကပူး)ကျေးရွာနေ (ဦးရှိန်-ဒေါ်မြသင်)တို့၏သမီးချွေးမ၊ ဦးအောင်ဒင်-ဒေါ်စန်းမြိုင်တို့၏ညီမ၊ ဦးသိန်းဟန်၏ဇနီး၊ ဦးသိန်းလွင် (ကမာကေး- တော်ကပူးကျေးရွာအုပ်ချုပ်ရေးမှူး)-ဒေါ်အုန်းသန်း၊ ဦးစိုးသန်း-ဒေါ်တင်ဝင်း၊ ဦးစိုးမြင့်-ဒေါ်ရွှေဌေး၊ ဦးစိုးလှိုင်-ဒေါ်မိလေး၊ ဦးလှထူးမောင်-(ဒေါ်သန်းထွေး)၊ ဦးသိန်းတန်-ဒေါ်အေးခိုင်၊ ဦးစိုးမိုးအောင်- ဒေါ်ခင်စန်းအေးတို့၏မိခင်၊ မြေး ၂၇ယောက်၊ မြစ်ကိုးယောက်တို့၏အဘွား ဒေါ်ဖွားသင်သည် ၂၅-၄-၂၀၁၄(သောကြာနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ကမာကေးကျေးရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးသိန်းဟန် (၇၂)နှစ်
(ကေရာဇ်ကျေးရွာ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ (၁၆၆)လမ်း၊ အမှတ်(၁၄)၊ မြေညီခေါင်းရင်းနေ (ဦးသန်းဖေ-ဒေါ်ကျော်တင့်)တို့၏သား၊ (ဦးဘကြိုင်)-ဒေါ်သန်းညွန့်တို့၏သားသမက်၊ (ဦးမြင့်သိန်း)- ဒေါ်စန်းတို့၏ ညီ/မောင်၊ (ဦးသိန်းဇံ-ဒေါ်စောမြင့်)၊ ဦးတင်လှ-ဒေါ်အေးချစ်မေ၊ ဦးနေဝင်း-ဒေါ်စန်းစန်း၊ ဦးမြင့်ဝင်း-(ဒေါ်မြင့်စိန်)တို့၏အစ်ကို၊ ဒေါ်အေးမြင့်၏ ခင်ပွန်း၊ ဦးသက်လင်းဦး-ဒေါ်မြင့်မြင့်ဟန်၊ ဦးမျိုးမင်းဟန်-ဒေါ်သူဇာဟန်၊ ဦးစိုးမင်းဟန်-ဒေါ်စောသိင်္ဂီတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၆-၄-၂၀၁၄(စနေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၄(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်မင်းမင်း (၄၁)နှစ်
BE (Mech;); 2000 (batch),
(CDC-53736)
Second Engineer (RAFFLE)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ်(၆)လမ်း၊ ၆၆/၆၈ (A-5)နေ ဦးဘရီ-ဒေါ်လှသန်းတို့၏သား၊ ရန်ကုန်မြို့နေ ဦးတူး-ဒေါ်မေနွဲ့တို့၏ သားသမက်၊ ဒေါ်မေထွေး၏ ချစ်လှစွာသောခင်ပွန်း၊ မဇင်မေကျော်မင်း(အထက-၂ ကမာရွတ်၊ Grade-5-B)၏ ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင်သည် ၂၅-၄-၂၀၁၄(သောကြာနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးခင်မောင်မြင့် (ခ) MICHAEL VANDOCKUM အသက်(၆၃)နှစ်
အထက-၆၊ ဗိုလ်တထောင်၊ ကျောင်းသားဟောင်း

ရန်ကုန်မြို့နေ (ဦးတော်မီဗင်ဒေါ့ကမ်-ဒေါ်ဒေါ်ရသီ)တို့၏သား၊ (ဦးကျော်ဝင်းမောင်-ဒေါ်စောရင်)တို့၏ သားသမက်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး-ဒေါ်နီနီတို့၏ညီ၊ ဦးနေအောင်(ရုပ်ရှင်သရုပ်ဆောင်)-ဒေါ်မေဇင်နှင်းတို့၏ အစ်ကို၊ ဦးမျိုးမြတ်စည်သူ-ဒေါ်လေးလေးဝါ၊ ဒေါ်ဖူးပွင့်စည်သူ-ဦးကျော်မင်းဟိန်း၊ မထားသက်စည်သူ၊ ကိုအောင်ရဲကျော် (Asia Masks Group of Company Limited)-ဒေါ်နှင်းဝတ်မှုန်နိုင်၊ ကိုသက်လင်းဝင်း၊ (Sedona Hotel)-ဒေါ်မေအိမ်စည်တို့၏ဖခင်၊ မောင်ဉာဏ်လင်းထက်၏ အဘိုး၊ ဒေါ်မြမြစိုး၏ခင်ပွန်းသည် ၂၄-၄-၂၀၁၄ (ကြာသပတေးနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် အမှတ်(၁၈/ဒီ)၊ သုခဝတီလမ်း၊ ရန်ကင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်(ခ)ဒေါ်ခင်အေးလွင် အသက်(၇၅)နှစ်

တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ(၁၀)လမ်း၊ အမှတ်(၈၇၂)နေ (ဦးယုံးကြည်-ဒေါ်ဝက်)တို့၏ သမီး၊ (ဦးအောင်စိန်-ဒေါ်လှရင်)တို့၏ သမီးချွေးမ၊ ဦးမြမောင် (စီမံကိန်း အင်/ယာ-ငြိမ်း)၏ဇနီး၊ ဦးကိုကိုနိုင် (အကြီးတန်းလိုင်စင် အင်/ယာ၊ KKN Construction)-ဒေါ်ကြည်ကြည်ဦး၊ ဦးမောင်မောင်နိုင်၊ ဦးသက်သက်နိုင်-ဒေါ်ချိုချိုလွင်၊ မစန္ဒာအောင်၊ ဦးအောင်အောင်နိုင်-ဒေါ်သီသီဦး၊ ဦးကျော်ကျော်နိုင် (UK Co., Ltd.)-ဒေါ်ကျော့ကေသီ၊ မချောကလျာအောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးကိုးယောက်တို့၏အဘွား၊ ဦးခင်မောင်လွင်-(ဒေါ်ခင်စန်းဝင်း)တို့၏အစ်မ ဒေါ်တင်(ခ) ဒေါ်ခင်အေးလွင်သည် ၂၅-၄-၂၀၁၄ (သောကြာနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးတိုးလှိုင်(ခ)ဦးတက်တိုး
(တဆ-၃၈၆၆)
အသက်(၆၃)နှစ်
ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ သာသနာရေးအဖွဲ့
ဆရာဘိန်းဆရာလှဆေးတိုက်ပိုင်ရှင်

အမှတ်(၈၁)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဆရာဘိန်းဆရာလှဆေးတိုက်နေ (ဦးလူမော်-ဒေါ်ငွေတင်)တို့၏ သားထွေး၊ (ဆရာညိမ်း)၊ (ဦးမောင်မောင်လှ)တို့၏ တူသား၊ (ဒေါ်သိန်းသိန်းတင်)၊ (ဦးအောင်ဝေ-ဒေါ်စောကြည်)၊ (ဦးတင်ထွဋ်-ဒေါ်အေးမြင့်)၊ (ဦးဝင်းဖေ)-ဒေါ်ဝင်းဝင်းသောင်း(ကျောင်းအုပ်ကြီး-ငြိမ်း)၊ ဒေါ်စိန်စိန်မြင့်တို့၏ ညီ/မောင် ဦးတိုးလှိုင်သည် ၂၅-၄-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးတိုးလှိုင်(ခ)ဦးတက်တိုး
(တဆ-၃၈၆၆)
အသက်(၆၃)နှစ်
ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ သာသနာရေးအဖွဲ့
ဆရာဘိန်းဆရာလှဆေးတိုက်ပိုင်ရှင်

အမှတ်(၈၁)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဆရာဘိန်းဆရာလှ ဆေးတိုက်နေ ဒေါ်ဝင်းဝင်းမော်၊ ဦးဝင်းမြင့် (လ/ထ မန်နေဂျာ၊ အမှတ်-၂ သစ်စက်၊ အလုံမြို့နယ်)-ဒေါ်ခင်စန်းမြင့်၊ ဦးဗင်ဆင်-ဒေါ်ဝင်းဝင်းကြွယ်၊ ဒေါ်ဝင်းဝင်းကြိုင်(လယ်ပြ၊ အထက-၁၊ ကြည့်မြင်တိုင်)၊ (ဦးဝင်းကျော်)-ဒေါ်ဥမ္မာစိုးစိုး၊ ဦးအောင်မြင့်သူ-ဒေါ်သီတာမော် (မေတ္တာရန့် စာသင်ဝိုင်း) ဦးမြင့်ထူး-ဒေါ်မော်မော်ငြိမ်း (ငွေစုဘဏ်ခွဲ-၁)၊ ဒေါ်မာလာအေး (မေတ္တာရန့် စာသင်ဝိုင်း)၊ ဦးမြင့်ဦးတို့၏ ချစ်လှစွာသော ဦးလေး၊ မသင်းလဲ့ဝေ၊ မောင်စန်းမြင့်သူ၊ မောင်စန်းပွင့်သူ၊ မထက်ထက်မော်၊ မသင်းသီရိလွင်၊ မောင်အောင်သူရိန်မြင့်တို့၏ ချစ်လှစွာသောအဘိုး ဦးတိုးလှိုင်သည် ၂၅-၄-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ဖွားကျင် (၇၈)နှစ်
(ဗိုလ်တထောင်)

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဂျောင်ဝိုင်ကြီးကျေးရွာနေ (ဦးခက်-ဒေါ်ငွေရှင်)တို့၏သမီး၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ (၁၆)လမ်းအနောက်၊ အမှတ် (၅/ခ)နေ (ဦးမောင်ညွန့်)၏ဇနီး၊ ဒေါ်အေးအေးမာ၊ ဦးမောင်မောင်ဦး-ဒေါ်သန်းသန်းဌေး၊ ဦးမျိုးလွင်-ဒေါ်စုစုတင့်၊ မမြင့်မြင့်ခိုင်၊ (မောင်ကြည်လွင်)၊ (မောင်မျိုးကျော်)၊ မောင်ကျော်ကျော်မြင့်-မမိုးမိုးဝင်း၊ မဥမ္မာညွန့်ထွေးတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မအေးပြည့်ပြည့်မျိုး၊ မောင်ဇင်ကိုကိုဇော်၊ မေသဇင်မျိုး၊ ဟိန်းထိုက်ဇော်၊ မအိမ့်ချစ်စု၊ သရဖီမိုးကျော်တို့၏ ဘွားဘွားကြီး ဒေါ်ဖွားကျင်သည် ၂၆-၄-၂၀၁၄ရက် နံက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးမြင့်သိန်း(ငြိမ်း)
လေ-၁၅၇၁၅
လေကြောင်းလမ်းပြကြီး
(တပ်မတော်-လေ)
အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ဦးစန်-ဒေါ်သန်း)တို့၏သား၊ (ဦးစံထွန်း-ဒေါ်သိန်းနု)တို့၏ သားသမက်၊ တိုက်(၆)၊ အခန်း(၃၀၁)၊ သုခလမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်ခင်အုန်း မြင့် (အလက-ငြိမ်း)၏ ခင်ပွန်း၊ ကိုဖြိုးဦး(ခေတ္တ-Singapore)-မဆွေမာလှိုင်၊ ကိုလင်းမြင့်သိန်းတို့၏ ချစ်လှစွာသော ဖခင်၊ အလုံမြို့နယ်၊ အမှတ်(၁၁၅)၊ အောင်ဇေယျလမ်းနေ ဒေါ်ခင်သန်းနွဲ့၏မောင်၊ ဦးခင်မောင်ချို-ဒေါ်ခင်ထွေး၊ ဦးခင်မောင်ညို-ဒေါ်စီစီလွန်းတင်၊ ဦးကျော်ရှိန်-ဒေါ်ခင်မာရီ၊ ဒေါ်ခင်သန်းထွေး၊ ဦးဝင်းတင်-ဒေါ်သဇင်ကြည်တို့၏အစ်ကိုသည် ၂၅-၄-၂၀၁၄ (သောကြာနေ့) နံနက် ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကိုစောမင်းထွန်း(ခ)ဖိုးစော အသက်(၃၀)
Pahtama Group (Sale Rep;)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာမြိုင် (၂)ရပ်ကွက်၊ (၅၉)လမ်းနှင့်လမ်း (၆၀)ကြား၊ (၃၇)လမ်း၊ အမှတ် (ပ/၉/၁၉)၊ မင်္ဂလာသန်းဆီစက်ပိုင် ဦးသိန်းထွန်း(ခ)ဦးထွန်းထွန်း-ဒေါ်ခင်ခင်ပြုံးတို့၏သားလတ်၊ ဦးအုန် မောင်-ဒေါ်တင်တင်ဝင်းတို့၏ သားသမက်၊ မသန္တာဝင်းမောင်(ခ)အိပုံ့ (ဝေဝေအောင် မုန့်မျိုးစုံဖြန့်ချီရေး၊ သိမ်ကြီးဈေး)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဝေမင်းထွန်း-မမြသက်မွန်တို့၏ညီ၊ မောင်မိုးမြင့်ထွန်း၏အစ်ကို၊ မမေသဒ္ဒါထွန်း၏ဦးလေး မောင်စောမင်းထွန်း(ခ)ဖိုးစောသည် ၂၆-၄-၂၀၁၄ (စနေနေ့) နံနက် ၄ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [အခန်း (၄၀၂)၊ တိုက်(၄)၊ ကျန်စစ်သားအိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေအိမ်မှ ကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ကျန်စစ်သားအိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တရာဇိန္ဒမဟာထေရ်
သိက္ခာတော်(၇၄)ဝါ၊ သက်တော်(၉၄)နှစ်
ငါးထပ်ကြီးကျောင်းတိုက် ဩဝါဒါစရိယ
ငါးထပ်ကြီးဘုရားဂေါပကအဖွဲ့ ဩဝါဒါစရိယ
ဝေဇယန္တာကျောင်းဆရာတော်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ ငါးထပ်ကြီးကျောင်းတိုက် ဝေဇယန္တာကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒဆရာတော်ကြီးသည် (၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ရက်)၂၅-၄-၂၀၁၄(သောကြာနေ့) နံနက် ၈း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁ရက်) ၂၉-၄-၂၀၁၄(အင်္ဂါနေ့)တွင် အန္တိမအဂ္ဂိစျာပန သာစုကီဠနသဘင်ကျင်းပပြီး ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ (ကျောင်းမှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ဈာပနပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ
ငါးထပ်ကြီးကျောင်းတိုက် နာယကဆရာတော်များနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်နီ(ခ)ဒေါ်သောင်းတင် (၉၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ မန်ကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ အမှတ်(၃၆)၊ သုံးလွှာနေ (ဦးဖိုးဆိုင်-ဒေါ်စိန်ခ)တို့၏သမီး၊ (ဦးကောက်-ဒေါ်ဖဲ)တို့၏သမီးချွေးမ၊ (ဦးဖေအောင်-ဒေါ်တင်ညွန့်)တို့၏ညီမ၊ (ဦးဘာဘာ)၏ချစ်လှစွာသောဇနီး၊ (ဦးဘအုန်း-ဒေါ်လှိုင်)၊ (ဦးထွန်းပွင့်-ဒေါ်မြတ်မေ)၊ (ဦးစိန်-ဒေါ်ချစ်သန်း)၊ (ဒေါ်အေးကြည်)၊ (ဦးပွ)တို့၏ညီမ၊ (ဦးကျော်ခင်-ဒေါ်ခင်ရီ)၊ (ဦးကျင်ဝမ်း-ဒေါ်မြကြည်)၊ (ဦးမျိုးလွင်)-ဒေါ်ခင်သန်း၊ (ဦးယုဌေး)-ဒေါ်မြသိန်းတို့၏အစ်မ၊ ဦးကျော်ထွန်း-(ဒေါ်ခင်ခင်ထွေး)၊ ဦးအောင်ခင်(ခ)ဦးတွတ်-ဒေါ်လေးလေးနိုင်၊ ဦးသန်းဦး-ဒေါ်ခင်ဆွေအေး၊ ဦးဝင်းကြူ-ဒေါ်ခင်ဌေးဝင်း၊ ဦးသန်းဝင်း-ဒေါ်ခင်သိန်းဝင်း၊ ဦးဝင်းနိုင်-(ဒေါ်ခင်ခင်ဇော်)တို့၏ မွေးသမိခင်၊ တူ/တူမ ၁၂ယောက်တို့၏အဒေါ်၊ မြေး ၂၀ယောက်တို့၏အဘွား၊ မြစ် ၂၂ယောက်တို့၏ဘွားဘွား ဒေါ်နီ(ခ)ဒေါ်သောင်းတင်သည် ၂၅-၄-၂၀၁၄ (သောကြာနေ့) ညနေ ၃း၄၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တံကဲ၊ပလ္လင်၊အုတ်တံတိုင်း ဒါယိကာမကြီး
ဒေါ်ခင်ရီ (၉၁)နှစ်
(မြောင်းမြ-အိမ်မဲ)

မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ ကဝက်ကျေးရွာနေ ဦးဘထွန်း-ဒေါ်စောညွန့်တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းနေ ဦးညွန့်အောင်-ဒေါ်တင်အေး၊ ဒဂုံတောင်ပိုင်းနေ ဒေါ်ခင်စန်းမြင့်တို့၏ ကျေးဇူးရှင်အစ်မကြီး၊ အိမ်မဲမြို့၊ လယ်ပေါ်ရပ်၊ (၈)လမ်းထိပ်၊ ပညာတံခွန်အိမ်နေ ဦးအောင်ကိုကို-ဒေါ်သီတာအေး၊ ပုဇွန်တောင်မြို့နယ်နေ မကြည်ကြည်အေး၊ တာမွေ၊ ကျောက်မြောင်းနေ မစန်းယုအောင်၊ မဇာလီအောင်တို့၏ ကျေးဇူးရှင်အဒေါ်ကြီး၊ မသီရိသူ၊ မောင်ဖြိုးဇော်ကိုတို့၏ ဘွားဘွားကြီး ဒေါ်ခင်ရီသည် ၂၆-၄-၂၀၁၄(စနေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် အိမ်မဲနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ပညာတံခွန်နေအိမ်မှ ခုံကြီးသုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး
ဦးအေးမြင့်ထွန်း(ခ)ဦးရဲအေး (၇၂)နှစ်
(ခရိုင်စိုက်ပျိုးရေးမန်နေဂျာ-ငြိမ်း)

စစ်ကိုင်းတိုင်းဒေသကြီး၊ ပိုးတန်းရပ်နေ (ဦးအေး-ဒေါ်နုနု)တို့၏သား၊ (ဦးအောင်ဘ-ဒေါ်အေး)တို့၏သားသမက်၊ ဒေါ်ခင်ခင်မျိုး၏ခင်ပွန်း၊ ရွှေဘိုမြို့နေ ဦးတင်မျိုးဆွေ-ဒေါ်စိုးမိုးထွန်း၊ စစ်ကိုင်းမြို့နေ ကိုသော်တာထွန်း၊ မနွယ်နီထွန်း၊ ဦးသူရကျော်-ဒေါ်သိင်္ဂီထွန်း၊ မနေကြည်ထွန်း၊ ကိုစိုးသူရ-မဖြိုးပြည့်ထွန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၆-၄-၂၀၁၄(စနေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် တင်းတိပ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
တန်ကင်ယု (၉၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊အမှတ်(၈၂)နေ ဒေါ်ခင်ညွန့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျင်မောင်(ပေါ်ဆန်းစတိုး)-ဒေါ်ဥမ္မာထွေး၊ ဦးအောင်စိန်-ဒေါ်ခင်ခင်အေး၊ ဦးကျော်မြင့်-ဒေါ်သန်းသန်းဝင်း၊ ဦးစိန်မောင်-ဒေါ်သန်းရွှေ၊ ဦးရဲသူရ (Family sushi)-ဒေါ်သန်းသန်းဆွေ၊ ဦးပြည်သိန်း (Golden Crown)-ဒေါ်နှင်းသန္တာဝင်းတို့၏ဖခင်၊ မြေး ၂၀ယောက်တို့၏အဘိုးသည် ၂၆-၄-၂၀၁၄(စနေနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ဝင်းဝင်းကြည် အသက်(၅၂)နှစ်

ရန်ကုန်မြို့နေ (ဦးပါ-ဒေါ်သိန်းငွေ)တို့၏သမီး၊ ဦးမျိုးမြင့်-ဒေါ်နီနီစိန်၊ ဦးတင်အောင်-ဒေါ်ခင်သိန်းဝင်းတို့၏ ညီမ၊ ဦးအောင်ထွန်း (မိုးဇော်ပုံနှိပ်တိုက်)-ဒေါ်နှင်းနှင်းစိုး(မြို့ပြ-အင်ဂျင်နီယာ၊ မြေစမ်းရုံး)၊ ကိုချစ်ထိုက် (စတိုင်ဒေါလ်မဂ္ဂဇင်း)တို့၏အဒေါ်၊ (ဦးခင်ဝင်း)၏ဇနီး၊ ဦးဖြိုးစည်သူဝင်း (CNP ကွန်ပျူတာစင်တာ)-ဒေါ်ချစ်စုထွေးတို့၏ မိခင် ဒေါ်ဝင်းဝင်းကြည်သည် ၂၅-၄-၂၀၁၄ရက် ညနေ ၆နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသည် ၂၇-၄-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်သည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်ဝင်း(ခ)မေချူး အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၈) လမ်းနေ ဦးကျော်သူရ၏ ဇနီး၊ မောင်ရဲလင်းကျော်-မခင်ဝတ်မှုံဝင်း၊ မအေးကြူကြူခိုင်၊ မောင်ကျော်သီဟတို့၏ မွေးသမိခင်သည် ၂၅-၄-၂၀၁၄ရက် ညနေ ၆း၀၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ကိုအောင်နိုင်ဦး (၃၂)နှစ်
နဂါးနီ၊မုန့်ဖုတ်နှင့်ကြာဆံစက်ရုံ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကျန်စစ်သားအိမ်ရာ၊ တိုက်(၄)၊ အခန်း(၄၀၂)နေ ဦးအုန်းမောင်-ဒေါ်တင်တင်ဝင်းတို့၏သားလတ်၊ (ကိုဇော်ဝင်းမောင်)၏ညီ၊ [ကိုစောမင်းထွန်း(ခ)ဖိုးစော]-မသန္တာဝင်းမောင်(ခ)အိပုံ့တို့၏ အစ်ကို ကိုအောင်နိုင်ဦးသည် ၂၆-၄-၂၀၁၄(စနေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ကျန်စစ်သားအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ယနေ့ မာတိကာ

အမ်အီးအာရ်အက်စ် ဗိုင်းရပ်စ်ရောဂါကြောင့် ဆော်ဒီအာရေဗျနိုင်ငံ၌ ၈၇ ဦးသေဆုံး — စာမျက်နှာ - ၄

အနာဂတ် သားကောင်းရတနာများ — စာမျက်နှာ - ၆

ချောင်းသာတွင် CDMA 800 MHz ဖုန်းများ ပြန်လည်အသုံးပြုနိုင်ပြီဖြစ် — စာမျက်နှာ - ၉

ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး ခုတင် (၁၅၀၀)တိုးချဲ့ပြုပြင်မွမ်းမံမည်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန် အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၅၀၀)တိုးချဲ့ပြုပြင်မွမ်းမံခြင်း၊ အမှတ်(၂)ဘုရင့်နောင်တံတား အမြန်ပြီးစီးရေးနှင့် ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောပိတ်ဆို့မှုရှင်းလင်းရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၃)၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၅၀၀)သည် တစ်နိုင်ငံလုံးမှ ပြည်သူများ အားကိုးအားထားမှု အရှိဆုံး ဆေးရုံကြီးဖြစ်၍ ယခုအခါ နှစ်ပေါင်း ၁၀၀ ကျော်လာသောကြောင့် ဆေးရုံကြီးကို ပြုပြင်မွမ်းမံ၍ လည်းကောင်း၊ အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်၍ လည်းကောင်း စတင်ဆောင်ရွက်မည်ဖြစ်၍ ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးကြရန်၊ ထို့ပြင် အမှတ်(၂)ဘုရင့်နောင်တံတားကြီးကို စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးရေးနှင့် တံတားသစ်ကြီးပေါ်မှ မော်တော်ယာဉ်သွားလာမှု ချောမွေ့စေရေးအတွက် ဆွေးနွေးကြရန်နှင့် ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှုနှင့် စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်နိုင်ရေး အခြေအနေများကို ဆွေးနွေးကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ဒုတိယဝန်ကြီး ဦးချန်မောင်တို့က အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၅၀၀) ပြုပြင်ထိန်းသိမ်းရေးအတွက် တိုင်းဒေသကြီးမှ ကူညီဆောင်ရွက်သွားမည့် အခြေအနေ၊ လူနာဆောင်အခန်းများ ပြောင်းရွှေ့မှု၊ တိုးချဲ့ဆောင်သစ်များ တည်ဆောက်နေမှု၊ အမှတ်(၂) ဘုရင့်နောင်တံတား အမြန်ပြီးစီးရေးအတွက် ဆောင်ရွက်နေမှု၊ ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းစေရေးအတွက် လှိုင်သာယာဘက်ခြမ်း Toll Gate ပြောင်းရွှေ့မည့် အခြေအနေတို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်အထွေထွေရောဂါကု

စာမျက်နှာ ၉ ကော်လံ ၆ သို့ ❍

မြန်မာအမျိုးသမီးအသင်း တရုတ်တွင်လေ့ကျင့်မည်

သတင်း၊ ဓာတ်ပုံ ရှိုင်းထက်ဇော်

အာရှဖလားပြိုင်ပွဲမှတစ်ဆင့် ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန် ကြိုးပမ်းနေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဧပြီ ၂၇ ရက်မှ မေ ၅ ရက်အထိ တရုတ်နိုင်ငံ ကွမ်ကျိုးမြို့တွင် သွားရောက်လေ့ကျင့်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၆ သို့ ❋

မြန်မာအမျိုးသမီး ကင်းထောက်များ

ကင်းထောက်ဆိုသည်မှာ သူတစ်ပါးကို ကူညီရန်နှင့် မည်သည့်အရေးပေါ်ကိစ္စကိုမဆို ဖြတ်ထိုးဉာဏ်ဖြင့် ဆောင်ရွက်ဖြေရှင်းကြသူများပင်ဖြစ်သည်။ တစ်ချိန်က မြန်မာနိုင်ငံတွင် အမျိုးသမီးကင်းထောက်များ(Girl Guides)၏ လှုပ်ရှားမှုသမိုင်းများရှိခဲ့ပြီး ယခု နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် အမျိုးသမီးကင်းထောက်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းကာ လှုပ်ရှားဆောင်ရွက်နေပြီဖြစ်သည်။

ကမ္ဘာပေါ်တွင် ကင်းထောက်ဖွဲ့စည်းဆောင်ရွက်မှုကို ၁၉၀၈ ခုနှစ်က စတင်ခဲ့ပြီး မြန်မာနိုင်ငံတွင် အမျိုးသမီးကင်းထောက်အဖွဲ့ကို ၁၉၁၆ ခုနှစ်က သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းအဖြစ် နိုင်ငံတော်က တာဝန်ယူစတင်ဖွဲ့စည်းကာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၊ အာရှကင်းထောက်အဖွဲ့ချုပ်နှင့် ဆက်သွယ်ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် အောင်မြင်စွာ ရပ်တည်နိုင်ခဲ့သည်။ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ၂၀၁၂ ခုနှစ်မှ စတင်ကာ ကင်းထောက်များ ပြန်လည်သက်ဝင်လှုပ်ရှားလာခဲ့ပြီ ဖြစ်သည်။

ကင်းထောက်အမျိုးသမီးများကို သုံးမျိုးခွဲခြားထားပြီး အသက် (၇) နှစ်မှ (၁၁) နှစ်အထိကို ငှက်ပြာကင်းထောက်များ၊ (၁၂)နှစ်မှ (၁၈) နှစ်အထိကို ကင်းထောက်အမျိုးသမီးများ၊ အသက်(၁၉)နှစ်မှ အထက်ကို သက်ကြီးကင်းထောက်များဆိုပြီး ခွဲခြားထားကြောင်း သိရသည်။

ဒုတိယကင်းထောက်ချုပ် ဒေါ်စောဥမ္မာ (မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့)

ကျွန်မတို့ မြန်မာနိုင်ငံကနေပြီး ကင်းထောက်တွေ လွန်ခဲ့တဲ့ ၄၇ နှစ်လောက်ကတည်းက စတင်ပြီး ရပ်ဆိုင်းသွားခဲ့တာပါ။ ဒီမှာ ကျွန်မတို့တစ်တွေက အသက်(၁၆)နှစ်လောက်ရှိပြီပေါ့။ အဲဒီကတည်းက ရပ်သွားတဲ့ ကင်းထောက်ကြီးတွေကို ပြန်လည်တွေ့ဆုံဖို့ဆိုပြီး ပညာရေးဝန်ကြီးဌာနက ဖိတ်ခေါ်တဲ့အတွက် စိန်ရတုခန်းမမှာ ကျွန်မသွားရောက်တက်ခဲ့ပါတယ်။ အဲဒီလို တက်ရောက်ရာကနေ ကျွန်မ ကင်းထောက်အဖွဲ့ထဲကို ပြန်လည်ရောက်ရှိတာဖြစ်ပါတယ်။ အဲဒီတော့ ကင်းထောက်အဖွဲ့ထဲမှာ ပြန်လည်ရောက်ရှိတယ်ဆိုတော့ ၄၇ နှစ်လောက်ကြာနေပြီဖြစ်တဲ့အတွက်

မြန်မာ့သတင်းစဉ် သတင်းအဖွဲ့

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖



ကြေးမုံ Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2014 APRIL 27, SUNDAY

PREMIER® COFFEE

သဘာဝပတ်ဝန်းကျင်

မြန်မာ့သစ်တောနှင့် အနာဂတ်ပတ်ဝန်းကျင်

ဝင်းလှိုင်ကျော်

သစ်တောသစ်ပင်ဟူသည် လူသားအပါအဝင် သတ္တဝါအားလုံးတို့အတွက် မရှိမဖြစ် အရေးပါသော သယံဇာတများဖြစ်သည်။ ကမ္ဘာမြေပေါ်ရှိသတ္တဝါအားလုံးတို့၏ အသက်ရှင်သန်ရပ်တည်ရေးအတွက် သစ်တောသစ်ပင်များအပေါ် အဓိကတည်မှီလျက်ရှိသည်ကို မည်သူမျှ ငြင်းဆိုနိုင်ခြင်းမရှိပေ။ ကမ္ဘာ့လူသားတို့၏ စားဝတ်နေရေးတည်းဟူသော အခြေခံလိုအပ်ချက်ကြီး သုံးရပ်သည် သစ်တောသစ်ပင်များနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း အမြဲတစေဆက်စပ်လျက်ရှိသည်။ ဤသို့ အရေးပါမှု၏အကျိုးဆက်အနေဖြင့် သစ်တောသယံဇာတများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးစီးပွားကို သိသာထင်ရှားစွာ ထောက်ကူပေးနိုင်သော အမျိုးသားသယံဇာတအရင်းအမြစ်များအဖြစ် အသိအမှတ်ပြုကြရလေသည်။ ယနေ့ကမ္ဘာ၏ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများအရ သစ်တောသယံဇာတများသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ကမ္ဘာမြေတစ်ခုလုံးအား သိမ်းကျုံးခြိမ်းခြောက်လျက်ရှိသော ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ပါ အရေးပါလာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံသည် တည်နေရာ၊ မြေမျက်နှာသွင်ပြင်နှင့်ရာသီဥတုအခြေအနေများအရ ဇီဝမျိုးစုံကြွယ်ဝသော သဘာဝသစ်တောများ ပေါက်ရောက်ရှင်သန်လျက်ရှိပါသည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာနီးပါးခန့်မှစ၍ စီးပွားရေးအရ အရေးပါသော သယံဇာတအရင်းအမြစ်များအဖြစ် မှီခိုသုံးစွဲလာခဲ့ပြီး ယနေ့အချိန်ထိ နိုင်ငံဧရိယာ၏ ထက်ဝက်နီးပါး ၄၇ ရာခိုင်နှုန်းခန့် ဖုံးလွှမ်းနေသော သစ်တောများသည် မြန်မာနိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားတို့အတွက် အဖိုးမဖြတ်နိုင်သော ရတနာများပင်ဖြစ်သည်။ မြန်မာ့သစ်တောများသည် ရှေးမြန်မာမင်းများလက်ထက်မှစ၍ နယ်ချဲ့အင်္ဂလိပ်တို့၏ ကိုလိုနီခေတ်၊ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ တပ်မတော်အစိုးရခေတ်နှင့် လက်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရလက်ထက်ထိ ခေတ်အဆက်ဆက် နိုင်ငံတော်၏စီးပွားရေးကို မရပ်မနား ဆက်တိုက်အကျိုးပြုပေးခဲ့ရသည်။

ခေတ်အဆက်ဆက် မြန်မာ့သစ်တောများ၏ အခြေအနေကိုသုံးသပ်လျှင် တိုးတက်ဖြစ်ထွန်းမှုများရှိသလို ဆုတ်ယုတ်ကျဆင်းမှုများကိုလည်း ထင်ရှားစွာတွေ့ရမည်ဖြစ်သည်။ မြန်မာ့သစ်တောသမိုင်းကို လေ့လာပါက သစ်တောများ၏ တိုးတက်မှုနှင့် ဆုတ်ယုတ်မှုတို့သည် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတည်ငြိမ်အေးချမ်းမှုနှင့် သိသာစွာ ဆက်စပ်လျက်ရှိကြောင်း တွေ့ရမည်ဖြစ်သည်။ သစ်တောသယံဇာတဟူသည် အသစ်ပြန်လည်ဖြစ်ထွန်းနိုင်သော အရင်းအမြစ်များ (Renewable Resources) အဖြစ် အစဉ်အဆက် နားလည်လက်ခံခဲ့ကြသော်လည်း သစ်တောများက ထုတ်ပေးနိုင်သော ပမာဏထက်ပို၍ အလွန်အမင်းထုတ်ယူသုံးစွဲခြင်းဖြင့် မူလအခြေအနေထက် ယုတ်လျော့ပျက်စီး ပြုန်းတီးသွားနိုင်ပေသည်။ မျက်မှောက်ကြုံတွေ့ရသော အနေအထားအရ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ သစ်တောသယံဇာတပိုင်ဆိုင်သော နိုင်ငံများအလိုက် သစ်တောဧရိယာလျော့နည်းဆုံးရှုံးမှုများကို မလွှဲမရှောင်သာ ကြုံတွေ့နေရပြီဖြစ်သည်။

စာမျက်နှာ ၂၁သို့ » »

မြန်မာ့သစ်တောနှင့် အနာဂတ်ပတ်ဝန်းကျင်

» » **ရွှေဖုံးမှ**

မြန်မာနိုင်ငံသည် သစ်တောထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် ပတ်သက်၍ အလွန်ကောင်းသောအလေ့အကျင့်များရှိခဲ့ပြီး ရေရှည်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်မှုစနစ်ကို သိပ္ပံနည်းကျချမှတ်ဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ၁၈၅၆ ခုနှစ် ကိုလိုနီခေတ်တွင် ဂျာမန်ရုက္ခဗေဒ ပညာရှင် ဒေါက်တာဘရန်းဒစ်သည် မြန်မာ့သစ်တောများမှ သစ်ထုတ်လုပ်မှုကို နှစ်စဉ်ပုံမှန်ဆောင်ရွက်ထွက်ရှိစေရန် မြန်မာ့ရွေးချယ်မှုစနစ် (Myanmar Selection System- MSS) ကို စတင်ကျင့်သုံးခဲ့ပြီး ယနေ့အချိန်ထိ ယင်းစနစ်အတိုင်း လိုက်နာဆောင်ရွက်ဆဲဖြစ်သည်ဟု ဆိုပါသည်။ ထိုစနစ်၏ အခြေခံသဘောတရားမှာ သစ်အမျိုးအစားအလိုက် ခုတ်လှဲထုတ်လုပ်ရန်ခွင့်ပြုသည့် ရင်စို့လုံးပတ်(Girth at Breast Height -GBH)ကို သတ်မှတ်ထားပြီး ယင်းအရွယ်အစား ပြည့်မီသော အပင်များကိုသာ ရွေးချယ်ခုတ်လှဲခြင်းဖြစ်သည်။ ထို့အပြင် သစ်တောများကို အကွက်လိုက်ဖွဲ့စည်းထားရှိသော သစ်ကွက်တစ်ကွက်အတွင်း တစ်ကြိမ်ရွေးချယ်ခုတ်လှဲပြီး နောက်ထပ် အနှစ် (၃၀)ကြာမှ ထပ်မံဝင်ရောက်ခုတ်လှဲရကြောင်း သိရှိရပါသည်။ ဤသို့ သတ်မှတ်ရခြင်းမှာ သစ်ပင်တစ်ပင်သည် တစ်နှစ်လျှင် လုံးပတ် တစ်လက်မ ကြီးထွားမည်ဆိုပါက နှစ် ၃၀ ကြာလျှင် မူလလုံးပတ်ထက် ၃၀ လက်မပိုမိုကြီးထွားလာနိုင်ခြင်းကြောင့် ဖြစ်သည်။ ဤသို့ဖြင့် သစ်ကွက်အတွင်း ယခင်တစ်ကြိမ် ဝင်ရောက်ခုတ်လှဲစဉ်က သတ်မှတ်လုံးပတ်မမီသဖြင့် ချန်ထားခဲ့သော အပင်များသည် နှစ် ၃၀ ကြာသော အခါ ခုတ်လှဲနိုင်သော အရွယ်သို့ရောက်ရှိလာမည်ဖြစ်ပါသည်။

ဤသို့ တောတွင်းသစ်ခုတ်လှဲထုတ်ယူမှုကို နှစ်စဉ်စနစ်တကျ စီမံခန့်ခွဲထိန်းသိမ်းခဲ့သဖြင့် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာမှာလည်း အလွန်အမင်း လျော့နည်းကျဆင်းသွားခြင်းမရှိပါ။ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာသည် လွန်ခဲ့သော ဆယ်စုနှစ်များက ၅၀ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး လက်ရှိအခြေအနေတွင် ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းရှိကြောင်း၊ ၂၀၁၀ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် သစ်တောသယံဇာတ ဆန်းစစ်ချက်အရ ဇယား(၁)ပါအတိုင်း တွေ့ရှိရပါသည်။

ဇယား(၁) Forest Cover Status of Myanmar 2010

Forest Category	Area (,000 ha)	%ofLandArea
Forest	31,773	46.96 %
Other Wooded Land	20,113	29.73 %
Other Land	13,869	20.50 %
Inland water bodies	1,903	2.81 %
Total	67,658	100.00 %

Source: FRA 2010

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ လေ့လာဆန်းစစ်ချက်အရ ၂၀၀၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာသည် ဟက်တာထောင်ပေါင်း ၃၄၄၁၉ ရှိ၍ နိုင်ငံဧရိယာ၏ ၅၀ ဒသမ ၈၇ ရာခိုင်နှုန်းဖြစ်ကြောင်း တွက်ချက်ရရှိသည်။ သို့ရာတွင် FAO အနေဖြင့် ထိုစဉ်က ဖော်ပြထားသော ကိန်းဂဏန်းများအရ မြန်မာနိုင်ငံ၏အကျယ်အဝန်း(Land Area)ကို ဟက်တာထောင်ပေါင်း ၆၅၇၅၅ ဟူ၍ အခြေခံတွက်ချက်ခဲ့ရာ မြန်မာ့သစ်တောဖုံးလွှမ်းမှုမှာ ၅၂ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ခဲ့ကြောင်း တွေ့ရပါသည်။ သို့ဖြစ်ရာ ဧရိယာလျော့နည်းကျဆင်းမှုပမာဏတူညီသော်လည်း အခြေခံတွက်ချက်မှုများယွင်းခြင်းကြောင့် ၂၀၀၀ပြည့်နှစ်မှ ၂၀၁၀ ခုနှစ်အတွင်း လျော့နည်းမှုရာခိုင်နှုန်း ၃ ရာခိုင်နှုန်းခန့်အစား ၅ ရာခိုင်နှုန်းကျော်လျော့သွားရခြင်းဖြစ်သည်။

ဤနေရာတွင် ပြည်သူများနားလည်သဘောပေါက်စေရန် သစ်တောဖုံးလွှမ်းမှုနှင့်ပတ်သက်၍ ဝိဝါဒကွဲပြားစေသော အချက်များအပေါ် စူးစမ်းလေ့လာတွေ့ရှိချက်များကို မျှဝေပေးလိုပါသည်။ နိုင်ငံတစ်နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာကိုသိရှိရန် ရှေးဦးစွာကောင်းကင်ဓာတ်ပုံများ၊ ဂြိုဟ်တုမှ ရယူသော ပုံရိပ်များအသုံးပြုပြီး အကဲဖြတ်ရပါသည်။ ထိုသို့ အကဲဖြတ်ရာတွင် FAO ၏ အဓိပ္ပာယ်သတ်မှတ်ချက်များအပေါ် မူတည်၍ ရွက်အုပ်ပိတ်တောနှင့် ရွက်အုပ်ပွင့်တောတို့ကို ခွဲခြားပါသည်။ ဧရိယာတစ်ဟက်တာအတွင်း ရွက်အုပ်ဖုံးလွှမ်းမှု(Canopy Cover) ၄၀ ရာခိုင်နှုန်းအထက်ရှိလျှင် ရွက်အုပ်ပိတ်တော၊ ၁၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအတွင်းရှိလျှင် ရွက်အုပ်ပွင့်တောဟု သတ်မှတ်ပါသည်။ ယင်းသတ်မှတ်ချက်သည်လည်း အချိန်အခါ၊ အခြေအနေပေါ် မူတည်၍ ပြောင်းလဲကြောင်း သိရှိရပါသည်။ ၂၀၁၀ ခုနှစ် FAO ဆန်းစစ်ချက်အရ မြန်မာနိုင်ငံ၏ ရွက်အုပ်ပိတ်တောမှာ နိုင်ငံဧရိယာ၏ ၁၉ ဒသမ ၆၈ ရာခိုင်နှုန်းဟု သိရပါသည်။ ဤသို့ ရွက်အုပ်ပိတ်တောနှင့် ရွက်အုပ်ပွင့်တောများပေါင်းစပ်ထားသော ဧရိယာသည် သစ်တောဖုံးလွှမ်းမှုဧရိယာဖြစ်ပြီး ယင်းပမာဏကို နိုင်ငံဧရိယာအပေါ်တွင် ရာခိုင်နှုန်းတွက်ချက်လျှင် သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းကို ရရှိပါသည်။ နိုင်ငံတစ်နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာဆိုသည်မှာ သစ်တောသယံဇာတ ထိန်းသိမ်းကာကွယ်ရန်ရည်ရွယ်ချက်ဖြင့် အခြေခံအဆင့်ဆောင်ရွက်သော ကိန်းဂဏန်းအချက်အလက်ကောက်ယူမှုဖြစ်ပါသည်။

မည်သို့ဆိုစေ၊ သစ်တောဖုံးလွှမ်းမှုပမာဏသည် သစ်တောထိန်းသိမ်းကာကွယ်ရေးအတွက် အလေးထားရမည့် အခြေခံကိန်းဂဏန်းအချက်အလက်ဖြစ်ကြောင်း မငြင်းနိုင်ပါ။ ထို့အပြင် ယင်းနှင့်ဆက်စပ်သော အခြားကိန်းဂဏန်းများကိုလည်း ရှင်းလင်းနားလည်သဘောပေါက်ရန်လိုပါသည်။ ယင်းကိန်းဂဏန်းတို့မှာ နိုင်ငံပိုင်သစ်တောများကို အပိုင်းလိုက်ခွဲခြား၍ စီမံအုပ်ချုပ်ခြင်းနှင့် သက်ဆိုင်သည်။ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဟက်တာထောင်ပေါင်း ၃၁၇၇၃ ရှိသော ဧရိယာတစ်ခုလုံးကို ကြိုးဝိုင်းအဖြစ်ဖွဲ့စည်းထားနိုင်ခြင်း မရှိသေးပါ။ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောဧရိယာများကို ကြိုးဝိုင်းတော၊ နိုင်ငံပိုင်ကာကွယ်တောနှင့် ကာကွယ်ထားသော ဧရိယာများအဖြစ် ရေရှည်စီမံချက်ချမှတ်ပြီး ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။ ၂၀၁၃ ခုနှစ်အထိ ကြိုးဝိုင်းတောနှင့်ကာကွယ်တောအဖြစ် ဖွဲ့စည်းပြီး ဧရိယာမှာ နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်ပြီး ကာကွယ်ထားသော ဧရိယာမှာ ၅ ဒသမ ၆၁ ရာခိုင်နှုန်းဖြစ်ပါသည်။ ယင်းဧရိယာ နှစ်ရပ်ပေါင်း ၃၀ ဒသမ ၆၂ ရာခိုင်နှုန်းကို အမြဲတမ်းသစ်တောနယ်မြေဟု သတ်မှတ်ပါသည်။ သို့ဖြစ်ရာ ခြုံငုံသုံးသပ်လျှင် မြန်မာနိုင်ငံ၏ စုစုပေါင်းသစ်တောဖုံးလွှမ်းမှုဧရိယာမှာ နိုင်ငံတော်ဧရိယာ၏ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းဖြစ်ပြီး ယင်းတွင် ရွက်အုပ်ပိတ်တော ၁၉ ဒသမ ၆၈ ရာခိုင်နှုန်းပါဝင်ပါသည်။ အထက်ပါစုစုပေါင်း သစ်တောဖုံးလွှမ်းမှုဧရိယာအနက် ကြိုးဝိုင်းတောနှင့်ကာကွယ်တောအဖြစ်ဖွဲ့စည်းပြီး ၂၅ ဒသမ ၀၁ ရာခိုင်နှုန်းနှင့်ကာကွယ်ထားသော ဧရိယာအဖြစ်သတ်မှတ်ပြီး ၅ ဒသမ ၆၁ ရာခိုင်နှုန်းဖြစ်ရာ စုစုပေါင်း နိုင်ငံတော်ဧရိယာ၏ ၃၀ ဒသမ ၆၂ ရာခိုင်နှုန်းသည် အမြဲတမ်းသစ်တောနယ်မြေအဖြစ်တည်ရှိပါကြောင်း အများပြည်သူသိရှိနိုင်ရန် ဖော်ပြအပ်ပါသည်။

မြန်မာ့သစ်တောများသည် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပေးရန် သစ်ထုတ်လုပ်မှုအပြင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ စိုက်ပျိုးဧရိယာချဲ့ထွင်မှုများကြောင့်လည်း လျော့နည်းဆုံးရှုံးခဲ့ရကြောင်း လေ့လာသိရှိရပါသည်။ သို့ဖြစ်ရာ သစ်တောသယံဇာတများထုတ်ယူသုံးစွဲမှု၊ သစ်တောမြေကိုအခြားနည်းလမ်းပြောင်းလဲအသုံးချမှုများနှင့် ပတ်သက်၍ အထူးအလေးထားသုံးသပ်ရန်နှင့် အချိန်မီထိန်းသိမ်းရန်အရေးတကြီးလိုအပ်ပါသည်။ အလားတူ ကမ္ဘာနှင့်အဝှမ်း အလေးထားလျက်ရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးရှုထောင့်မှကြည့်လျှင်လည်း မဖြစ်မနေဦးစားပေးဆောင်ရွက်ရမည့် အချက်ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရသစ်လက်ထက် သစ်တောကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုကြည့်လျှင် ဤအချက်ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်းတွေ့ရသည်။ ကနဦးလေ့လာသိရှိရသောအချက်မှာ သစ်ထုတ်လုပ်မှုပမာဏလျှော့ချခြင်းဖြစ်သည်။ မြန်မာ့သစ်လုပ်ငန်းမှရရှိသော ကိန်းဂဏန်းအချက်အလက်များအရ လွန်ခဲ့သော ၁၀ နှစ်အတွင်း သစ်ထုတ်လုပ်မှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

ဇယား(၂)။ ၂၀၀၃-၂၀၀၄ ခုနှစ် မှ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ သစ်ထုတ်လုပ်မှု

စဉ်	ခုနှစ်	ထုတ်လုပ်မှု(တန်ပမာဏ)		
		ကျွန်း	သစ်မာ	ပေါင်း
၁	၂၀၀၃-၂၀၀၄	၂၈၇၉၇၂	၁၁၈၆၉၃၀	၁၄၇၄၉၀၂
၂	၂၀၀၄-၂၀၀၅	၂၅၁၇၂၇	၁၁၂၀၉၄၄	၁၃၇၂၆၇၁
၃	၂၀၀၅-၂၀၀၆	၃၄၁၀၄၈	၁၁၅၃၆၃၈	၁၄၉၄၆၈၆
၄	၂၀၀၆-၂၀၀၇	၃၃၅၄၀၅	၁၄၆၄၄၇၁	၁၇၉၉၈၇၆
၅	၂၀၀၇-၂၀၀၈	၃၀၃၂၅၅	၁၃၀၁၁၅၄	၁၆၀၄၄၀၉
၆	၂၀၀၈-၂၀၀၉	၃၈၂၄၁၆	၁၃၉၇၅၈၀	၁၇၇၉၉၉၆
၇	၂၀၀၉-၂၀၁၀	၃၀၀၇၃၉	၁၅၁၂၂၆၃	၁၈၁၃၀၀၂
၈	၂၀၁၀-၂၀၁၁	၂၈၇၈၀၇	၁၅၀၁၁၀၀	၁၇၈၈၉၀၇
၉	၂၀၁၁-၂၀၁၂	၂၆၃၉၈၂	၁၅၀၆၃၉၀	၁၇၇၀၃၇၂
၁၀	၂၀၁၂-၂၀၁၃	၂၅၈၁၂၄	၁၄၇၈၂၂၁	၁၇၃၆၃၄၅
စုစုပေါင်း		၃၀၁၂၄၇၅	၁၃၆၂၂၆၉၁	၁၆၆၃၅၁၆၆
တစ်နှစ်ပျမ်းမျှ		၃၀၁၂၄၈	၁၃၆၂၂၆၉	၁၆၆၃၅၁၇

Source planning & Statistic Dept MTE

မြန်မာ့သစ်လုပ်ငန်းသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးတည်ချက်ဖြင့် သစ်ထုတ်လုပ်မှုပမာဏကို အဆင့်ဆင့်လျှော့ချသွားရန် စီမံချက်ချမှတ်ထားရှိပြီး ယင်းစီမံချက်အရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျွန်းသစ်လုံးတန် ၆၀၀၀၀ နှင့် သစ်မာတန် ၆၇၀၀၀၀ သာ ထုတ်လုပ်မည်ဖြစ်ကြောင်း သိရှိရသည်။ လတ်တလောကုန်ဆုံးခဲ့သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကျွန်းသစ် ၁၇၁၈၀၆ တန်နှင့် သစ်မာ ၇၅၃၂၄၄ တန်သာ ခုတ်လှဲထုတ်လုပ်ခဲ့ပြီး ဇယား (၂)ပါ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်မှုထက် လျော့နည်းဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

အစိုးရသစ်၏ သစ်တောကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအနက် ဒုတိယအရေးပါသော ဆောင်ရွက်ချက်မှာ သစ်အလုံးလိုက် ပြည်ပတင်ပို့မှုရပ်ဆိုင်းခြင်း(Log Export Ban-LEB) ဖြစ်သည်။ မြန်မာ့သစ်လုပ်ငန်းသည် တည်ဆဲဥပဒေများအရ မြန်မာ့သစ်တောများအတွင်း စီးပွားဖြစ်သစ်ထုတ်လုပ်ခြင်းကို ဆောင်ရွက်ခွင့်ရှိသည့် တစ်ခုတည်းသော နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်ပြီး သစ်အလုံးလိုက် ပြည်ပတင်ပို့ရောင်းချမှုကိုလည်း မြန်မာ့သစ်လုပ်ငန်းကသာ တာဝန်ယူဆောင်ရွက်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံ၏ သစ်နှင့်သစ်ထွက်ပစ္စည်းများ ပြည်ပတင်ပို့ ရောင်းချရာတွင် သစ်အလုံးလိုက် တင်ပို့မှုပမာဏသည်အချိုးအစားအများဆုံးဖြစ်ကြောင်း အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

ဇယား(၃) ။ မြန်မာနိုင်ငံ၏ သစ်နှင့်သစ်ထွက်ပစ္စည်း တင်ပို့မှု

စဉ်	ဘဏ္ဍာနှစ်	သစ်လုံး		ခွဲသား		အချောထည်နှင့်အခြား		စုစုပေါင်း ၁၀၀%
		တန်	%	တန်	%	တန်	%	တန်
၁	၂၀၀၈-၂၀၀၉	၆၈၇၂၈၉	၉၅	၈၅၁၂	၁	၂၄၇၂၀	၄	၇၂၀၅၂၁
၂	၂၀၀၉-၂၀၁၀	၈၃၈၀၀၀	၉၅	၁၀၂၀၉	၁	၃၇၃၆၇	၄	၈၈၅၅၇၆
၃	၂၀၁၀-၂၀၁၁	၉၉၀၁၃၅	၉၆	၅၇၀၈	၁	၃၉၇၇၀	၃	၁၀၃၆၆၁၃
၄	၂၀၁၁-၂၀၁၂	၁၂၅၁၈၈၅	၉၆	၁၀၂၄၅	၁	၃၈၇၅၈	၃	၁၃၀၀၈၈၈
၅	၂၀၁၂-၂၀၁၃	၁၃၀၉၁၆၁	၉၆	၁၂၁၀၁	၁	၃၇၉၈၈	၃	၁၃၅၉၂၅၀

သစ်အလုံးလိုက် တင်ပို့ရောင်းချခြင်းသည်ကုန်ကြမ်းအဆင့် ရောင်းချခြင်းဖြစ်သဖြင့် ရေရှည်တွင် တန်ဖိုးမြှင့်တင်နိုင်မှုမရှိ၍ ဝင်ငွေလျော့နည်းခြင်း၊ နည်းပညာဖွံ့ဖြိုးမှုအားနည်းစေခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု အားနည်းစေခြင်း၊ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးခြင်း၊ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ဆောင်ရွက်ခွင့်ကို အကန့်အသတ်ဖြစ်စေခြင်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို နှေးကွေးစေခြင်းနှင့် သစ်တောသယံဇာတ ထိန်းသိမ်းရေးကို အဟန့်အတားဖြစ်စေခြင်း စသည့် နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါသည်။ သို့ဖြစ်ရာ ပြည်တွင်းသစ် အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးပြီး သစ်တောသယံဇာတများကို ထိန်းသိမ်းရင်း နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကိုပိုမိုဖော်ဆောင်ပေးရန် LEB ကို ကျင့်သုံးခြင်းဖြစ်ကြောင်း သိရပါသည်။

LEBကို ကျင့်သုံးခြင်းဖြင့် အထက်ပါနစ်နာဆုံးရှုံးမှုများကို ပပျောက်စေသည့်အပြင် သစ်ထုတ်လုပ်မှုကို သိသာစွာ လျှော့ချနိုင်ခြင်း၊ သစ်တောထိန်းသိမ်းကာကွယ်ရေးကို အထောက်အကူပေးခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးသက်သာစေခြင်း စသည့်အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ပါသည်။ မျက်မှောက်ခေတ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုအပ်ချက်များအရ LEB သည် ကမ္ဘာ့သစ်တောများအတွင်းမှ သစ်ထုတ်လုပ်မှုပမာဏလျှော့ချရေးအတွက် သစ်ထုတ်လုပ်မှုရပ်ဆိုင်းခြင်း(Logging Ban)ပြီးလျှင် ဒုတိယ အကောင်းဆုံးနည်းလမ်းအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီအများစုက လက်ခံထားကြပါသည်။ ကမ္ဘာ့နိုင်ငံများအလိုက် အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံပေါင်း ၁၇ နိုင်ငံတွင် တစ်နိုင်ငံလုံးအနေဖြင့်ဖြစ်စေ၊ ဧရိယာသတ်မှတ်၍ဖြစ်စေ LEB ကို ကျင့်သုံးလျက်ရှိပါသည်။ အာဆီယံဒေသအတွင်း သစ်တောများကြွယ်ဝသော မလေးရှား၊ အင်ဒိုနီးရှား အပါအဝင် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့တွင် အစောပိုင်းကာလများကတည်းက LEB ကို ကျင့်သုံးခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ၅-၄-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၃)ဖြင့် သစ်အလုံးလိုက် ပြည်ပတင်ပို့မှုကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ စတင်ရပ်ဆိုင်းမည်ဖြစ်ကြောင်း အချိန်ကာလတစ်နှစ်စော၍ ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၃၁-၃-၂၀၁၄ ရက် ည ၁၂ နာရီတိတိတွင် သစ်လုံးတင်ပို့မှုကို လုံးဝရပ်ဆိုင်းခြင်းဖြင့် လက်တွေ့အောင်မြင်စွာအကောင်အထည်ဖော်ခဲ့ပြီးဖြစ်ပါသည်။

သစ်တောနှင့် သဘာဝပတ်ဝန်းကျင်သည် ခွဲခြား၍မရသော အခြေခံအကြောင်းတရားများဖြစ်သည်။ အထူးသဖြင့် မြန်မာ့သစ်တောများသည် နိုင်ငံစီးပွားရေးအတွက်လည်းကောင်း၊ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်သော ကျေးလက်နေပြည်သူများ၏ နေ့စဉ်နေထိုင်စားသောက်မှုဘဝအတွက်လည်းကောင်း မရှိမဖြစ်အရေးပါလှသည်။ မျက်မှောက်ကမ္ဘာ၏ရာသီဥတုပြောင်းလဲမှုဆိုင်ရာအကြောင်းတရားများတွင် သစ်တောပြုန်းတီးမှုသည် အဓိကကျသော အချက်တစ်ခုအဖြစ် ပါဝင်ပါသည်။ ထို့ကြောင့်ပင် နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ယခင်သစ်တောရေးရာဝန်ကြီးဌာနကို "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန"ဟူ၍ အမည်ပြောင်းလဲခဲ့ပြီး "ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန"ကိုလည်း အသစ်ဖွဲ့စည်းတာဝန်ပေးခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုပါလျှင် လူသားတို့အတွက် အဖိုးမဖြတ်နိုင်သော သစ်တောသယံဇာတများရေရှည်တည်တံ့ပြီး သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးကို အလေးထားဆောင်ရွက်ခြင်းသည် အစိုးရနှင့်တကွ ပြည်သူပြည်သားအားလုံး၏ အရေးကြီးသော လုပ်ငန်းတာဝန်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသစ်လက်ထက် သစ်တောကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ရေရှည်အကျိုးစီးပွားအတွက် ထူးခြားသော ဆောင်ရွက်ချက်များအဖြစ် ရှုမြင်ရမည်ဖြစ်ပါသည်။ ထို့အပြင် သစ်တောသယံဇာတများ ရေရှည်တည်တံ့မှုနှင့်အတူ ကောင်းမွန်သောဂေဟစနစ်များဖြစ်ထွန်းပြီး ဘက်စုံသဟဇာတဖြစ်သော သဘာဝပတ်ဝန်းကျင်ကောင်းကို ပေါ်ပေါက်စေခြင်းသည် အနာဂတ်မျိုးဆက်သစ်တို့အတွက် အမွေခံကောင်းကို ဖန်တီးပေးခြင်းပင်ဖြစ်ပါသည်။ သို့ရာတွင် လက်ရှိအခြေအနေသည် အန္တိမရည်မှန်းချက်သို့ ရောက်ပြီဟု မဆိုနိုင်သေးပေ။ ဆက်လက်ဆောင်ရွက်ရန် များစွာကျန်ရှိနေပေသေးသည်။ မည်သို့ဆိုစေ ဤပြောင်းလဲမှုသည် အနာဂတ် မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ်အဖြစ် အသိအမှတ်ပြုရမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

နွေရာသီတွင်ဖြစ်တတ်သော ရောဂါငယ်များအတွက် တိုင်းရင်းဆေးပညာကုထုံး

နေနေနိုင်ရည် (တိုင်းရင်းဆေး)

ဥတုမနိုင်ဆေးမကိုင်နှင့်၊ ရာသီမပိုင်ဆေးမကိုင်နှင့်ဟူသော ဆိုရိုးရှိပါသည်။ ရာသီဥတုသည် အနာရောဂါဖြစ်ကြောင်းသာမက ရောဂါကုသရာတွင်လည်း အရေးပါသောကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရပါသည်။ ယခုဆောင်းပါးတွင် မြန်မာ့တိုင်းရင်းဆေးပညာအရ ရာသီအလိုက်ဖြစ်တတ်သော ရောဂါငယ်များဖြစ်သည့် ဖော်ပြပါရောဂါငယ်များအတွက် မြန်မာ့ကုထုံးများကို တင်ပြသွားမည်ဖြစ်ပါသည်။

၁။ ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲခြင်း

နွေရာသီ၏ ပြင်းထန်လွန်းသည့်အပူသက်သာအောင် လေအေးစက်အခန်းတွင်နေခြင်း၊ ရေခဲရေသောက်ခြင်း၊ လေထန်သောနေရာတွင် အအေးခံအိပ်စက်ခြင်း၊ နေပူစဉ် နေ့ခင်းနေ့လယ် ရေချိုးခြင်းတို့ကြောင့် ရုတ်တရက်ဖြစ်တတ်ပါသည်။ ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲခြင်းသက်သာစေရန်

(၁) အဝတ်ပါးပါးကို လုံခြုံစွာဝတ်ဆင်ပါ။
(၂) ချွေးထွက်စေရန် ကွမ်းရွက်နှင့် ထန်းလျက်ပြုတ်ရည်ကို ပူပူမှုတ်သောက်ပါ။
(၃) ရေနွေးငွေ့ရှူပါ။
(၄) ဆားရေကြည် (သို့မဟုတ်) ကွမ်းရွက်စိမ်းရည်ဖြင့် မျက်စဉ်းခတ်ပါ။
(၅) ရေကျက်အေးများများသောက်ပါ။
(၆) တိုင်းရင်းဆေးနံပါတ် (၁၇၊ ၂၄၊ ၂၅)တို့ကို သောက်နိုင်ပါသည်။

၂။ အပူဝင်၊ အပူငုပ်ရောဂါများ

ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲခြင်းပြင်းထန်လျှင် အပူဝင်၊ အပူငုပ်ဖြစ်တတ်ပါသည်။ အတွင်းအပူငြိမ်းစေရန် ရေများများသောက်ပေးရပါမည်။ မျက်စိပူပြီး ကျိန်းစပ်နေသည်အထိ ဆိုးရွားလျှင် ညဘက်၌ မန်ကျည်းသီးမှည့်နှင့် ထန်းလျက်ဖျော်ရည် လုပ်သောက်သင့်ပါသည်။

နံနက်နှင့် နေ့တွင် သွေးဆေးနီကြီးဆေးနံပါတ် ၁၇ ကို ထန်းလျက်ပြုတ်ရည်ဖြင့် တိုက်ပါ။ နံနက်နှင့်ည အစာစားပြီးတိုင်း မတဲမြင်းမိုရ်ကုန်းဆေးနံပါတ် ၂၅ ကို တိုက်ရပါသည်။

၃။ မျက်စိကျိန်း၊ မျက်စိနာ

နွေရာသီတွင်အဖြစ်များသည့် မျက်စိကျိန်း၊ မျက်စိနာများအတွက်

(၁) မန်ကျည်းနီခေါက်နှင့်ဆားကိုသွေး၍ နဖူးကိုလိမ်းပါ။
(၂) ဆင်တုံးမနွယ်နှင့်ဆားသွေး၍ မျက်စိကိုကွင်းပါ။
(၃) ဆီးဖြူသီးနှင့် ဆားသွေး၍ကွင်းပါ။
(၄) ငှက်ပျော်သီးဖီးကြမ်းပျော်ပျော်ကိုစားပါ။
(၅) နံနက်အချိန်နွားနို့ကို ဆားငန်ငန်ခတ်ပြီး သောက်ပါ။
(၆) ညတွင် မန်ကျည်းဖျော်ရည် ဆားငန်ငန်ခတ်ပြီးသောက်ပါ။
(၇) မျက်နှာသစ်သည့်အခါ ခြေထောက်ကို ရှေးဦးစွာ ရေလောင်းပြီးမှ သစ်ပါ။
(၈) မျက်စိစူးလျှင် နနွင်းကို ရေနွေးနှင့် မှိုင်းခံပါ။
(၉) ဟလိဒ္ဒစုဏ္ဏကင်းဆေး(ဆေးနံပါတ် ၆) နှင့် အပူငြိမ်းသွေးဆေး(ဆေးနံပါတ် ၁၆ ကို)အညွှန်းအတိုင်း သောက်၍ အကင်း ၁၀ ပါးဆေး(ဆေးနံပါတ် ၄၃)ကိုလိမ်းနိုင်ပါသည်။

၄။ ဆီးချုပ်၊ ဆီးပူ၊ ဆီးအောင့်ရောဂါ

လတ်ဆတ်သော အသီးအရွက်များ စားသောက်ရန် လိုပါသည်။ ရေ(သန့်) တစ်ရက်လျှင် လေးပုလင်းအနည်းဆုံး သောက်သင့်ပါသည်။ တာရှည်စွာထိုင်၍ အလုပ်လုပ်ခြင်းနှင့် အပူဆေး၊ အပူစာတို့ကို ရှောင်သင့်ပါသည်။

(၁) နံနက်အိပ်ရာထကို ရေဝအောင် သောက်ခြင်း
(၂) ဆန်ဆေးရည်ကို သကြားအနည်းငယ်ထည့်၍ သောက်ခြင်း
(၃) ထိကရုံးဆူးပေါက်မြေဆီးဖြူ သံမနိုင်-ကျောက်မနိုင်၊ ကုလားမျက်စိပဥ္စငါးပါးပြုတ်ရည်များကို သောက်ပါ။
(၄) ဆူးလေပဥ္စငါးပါးကို ပြုတ်၍ သောက်ခြင်းစသည်များကို ပြုလုပ်လျက် အခြားဆီးသက်အုပ်စုဝင်ဆေးများနှင့် ဆီးဆေးဖြူ(ဆေးနံပါတ် ၂၁)တို့ကိုလည်း သောက်နိုင်ပါသည်။

၅။ နှာခေါင်းသွေးလျှံခြင်း

နှာခေါင်းမှသွေးများကို စင်ကြယ်အောင်သန့်ရှင်း၍ အနံ့ပြင်းသည့် ဆေးပစ္စည်းတစ်ခုခုကိုဖြစ်စေ၊ သွေးဆေးအေးတစ်မျိုးမျိုးကို ဖြစ်စေရှူရမည်။

(၁) သပြေ၊သြဇာ၊ ဘူးရွက်၊ မာလကာရွက်များကို ပွတ်ချေ၍ ရှူပါ။
(၂) နံ့သာတစ်မျိုးမျိုးကို ရှူပါ၊ ရေအေးကို ရှူပါ။
(၃) သွေးဆေးအေးကို တိုက်ပါ။ (အပူငြိမ်းသွေးဆေး)
(၄) သံပရာရည်ကို သကြားနှင့် အချိုအရသာကဲလျက် ဖျော်တိုက်ပါ။
(၅) ကျောက်ဖရုံသီးကို ခြစ်၍ အစပ်မပါဘဲ သုတ်စားပါ။

အထူးသဖြင့် အပူငြိမ်းသွေးဆေး (ဆေးနံပါတ် ၁၆) ကို လက်ဖက်ရည်ဇွန်းတစ်ဝက်ခန့် မကြာမကြာတိုက်၍ပေးပါက အလွယ်တကူ သက်သာပျောက်ကင်းနိုင်ကြောင်း တင်ပြလိုက်ရပါသည်။ ။

မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဖွင့်

မင်းကင်း ဧပြီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်တွင် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာအထူးသင်တန်းကို ဧပြီ ၂၂ ရက် နံနက် ၈ နာရီက အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမ၌ ဖွင့်လှစ်ခဲ့ရာ သင်တန်းသားသင်တန်းသူ ၄၉ ဦးနှင့် သင်တန်းနည်းပြ ၁၃ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးမောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြအဖွဲ့ခေါင်းဆောင် ပွင့်လျက်ကျေးရွာ ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းက သင်တန်းစည်းမျဉ်းစည်းကမ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၄ နာရီခွဲအထိ ပို့ချပေးပြီး သင်တန်းကာလမှာ မေ ၂၅ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ချင်းတွင်းသား)**

ဥတု
မနိုင်
ဆေး
မကိုင်နှင့်

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများ

» » ကျော်ဖုံးမှ

ဒေသနှင့် ကိုက်ညီသော ဓာတ်အားလိုင်း သွယ်ယူခြင်း၊ အသေးစားရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ထုတ်ယူသုံးစွဲခြင်း၊ ဆိုလာပြားများ တပ်ဆင် အသုံးပြုခြင်း စသည့် နည်းစနစ်များဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများအား အဆိုပြုတင်ပြထားပြီးဖြစ်သည်။

၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ဝန်ကြီးဌာနအစီအစဉ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ

စဉ်	လုပ်ငန်းအမျိုးအမည်	လုပ်ငန်း ပမာဏ	ကုန်ကျငွေ (ကျပ်သိန်းပေါင်း)	မှတ်ချက်
၁။	မြို့ကြီးကျေးရွာတွင် မြို့ကြီးရေအားစက်ရုံမှ 33KVဓာတ်အားလိုင်း (၁)မိုင်တည်ဆောက်ခြင်းလုပ်ငန်း။	1 mile	၄၁၈၀. ၅၈	
၂။	မြို့ကြီးကျေးရွာတွင် 33/11-2MVA ဓာတ်အားခွဲရုံတည်ဆောက်ခြင်း လုပ်ငန်း။	2 MVA		
၃	မြို့ကြီး၊ ကျွန်းကြီး၊ ဆည်ရွာကျေးရွာများသို့ 11KV(4.5) မိုင် တည်ဆောက်ခြင်းလုပ်ငန်း	4.5 miles	၉၆၂. ၃၂	

၂၀၁၄- ၂၀၁၅ ခုနှစ်အတွင်း အဆိုပြုတင်ပြထားသည့် ပထမဦးစားပေး ကျေးရွာ(၅၀)ရွာစာရင်း

စဉ်	နည်းစနစ်	ကျေးရွာအရေအတွက်	ကုန်ကျငွေ (ကျပ်သိန်းပေါင်း)	မှတ်ချက်
၁	ဓာတ်အားစနစ်	၁၆ ရွာ	၁၇၉၃၉. ၆၅	
၂	ဆိုလာစနစ်	၃၁ ရွာ	၁၄၈၆. ၁၀	
၃	ရေအားစနစ်	၃ ရွာ	၂၀၀၀. ၀၀	
	စုစုပေါင်း	၅၀ ရွာ	၂၁၄၂၅. ၇၅	

၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း အဆိုပြုတင်ပြထားသည့် ဒုတိယဦးစားပေးကျေးရွာ ၅၀ ရွာစာရင်း

စဉ်	နည်းစနစ်	ကျေးရွာအရေအတွက်	ကုန်ကျငွေ(ကျပ်သိန်းပေါင်း)	မှတ်ချက်
၁	ဓာတ်အားစနစ်	၁၆ ရွာ	၁၄၇၁၉. ၆၀	
၂	ဆိုလာစနစ်	၂၉ ရွာ	၁၄၃၀. ၁၀	
၃	ရေအားစနစ်	၅ ရွာ	၂၅၀၀. ၀၀	
	စုစုပေါင်း	၅၀ ရွာ	၁၈၆၄၉. ၇၀	

၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း JICA အစီအစဉ်ဖြင့် ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးရန် ကျေးရွာ ၁၁ ရွာစာရင်း

စဉ်	ကျေးရွာအုပ်စု	ကျေးရွာ	စုစုပေါင်းကုန်ကျမှု (ကျပ်သိန်းပေါင်း)	မှတ်ချက်
၁	ဆင်ခေါင်း	ကျောက္ကူလေးရွာ	၅၅၀	
၂	ဆင်ခေါင်း	ပြေသာ	၅၅၀	
၃	အလယ်ချောင်	အလယ်ချောင်	၆၅၀	
၄	ညောင်အိုင်	လက်ပံပင်	၅၅၀	
၅	မြင်းကျဒိုး	မြင်းကျဒိုး	၆၅၀	
၆	မြင်းကျဒိုး	ညောင်ပင်ခွ	၅၅၀	
၇	မြိုင်	မြိုင်	၆၅၀	
၈	မြိုင်	ညောင်ကုန်း	၆၅၀	
၉	ယကြီး	ယကြီး	၇၅၀	
၁၀	ယကြီး	ပွေးပြတ်	၅၅၀	
၁၁	ယကြီး	မြေခြား	၇၅၀	
	စုစုပေါင်း		၆၈၅၀	

ကျေးလက်ဒေသများတွင် လျှပ်စစ်ဓာတ်အားရရှိလာပါက ဒေသခံပြည်သူများအနေဖြင့် မီးအလင်းရောင် သုံးစွဲနိုင်မည့်အပြင် ထမင်း/ဟင်းချက်ပြုတ်ရာတွင် အသုံးပြုသည့် ထင်း၊ မီးသွေးအစား လျှပ်စစ်ဓာတ်အားကို သုံးစွဲလာခြင်းဖြင့် ဒေသတွင်းသစ်တော၊ သစ်ပင်ပြုန်းတီးမှု လျော့နည်းကျဆင်းကာ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားလာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

ရေဖြူမြို့နယ်၌ မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဖွင့်

ထားဝယ် ဧပြီ ၂၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်တွင် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဖွင့်ပွဲကို ဧပြီ ၂၃ ရက်က အထက ရေဖြူမြို့ ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ပညာရေးလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနွယ်က အဖွင့်အမှာစကား ပြောကြားပြီး ရေဖြူမြို့နယ်ပညာရေးမှူး ဒေါ်အေးတင့်ရီက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ဆက်လက်ပြောကြားသည်။ အဆိုပါသင်တန်းဖွင့်ပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် သင်တန်းသား သင်တန်းသူ ၁၃၃ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၄ ရက်မှ မေ ၂၄ ရက်အထိ တစ်လဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(ရေဖြူမြို့နယ်ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး

ညောင်လေးပင်မြို့နယ် အင်းဝိုင်းကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ

ညောင်လေးပင် ဧပြီ ၂၆ - ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အင်းဝိုင်းကျေးရွာအုပ်စု ကွင်းဒလလေးကျေးရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၃ ရက်က အဆိုပါ ကွင်းဒလလေးကျေးရွာထိပ်ရှိ မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ ထရန်စဖော်မာ မော်ကွန်းတင်ကျောက်စာအား ပဲခူးတိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးစောဘေဘီအုန်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ဖွင့်ပွဲဆိုင်းဘုတ်အား မဒေါက်မြို့ ပန်းငွေရုံတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဇောတိကဓဇ ဘဒ္ဒန္တသုမနာဘိဝံသနှင့် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးစောဘေဘီအုန်း၊ ရန်ကုန်မြို့နေ အလှူရှင် သီရိသုဓမ္မသီဂီ ဒေါ်ရွှေသက်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောလင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်၊ မဒေါက်မြို့လျှပ်စစ်မှူး ဦးကောင်းမြတ်ဦး၊ အင်းဝိုင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးညွှန့်ငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မီးလင်းရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ပြွန်တန်ဆာမြို့ ဇမ္ဗူအေးတောရဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယက လှူဒါန်းငွေကျပ် ၃၂ သိန်း၊ သီရိသုဓမ္မသီဂီ ဒေါ်ရွှေသက်က လှူဒါန်းငွေကျပ်သိန်း ၃၀ တို့အား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ အခမ်းအနားတွင် တိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးစောဘေဘီအုန်းက အဖွင့်အမှာစကားပြောကြားပြီး ဒု-တိုင်းလျှပ်စစ် အင်ဂျင်နီယာ ဦးဝင်းမြင့်က မီးလင်းရေးနှင့် ပတ်သက်ပြီး လိုက်နာဆောင်ရွက်ရန်တို့ကို ပြောကြားကာ မီးလင်းရေးကော်မတီဝင် ဦးခင်မောင်လွင်က ငွေစာရင်းရှင်းတမ်းကို လည်းကောင်း၊ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးညွှန့်ငွေက မီးလင်းရေးအတွက် ဆောင်ရွက်ပုံအဆင့်ဆင့်တို့အား ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီးက မီးလင်းရေးကော်မတီဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလက်ဆောင်နှင့် အထိမ်းအမှတ်အလံများ ပြန်လည်ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေလင်း(ညောင်လေးပင်)

■

ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ရေကြောင်းလူငယ်အခြေခံသင်တန်းဖွင့်

ပုသိမ် ဧပြီ ၂၆ - ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ရေကြောင်းလူငယ်အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၁၄) သင်တန်းဖွင့်ပွဲကို ဧပြီ ၂၃ ရက်က ပမ္မဝတီရေတပ်စခန်းဌာနချုပ် အမှတ်(၂၆)စစ်ရေယာဉ်စု (အကူရေယာဉ်အုပ်)၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လူအေး၊ ပမ္မဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်အောင်ဇော်လှိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပမ္မဝတီရေတပ်စခန်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပမ္မဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်အောင်ဇော်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းမှူးအား ရေတပ်စခန်းဌာနချုပ်မှူးက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပေးအပ်သည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ထောက်ပံ့ချီးမြှင့်သော သင်တန်းသားဝတ်စုံနှင့် ထောက်ပံ့ကြေးများအား ပမ္မဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးက ပေးအပ်ရာ တာဝန်ရှိသူက လက်ခံရယူပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သင်တန်းတွင် လက်နက်မဲ့ စစ်ရေးပြဘာသာရပ်၊ ရေတပ်သားဘာသာရပ်၊ အချက်ပြဆက်သွယ်ရေးဘာသာရပ်၊ အခြေခံရေကူးဘာသာရပ်၊ လှေလှော်ဘာသာရပ်၊ ရွက်လှေဘာသာရပ်၊ တပ်မတော်ရေသမိုင်းနှင့် အထွေထွေဗဟုသုတများကို စာတွေလက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၈ ဦးတက် ရောက်ကာ သင်တန်းကာလမှာ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် လေကြောင်းလူငယ်သင်တန်းကိုလည်း ဧပြီ ၂၃ ရက် နံနက်ပိုင်းက ပုသိမ်မြို့ အထက(၂)၌ ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး

မန္တလေးအထွေထွေဆေးရုံကြီး၌ Intra Network System တပ်ဆင်အသုံးပြု၍ ကုသမှုများ ဆောင်ရွက်ပေးနေ

မန္တလေး ဧပြီ ၂၆ - ခုတင်(၁၀၀၀)ဆံ့ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် Hospital Intra Network System တပ်ဆင်အသုံးပြု၍ ကုသမှုများအားဆောင်ရွက်ပေးနေပြီဖြစ်ကြောင်းသိရသည်။

ဆေးရုံကြီးရှိဓာတ်ခွဲခန်းဌာနနှင့်လူနာကုသဆောင်အသီးသီးသို့ Intra Network ချိတ်ဆက်တပ်ဆင်ခြင်းဖြင့် ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းမှအဖြေများကို ချက်ချင်းသက်ဆိုင်ရာဌာနအသီးသီးမှ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ကြည့်ရှုနိုင်သဖြင့် လူနာများကို ကုသရာတွင် ပို၍ထိရောက်လျင်မြန်ခြင်း၊ ဆေးမှတ်တမ်းထိန်းဌာနမှ လူနာများ၏ရောဂါ ရာဇဝင်အချက်အလက်များကို ရှာဖွေရာတွင် လွယ်ကူလျင်မြန်ခြင်းနှင့် E-Liberary စနစ်ပါရှိသဖြင့် ဆရာဝန်၊ ဆရာမများ၊ ဆေးကျောင်းသားများ ဆေးပညာဆက်လက်လေ့လာရာတွင် အဆင်ပြေခြင်း၊ နောင်တစ်ချိန်တွင်ဖြစ်ပေါ်လာမည့် E-Government စနစ်အတွက်ကြီးစွာသော အထောက်အပံ့ဖြစ်နိုင်ခြင်း စသောအကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း လက်ထောက်ဆေးရုံအုပ် ဒေါက်တာအာကာမြင့်ကပြောသည်။

"ကျွန်တော်တို့ချိတ်ဆက်ထားတဲ့စနစ်က စစ်ဆေးခံလူနာရှိတဲ့ ကုသဆောင်သို့သာရောက်ရှိသွားတဲ့စနစ်ဖြစ်ပြီး အခြားမသက်ဆိုင်တဲ့ ကုသဆောင်များကနေကြည့်ရှုစစ်ဆေးမှုပြုလုပ်၍မရနိုင်တဲ့ လုံခြုံရေးအပြည့်ပါဝင်တဲ့စနစ်ဖြစ်ပါတယ်။ နောက်ပြီး အခုကွန်ပျူတာနဲ့သာမက သက်ဆိုင်ရာ ဆရာ ဆရာမများက ဖုန်း၊ တက်ဘလက်များနဲ့လည်း အလွယ်တကူကြည့်ရှုနိုင်တဲ့အနေအထားရောက်အောင် ဆက်သွယ်ဆောင်ရွက်ထားပါတယ်"ဟု ၎င်းကပြောသည်။

ယင်း Intra Network ချိတ်ဆက်ခြင်းလုပ်ငန်းကို ဆေးရုံရန်ပုံငွေမှ ကျပ်သိန်း ၃၀၀ အကုန်ကျခံ၍ မတ် ၁ ရက်မှစ၍ တပ်ဆင်အသုံးပြုခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များအနေဖြင့် ဓာတ်မှန်ပုံရိပ်ဖော်အခန်းအသီးသီးမှ ပုံရိပ်ဖော်အဖြေများအား ကုသဆောင်အသီးသီးမှ ချက်ချင်းကြည့်ရှုကုသဆောင်ရွက်ပေးနိုင်ရေးအတွက် Intra Network များ ဆက်လက်တပ်ဆင်အသုံးပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ဝန်ထမ်းအင်အား ၁၁၄၂ ဦး၊ ဌာနနှင့်ကုသဆောင် ၃၁ ဆောင်ရှိ၍ ကိုးထပ်အဆောက်အအုံတစ်ခု တိုးချဲ့တည်ဆောက်လျက်ရှိပြီး လက်ရှိ ခုတင်(၁၀၀၀)ဆံ့ ဆေးရုံကြီးမှ (၁၅၀၀) ဆံ့ ဆေးရုံကြီးအဖြစ်ဖွင့်လှစ်နိုင်ရေး နိုင်ငံတော်သို့ တင်ပြတောင်းခံထားကြောင်း သိရသည်။

(မင်းထက်အောင်-မန်းကိုယ်ပွား)

ရှမ်းပြည်နယ်(မြောက်ပိုင်း)

လားရှိုးမြို့တွင် ဓမ္မပူဇာသဘင်ပွဲ ခုနစ်ညတိုင်တိုင် ကျင်းပမည်

လားရှိုး ဧပြီ ၂၆ - ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ဓမ္မပူဇာသဘင်ပွဲကို ခုနစ်ညတိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဓမ္မမိတ်ဆွေထေရဝါဒဗုဒ္ဓဘာသာသာသနဝေယျာဝစ္စအဖွဲ့က ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ ညစဉ် ည ၇ နာရီတွင် ဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

လားရှိုးမြို့ရှိ ဓမ္မမိတ်ဆွေထေရဝါဒဗုဒ္ဓဘာသာသာသနဝေယျာဝစ္စအဖွဲ့မှ ဒေါ်ခါးတမာက "ဒီနှစ် ကျင်းပတာ စတုတ္ထအကြိမ်ဖြစ်ပြီး လေးနှစ်တိုင်ခဲ့ပါပြီ။ ပထမဆုံးကျင်းပခဲ့တာ ၂၀၁၁ ခုနှစ်က ၁၁ ည၊ ၂၀၁၂ ခုနှစ် ၁၆ ည၊ ၂၀၁၃ ခုနှစ်က ၁၁ ည ပြုလုပ်ခဲ့ပါတယ်။ သစ္စာအသိဉာဏ်ခြံရံလျက် မိမိတို့အဖွဲ့က မွန်မြတ်သောတရားအလှူကို ပေးလှူတာပါ" ဟု ပြောသည်။ ဓမ္မရုံသီဆရာတော် အရှင်သုနန္ဒ၊ မန္တလေးမြို့ မဟာမြိုင်ကျောင်းတိုက် ဆရာတော် အရှင်ရာဇိန္ဒ၊ စစ်ကိုင်းတောင်ရိုးသီတဂူဗုဒ္ဓတက္ကသိုလ်မှ သီတဂူအရှင်ဉာဏဝရ၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်တောင်ပိုင်း ခင်မကန်ကျောင်းတိုက်မှ အရှင်ခေမိန္ဒ (စစ်ကိုင်း)တို့ဖြစ်ကြောင်း သိရသည်။

တရားပွဲလာသူ ဦးခင်အောင်က "နှစ်တိုင်း တရားနာလာဖြစ်ပါတယ်။ နိဗ္ဗာန်ရောက်ကြောင်းတရားတော်တွေကို ဆရာတော်ကြီးတွေက လာဟောပြောပေးတဲ့အတွက် တရားနာသူတွေလည်းများတယ်။ နှစ်တိုင်း ၁၀ ည ၁၁ ည လာနိုင်အောင် ကြိုးစားပါတယ်၊ ဆရာတော်ကြီးတွေတောင် အဝေးက လာဟောပြောတာလေ။ တရားနာရင်းနဲ့ ကိုယ်လည်းတတ်စွမ်းသလောက်လှူပါတယ်"ဟု ပြောပြသည်။ (၁၂)ရပ်ကွက်မှ တရားနာလာသူ ဒေါ်နိုင်းရွှက်က "နှစ်တိုင်းတရားပွဲတွေ မြို့တော်ခန်းမကြီးမှာ ၁၀ ည၊ ၁၁ ည ဟောတိုင်း လာဖြစ်အောင်လာတယ်၊ အိမ်ဝေးပေမယ့် သားသမီးတွေက လိုက်ပို့ပါတယ်" ဟု ပြောသည်။

အဆိုပါ ဓမ္မပူဇာသဘင်မှာ လားရှိုးမြို့တော်ခန်းမကြီး၌ ကျင်းပခြင်းဖြစ်ပြီး တရားနာသူများနှင့် လာရောက်လှူဒါန်းသူများပြားကြောင်း သိရသည်။

မမ(လားရှိုး)

စဉ်	အမည်	မှတ်ပုံတင်အမှတ်	နေရပ်လိပ်စာ	ပေါက်မဲနံပါတ်	ပစ္စည်းအမျိုးအစား
၁။	ဦးကျော်ဝင်းနိုင်	၁၁/ပဏန(နိုင်)၀၉၈၄၆၀	ရွှေပြည်သာ။	213349	LED TV (32")
၂။	ဒေါ်သက်သက်	၁၂/အဖန(နိုင်)၀၀၀၆၀၀	(၉၁)၊ မြဝတ်ရည်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်း။	14077	LED TV (32")
၃။	ဦးစည်သူအောင်	၅/စကန(နိုင်)၂၀၀၉၂	G2၊ မွန်မြတ်မေတ္တာအိမ်ရာ၊ ပင်ရွှေညောင်လမ်း၊ တာမွေ။	205830	Air-Con
၄။	ဦးစော်မောင်ရွှေ	၁၁/မတန(နိုင်)၀၀၃၇၂၃	၃၅၊ ၉၄ - လမ်း၊ မဟာလတောင်ညွှန့်မြို့နယ်။	203765	Refrigerator
၅။	ဦးကောင်းမြတ်ကို	၁၂/မဂဒ(နိုင်)၀၁၆၂၅၇	အမှတ်၁၀၊ မြဝတ်ရည်လမ်း၊ ၉ - ရပ်ကွက်၊ မရမ်းကုန်း။	208899	Washing Machine
၆။	ဦးသိန်းဦးစို	၇/ပခန(နိုင်)၁၅၂၂၂၂	၅၃၊ ဦးဘဝင်းလမ်း၊ အောင်ချမ်းသာ(၁)၊ သန်လျင်။	03213	Air Cooler
၇။	ဗိုလ်မှူးကျော်မင်းထွဋ်	၁၃/ရစန(နိုင်)၀၄၇၇၅၁	တောင်ဥက္ကလာ။	204916	Water Cooler
၈။	ဦးမြင့်မောင်	၉/မထလ(နိုင်)၀၄၃၈၁၁	၈၅၂၊ အောက်မင်္ဂလာ(၁)လမ်း၊ အောင်ဆန်း။	213470	Microwave
၉။	ဦးမျိုးမင်းဦး	၁၂/တတထ(နိုင်)၀၀၂၀၁၁	၆၅၊ B2, Rose Park 3 ရွှေပင်လုံ၊ မြောက်ဒဂုံ။	203844	Stand Fun
၁၀။	ဦးအောင်မိုးဟိန်း	၁၂/ကမရ(နိုင်)၀၅၁၈၅၅	၄၁၊ ဘုရားလမ်း၊ ဟံသာဝတီမှန်၊ လှည်းတန်း၊ ကမာရွတ်။	20346	Blender
၁၁။	ဒေါ်ရွှေမြင့်မြတ်	၈/ရနခ(နိုင်)၀၇၁၀၀၄	တိုက်၁၂၊ အခန်း(၁၀၂)၊ ရွှေတီးအိမ်ရာ။	09401	Coffee Maker

ဧရာဝတီတိုင်းဒေသကြီး

ရေကြည်မြို့၌ နွေရာသီကျောင်းပိတ်ရက် ကွန်ပျူတာသင်တန်းဖွင့်

ရေကြည် ဧပြီ ၂၆ - ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်းမှ ကြီးမှူးကျင်းပသော နွေရာသီကွန်ပျူတာအသုံးပြုမှုအခမဲ့သင်တန်းကို ဧပြီ ၂၃ ရက် နံနက် ၈ နာရီက အခြေခံပညာအထက်တန်းကျောင်း တေဇာသီရိခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ နွေရာသီကွန်ပျူတာအခမဲ့သင်တန်းကို ပဉ္စမတန်းမှ နဝမတန်းအထိ သင်တန်းသား ကျောင်းသားကျောင်းသူ ၄၀ ခန့် တက်ရောက်သင်ယူမည်ဖြစ်ပြီး အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ညွှန့်ညွှန့်ဌေးက သင်တန်းရည်ရွယ်ချက်များ၊ ကွန်ပျူတာနှင့် ပတ်သက်သည့် အကြောင်းအရာများကို သြဝါဒအမှာစကားပြောကြားခဲ့သည်။

သင်တန်းကို သြဘာသီရိကျောင်းဆောင်သစ် ကွန်ပျူတာခန်းမ၌ နေ့စဉ်နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ သင်တန်းကာလ တစ်လကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

■

မန္တလေးတိုင်းဒေသကြီး

မိတ္ထီလာခရိုင်အတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေခက်ခဲမှုမရှိစေရေးအတွက် မင်းငြမ်းကန်ကြီးတည်ဆောက်ပြုပြင်

မိတ္ထီလာ ဧပြီ ၂၆ - မိတ္ထီလာခရိုင်အတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေခက်ခဲမှုမရှိစေရေးအတွက် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးအတွက် ဆည်ကန်ခုနစ်ခု တည်ဆောက်ရန် လျာထားခဲ့ရာ ခြောက်ခုပြီးစီးခဲ့ပြီး ကျန်ရှိသောဆည်ကန်တစ်ခုဖြစ်သည့် မင်းငြမ်းကန်ကြီးအား တည်ဆောက်ပြုပြင်ရန်အတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ဧပြီ ၅ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကန်ကြီးမှာ ကန်ပေါင်အလျား ပေ ၂၀၀၀၊ အမြင့် ၁၀ ပေ၊ ကန်၏ထိပ်ပြင်အကျယ် ၁၂ ပေ၊ ရေဝပ်ဧရိယာ ၅၀၊ ရေထုတ်ပေါက်နှစ်ပေါက်နှင့် အကျိုးပြုမှု ဧက ၁၀၀ ရှိမည်ဖြစ်ကာ ငွေကျပ်သန်း ၅၀ အကုန်အကျခံ၍ ပြန်လည်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လာမည့်မေလဆန်းပိုင်းတွင် ပြီးစီးရန် ခန့်မှန်းထားကြောင်း သိရသည်။

ကန်ကြီးပြီးဆုံးပါက မလှိုင်မြို့နယ်အတွင်းရှိ မုရိုးကျေးရွာနှင့် မကျီးကန်ရွာတို့၌ စိုက်ပျိုးရေများနှင့် သောက်သုံးရေအတွက် ပိုမိုအဆင်ပြေမည်ဖြစ်သည်။ ကန်ပြုပြင်ခြင်းလုပ်ငန်းကို နွေရာသီသောက်သုံးရေနှင့် စိုက်ပျိုးရေအခက်အခဲမရှိစေရေးအတွက် စက်ယန္တရားကြီးများအသုံးပြုကာ အချိန်မီပြီးစီးရေးဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်ကျော်က ပြောကြားသည်။ မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် နွေရာသီရေခက်ခဲမှုမရှိစေရေးအတွက် တိုင်းဒေသကြီးရန်ပုံငွေမှ ကန်ပေါင်း ၃၂ ကန်တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီ(Delivery Unit)သို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရီးစဉ်အတွင်း မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်(ဆမ်လော့)လိုင်စင်အသစ်အတွက်အခွန်ပေးဆောင်ခြင်း၊ အာမခံခြင်း၊ အကောက် အခွန်ကိစ္စဆောင်ရွက်ခြင်းအား ယခင်တစ်ကြိမ်ပါနှင့်ဆိုလျှင် ဖွင့်လိုက်၊ ပိတ်လိုက်ဖြင့် (၉)ကြိမ်တိုင်ခဲ့ပြီဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်ဖြင့် နိုင်ငံတော်သည် စည်းကမ်းရှိသော ဒီမိုကရေစီနိုင်ငံတော်သို့ချီတက်ရာတွင် ယခုကဲ့သို့ ကျင့်သုံးရန် မသင့်လျော်ကြောင်း မြင်မိပါသည်။ တရားဥပဒေစိုးမိုးရေးသည် အရေးကြီးပါသဖြင့် အထက်ဖော်ပြပါ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်(ဆမ်လော့)များအား အခွန်ဆောင်နိုင်ရန်နှင့် လိုင်စင်ရရှိရေးသည် ပြည်သူ့တာဝန်ဖြစ်ပြီး နိုင်ငံတော်မှပိတ်ခြင်း မပြုဘဲ အမြဲတမ်းဖွင့်လှစ်ထားသင့်ပါသည်။ သို့မှသာ တရားဥပဒေအရထိရောက်စွာအရေးယူနိုင်ပြီး နိုင်ငံတော်သည်လည်း ပုံမှန်အခွန်ငွေများရရှိနေမည်ဖြစ်ပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်(ဆမ်လော့)လိုင်စင်အသစ်အတွက် အမြဲတမ်းဖွင့်လှစ်ပေးရန်ကိစ္စသည် နိုင်ငံတော်၏မူဝါဒ ခွင့်ပြုမှုအပိုင်းဖြစ်သည့်အတွက် အထက်ဌာနသို့တင်ပြသွားမည်ဖြစ်ပါကြောင်းနှင့် လက်ရှိအခြေအနေတွင် မှတ်ပုံတင်မဲ့ ဆိုင်ကယ်များအား One Stop Service ဖြင့် မှတ်ပုံတင်ဆောင်ရွက်ခြင်းကို ၁၇-၂-၂၀၁၄ မှ ၄-၇-၂၀၁၄ ထိရုံးဖွင့် ရက် ၉၀ တွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ စီမံချက်ကုန်ဆုံးပါက ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင် သတင်းစာများတွင် ကြော်ငြာထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ်ဆောင်ရွက်မှု အခြေအနေများ

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်အတွင်း တန်ဖိုးနည်း GSM ဖုန်းများလစဉ်ရောင်းချပေးနေသည့်အတွက် လစဉ်ဖုန်းလျှောက်ထားသူ အရေအတွက် သောင်းဂဏန်းရှိနေပါသေးသည်။ ပြည်သူတွေအသံကတော့ ဝမ်းသာကြပေမယ့် GSM ဖုန်းကလိုင်းမမိ၍နေရာတိုင်းပြောမရဖြစ်နေပါကြောင်း၊ အသံတွေကလည်း ထိုင်း GSM လိုင်းနှင့်ရောနှောနေပါ၍ မြန်မာ့ဆက်သွယ်ရေးလိုင်းစနစ်ပိုမိုကောင်းမွန်ရန် တာဝါတိုင်များ ပိုမိုစိုက်ထူပေးရန်ကိစ္စနှင့်ပတ်သက်၍ တာချီလိတ်ခရိုင်အတွင်း တယ်လီဖုန်းသုံးစွဲသူ များပြားသဖြင့် GSM ရေဒီယိုစခန်းများ ထပ်မံတိုးချဲ့တပ်ဆင်ပေးလိုသော်လည်း မြေနေရာမရရှိသဖြင့် မြေနေရာရရှိသည့် ခမရ(၃၃၁)တွင်သာ GSM ရေဒီယိုစခန်းတစ်ခု တည်ဆောက်တပ်ဆင်လျက်ရှိပါသည်။ တာချီလိတ်မြို့ပေါ်တွင် တိုးချဲ့တပ်ဆင်နိုင်ရေးအတွက် မြေနေရာရရှိရေး အခက်အခဲများဖြစ်ပေါ်လျက်ရှိသဖြင့် မြေနေရာရရှိရေး ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ မြေနေရာရရှိပါက ရေဒီယိုစခန်းများတိုးချဲ့နိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ တာချီလိတ်မြို့တွင် အင်တာနက်သုံးစွဲသူအများအပြားရှိပါသည်။ သို့သော်လည်း မြန်မာ့ဆက်သွယ်ရေးမှ ဝန်ဆောင်မှုပေးနေသည့် အင်တာနက်လိုင်းမှာ အနည်းငယ်နှေးနေပါသဖြင့် ပိုမိုမြန်ဆန်သည့်အင်တာနက်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ပေးမည့်အစီအစဉ်အား သိရှိလိုကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍ တာချီလိတ်မြို့နယ်တွင် လက်ရှိအသုံးပြုလျက်ရှိသော ADSL စနစ်သည် အဝေးဆက်ကြောင်းအဖြစ် 1E1 သာ တပ်ဆင်အသုံးပြုလျက်ရှိပါသည်။ ပိုမိုမြန်ဆန်သည့် အင်တာနက်ဝန်ဆောင်မှုပေးနိုင်ရန်အတွက် အဝေးဆက်ကြောင်းအား E1 လိုင်း(၁)လိုင်းတည်းဖြင့် ချိတ်ဆက်မှုအစား E1 လိုင်းတိုးချဲ့ ချိတ်ဆက်ခြင်း (သို့မဟုတ်) IP စနစ်ဖြင့်ပြောင်းလဲချိတ်ဆက်နိုင်ရေး စက်မှုပိုင်းဆိုင်ရာဖြစ်နိုင်ခြေများစိစစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **တာချီလိတ်မြို့သည် ယခင်က ခြောက်ရပ်ကွက်သာရှိပြီး နေထိုင်သည့်လူဦးရေနည်းပါးခဲ့ပါသည်။ ယခုအခါ မြို့ပြဖွံ့ဖြိုးလာမှုနှင့် လူနေမှုများပြားလာခဲ့ရာ ယခင်က ကျေးရွာအုပ်စုသာတည်ရှိသည့် ပောင်လိတ်ကျေးရွာအုပ်စုကိုလည်း ယခုအခါ မြို့ဧရိယာအတွင်းထည့်သွင်း၍ ဖွဲ့စည်းခဲ့ပါသည်။ ယခုအခါ တာချီလိတ်မြို့နယ်တွင် ရပ်ကွက် ၁၁ ခုအဖြစ် တည်ရှိနေပါသည်။ လူနေမှုအဆင့်အတန်းမြင့်မားလာသည်နှင့်အမျှ နေထိုင်သူတို့၏ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များဆောင်ရွက်ရာတွင် ဆက်သွယ်ရေးကဏ္ဍသည် အရေးပါလာပါသည်။ နိုင်ငံတော်မှလည်း တန်ဖိုးနည်းဖုန်းများချထားပေးလျက်ရှိရာ မြို့နေပြည်သူလူထုမှာ အားရကျေနပ်သော်လည်း အပြည့်အဝသုံးစွဲနိုင်ခြင်းမရှိသေးပါ။ မြို့ဧရိယာတိုးချဲ့ဖွဲ့စည်းလာသည့်အတွက် ဆက်သွယ်ရေးကဏ္ဍ၏ အော်တိုတယ်လီဖုန်း (ကြိုးဖုန်း)တပ်ဆင်မှုကို တိုးချဲ့ပေးရန်လိုအပ်ပါသဖြင့် အော်တိုတယ်လီဖုန်း (ကြိုးဖုန်း)တပ်ဆင်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** တာချီလိတ်မြို့တွင် လိုင်းအင်အား ၂၅၀၀ ပါသည့် DMS-100 အမျိုးအစားအိတ်ချိန်းတစ်လုံးတပ်ဆင်ထားရှိပါသည်။ တယ်လီဖုန်းသုံးစွဲမှုလိုအပ်ချက်နှင့် မြို့ကွက်အနေအထားကျယ်ပြန့်လာမှုအရ လိုင်းတိုးချဲ့ပေးနိုင်ရေးအတွက် ပထမအဆင့်အနေ ဖြင့် လိုအပ်သည့်ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုများပြုလုပ်၍ သင့်လျော်သောစနစ်ဖြင့် တိုးချဲ့ပေးနိုင်ရေးအနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင်လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ် မုံးထမြို့နယ်ခွဲတွင် ရပ်ကွက်သုံးခု၊ အုပ်စုခုနစ်ခု၊ ကျေးရွာ ၂၂ ရွာရှိပြီး မြို့ပေါ်နေထိုင်သူ လူဦးရေ၂၄၅ ဦး၊ ရပ်/ကျေးနေထိုင်သူ ၂၇၃၃ ဦး စုစုပေါင်း ၂၉၇၈ ဦးရှိပါသည်။ မိုင်းတုံမြို့နယ်မှ မုံးထမြို့နယ်ခွဲသို့ ၆၄ မိုင်ကွာဝေးပြီး ဆက်သွယ်ဆောင်ရွက်ရန်အခက်အခဲရှိပါသည်။ မုံးထမြို့နယ်ခွဲတွင် လက်ရှိအနေအထားအရ ဆက်သွယ်ရေးအနေဖြင့် IP Star ဖုန်းတစ်လုံးသာရှိပြီး ဆက်သွယ်ရေးတွင် နှောင့်နှေးကြန့်ကြာလျက်ရှိပါသည်။ ဆက်သွယ်ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီဆက်သွယ်ရန် လုံးဝမကောင်းမွန်ပါသဖြင့် ဆက်သွယ်ရေးအနေဖြင့် မည်ကဲ့သို့အဆင့်မြှင့်ပေးနိုင်မည်ကို သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍ မုံးထတွင် IP Star စနစ်ဖြင့် တယ်လီဖုန်း လေးလုံးတပ်ဆင်ထားရှိပါသည်။ စစ်ဗျူဟာတွင် တစ်လုံး၊ PCO တွင် တစ်လုံးနှင့်မဂ္ဂနက်တိုအိတ်ချိန်းအဝေးလိုင်းအဖြစ်နှစ်လုံး တပ်ဆင်သုံးစွဲလျက်ရှိပါသည်။ IP Star ချွတ်ယွင်းမှုအား အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးသွားပါမည်။ အဝေးဆက်ကြောင်း အဆင့်မြှင့်တင်နိုင်မှသာ ဆက်သွယ်မှုကောင်းမွန်နိုင်မည်ဖြစ်ပါသည်။ အနီးဆုံးဆက်သွယ်နိုင်မည့် စခန်းအကွာအဝေးမိုင် ၅၀ ခန့်ရှိသည့်အပြင် တောတောင်ထူထပ်သဖြင့် အဝေးဆက်ကြောင်းတည်ဆောက်ရန် အခက်အခဲရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၅။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှာ မိုင်းဆတ်ခရိုင်တွင် ADSL နှင့် Skynet MPS အင်တာနက်လိုင်းများ ဌာနဆိုင်ရာနှင့်ပြည်သူများသို့ တပ်ဆင်သုံးစွဲခွင့်ပြုပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ADSL စနစ်အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၆။ **မိုင်းဆတ်မြို့ပေါ်ရှိ ဆေးရုံလမ်းဆုံမှ မိုင်းပျင်းမြို့အထွက်လမ်းပေါ်ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ အကျဉ်းဦးစီးဌာန၊ စက်မှုလယ်ယာရုံးနှင့် ရပ်ကွက်ပြည်သူများမှာ ယခင်က Drop Wire အား အသုံးပြုဆက်သွယ်ရာ နှစ်မိုင်ခန့်ဝေးကွာ၍ ဖုန်းလိုင်းမကြာခဏပျက်ပါသည်။ သို့ပါ၍ ၎င်းကြိုးများအစား Over Head ကေဘယ်လ်ကြိုးသွယ်ပေးနိုင်ရန် မေးမြန်းချက်နှင့်ပတ်သက်၍** Drop Wire များအား သင့်လျော်သော Over Head Cable များဖြင့် အစားထိုးတပ်ဆင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားပါမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၇။ မိုင်းဆတ်မြို့တွင် ADSL စနစ်တပ်ဆင်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ADSL စနစ်အသုံးပြုနိုင်ရေး အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၈။ မိုင်းဆတ်မြို့နယ် တောင်ပေါ်ဒေသများတွင် တာဝါတိုင်တည်ဆောက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍ မိုင်းဆတ်မြို့တွင် MEC ရေဒီယိုစက်ပစ္စည်းများတပ်ဆင်နေပြီဖြစ်ပါသည်။ မိုင်းဆတ်မြို့နယ် GSM ရေဒီယိုစခန်း တည်ဆောက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

စာမျက်နှာ ၇ သို့

*စာမျက်နှာ ၆ မှ

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ်ဆောင်ရွက်မှု အခြေအနေများ

၁။ ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်းပေါ်ရှိ နောင်ဖာတံတားအား သံကူကွန်ကရစ်တံတား နှစ်လမ်းသွားလမ်းအဖြစ် စတင်ဖောက်လုပ်ရန် ၂၀၁၄-၂၀၁၅ ရန်ပုံငွေ ကျပ်သန်းပေါင်း ၁၀၀ (ကျပ်သန်းပေါင်းတစ်ရာတိတိ) သာဖြစ်သဖြင့် တစ်နှစ်အတွင်းအမြန်ဆုံး တည်ဆောက်ပြီးစီးနိုင်ရေးအတွက် ရန်ပုံငွေ ကျပ်သန်းပေါင်း ၃၀၀ လိုအပ်ကြောင်း သိရှိရပါသည်။ အဆိုပါ တံတား (သံကူကွန်ကရစ်နှစ်လမ်းသွား) တံတားအား(တစ်နှစ်)အတွင်း တည်ဆောက်ပေးနိုင်မှု ရှိ မရှိနှင့် ရန်ပုံငွေအလုံအလောက် ယခုဘတ်ဂျက် အတွင်း ချထားပေးနိုင်ရန် မေးမြန်းချက်နှင့်ပတ်သက်၍ နောင်ဖာတံတားသည် ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်း မိုင် (၁/၄-၁/၅) တွင်ရှိပြီး တံတားအမှတ် (၂/၂)ဖြစ်ပါသည်။ တံတားအရှည် ပေ ၁၁၀ရှိပြီး သစ်သားတံတားဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် သံကူကွန်ကရစ်တံတားအဖြစ် ပြောင်းလဲတည်ဆောက်ရန် ရန်ပုံငွေ ကျပ်သန်း ၁၀၀တင်ပြတောင်းခံထားပါသည်။ တံတား၏ ကုန်ကျစရိတ်မှာ ခန့်မှန်းကျပ်သန်း ၃၀၀ ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါ တံတားအား အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ထပ်မံလိုအပ်သော ရန်ပုံငွေအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး တည်ဆောက်သွားမည်ဖြစ်ပါသည်။

၂။ ကျိုင်းတုံမြို့တွင် မြို့ရှောင်လမ်းဖောက်လုပ်ခြင်းအား စီမံကိန်းလျာထားပြီး ဖြစ်သဖြင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေချထားဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ကျိုင်းတုံမြို့ရှောင်လမ်းသည် ၃-၉-၂၀၁၃ ရက်နေ့က ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း လာရောက်သည့် ခရီးစဉ်တွင် မြို့မိမြို့ဖများမှ တင်ပြခဲ့သော လမ်းဖြစ်ပါသည်။ အဆိုပါ ခရီးစဉ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လမ်းပုံထုတ်အဖွဲ့ခေါ်ယူတိုင်းတာရန် လမ်းညွှန်ခဲ့သဖြင့် ၂၃-၁၀-၂၀၁၃ ရက်နေ့တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းပုံထုတ်အဖွဲ့များလာရောက်တိုင်းတာပြီး အဆိုပြုလမ်းအကြောင်း သုံးခုအား ရွေးချယ်ခဲ့ပါသည်။ ၎င်းအဆိုပြု လမ်းအကြောင်းသုံးခုအနက်မှ သင့်တော်သော လမ်းအကြောင်းအား ရွေးချယ်သတ်မှတ်နိုင်ရေးအတွက် ပြည်နယ်အင်ဂျင်နီယာမှူးကြီးမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါသည်။ အဆိုပြု လမ်းအကြောင်းသုံးခုအနက် လမ်းအကြောင်း(၃)သည် ထိခိုက်မှုနည်းပြီး ဖောက်လုပ်ရန် အသင့်တော်ဆုံး လမ်းအဖြစ် မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့မိမြို့ဖများမှ တင်ပြထားကြောင်း သိရသည်။ လမ်းအကြောင်း(၃)သည် တောင်ကြီး-ကျိုင်းတုံလမ်း မိုင် (၃၉၄/၄) မှစပြီး ကျိုင်းတုံ-တာချီလိတ်လမ်းမိုင် (၄၀၁/၂) မှ ပြန်ထွက်ကာ စုစုပေါင်း ၆ မိုင် ၇ ဖာလုံအရှည်ရှိပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး လမ်းအကြောင်း အတည်ပြုနိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားပါမည်။ လမ်းအကြောင်းအတည်ပြုပြီးနောက် လမ်းပုံထုတ်အဖွဲ့အား ထပ်မံစေလွှတ်၍ အသေးစိတ်တိုင်းတာပြီး လမ်းဖောက်လုပ်မည့် ခန့်မှန်းခြေစာရင်းအား အမြန်ဆုံး တွက်ချက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ ကျိုင်းတုံ-မိုင်းခတ်လမ်း မိုင်တိုင်အမှတ် (၄၈/၁) မှ (၅၁/၀) အထိ ၁ မိုင် ၂ ဖာလုံအား (လမ်းကြောင်းပြောင်း၍ လျှော့သွားခြင်းဖြစ်) အားတပ်ရှောင်လမ်းအဖြစ် ၃၄ ပေ မြေသားတိုးချဲ့ခြင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေ ၃၅ သန်းဖြင့် ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သော်လည်း အဆိုပါ မြေသားလမ်းသစ်မှာ မိုးရာသီတွင် ရွှံ့ဗွက်များဖြင့် သွားလာမှု အခက်အခဲကြုံတွေ့နိုင်သဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အမာခံကျောက်ခင်းလမ်းဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍ မိုင်းခတ်မြို့တပ်ရှောင်ကွင်းလမ်း မိုင် (၄၈/၃) နှင့် (၅၁/၀) ကြား ၁ မိုင် ၂ ဖာလုံအား မိုးတွင်းတွင် ယာဉ်များ လုံခြုံချောမွေ့စွာသွားလာနိုင်ရေး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ မိုင်းလွေကျေးရွာသည် အုပ်စုကျေးရွာဖြစ်ပြီး ဖွံ့ဖြိုးစည်ကားသော ကျေးရွာကြီးတစ်ရွာဖြစ်၍ မိုင်းယန်း- မိုင်းခတ်လမ်းမကြီးပေါ်တွင် တည်ရှိပါသည်။ မိုင်းယန်း-မိုင်းလွေလမ်းသည် သွားလာမှုများပြားသောလမ်းဖြစ်၍ မိုင်းယန်းမြို့မှ မိုင်းလွေကျေးရွာအထိ ၅ မိုင်ခန့်အား ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍ မိုင်းယန်းမြို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဉက္ကဋ္ဌ ဦးစားပေးမေးမြန်းသော မေးခွန်း ခြောက်ခုမှာ မိုင်းခတ်-မိုင်းယန်းလမ်းပေါ်ရှိ လုပ်ငန်းများဖြစ်ပါသဖြင့် မေးခွန်း ခြောက်ခုအား တစ်ပေါင်းတည်းဖြေကြားသွားမည်ဖြစ်ပါသည်။ မိုင်းခတ်-မိုင်းယန်းလမ်းသည် စုစုပေါင်း အရှည် ၂၂ မိုင်ရှိပြီး ကတ္တရာ ၁ မိုင် ၆ ဖာလုံ၊ ကျောက်လမ်း ၂၀ မိုင် ၂ ဖာလုံရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာ ရေးနှစ်တွင် ကတ္တရာလမ်း ၄ ဖာလုံ ဆောင်ရွက်ပြီးဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေဖြင့် အတက်အဆင်းနေရာများတွင် ကတ္တရာလမ်း တစ်မိုင်၊ ပြည်နယ်ရန်ပုံငွေဖြင့် ဦးစားပေးမေးမြန်းသော မိုင်းယန်း - မိုင်းလွေအကြားတွင် နှစ်မိုင်၊ ခြောက်ထပ်ကွေ့အတက်အဆင်းမတ်သော နေရာများတွင် တစ်မိုင် ကတ္တရာလမ်းခင်းရန် လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၅။ မိုင်းယန်း-မိုင်းခတ်လမ်း မိုင်းလွေတံတားအနီးအချင်း ၂ ပေခန့် ရေပြွန်တပ်ဆင်ပြီး မိုင်းလွေချောင်းမှ ရေသွယ်ယူ၍ နွေစပါးစိုက်ပျိုးပါသည်။ တောင်သူများ စိုက်ပျိုးရေးလုံလောက်စွာရရှိနိုင်ရေး ၅ ပေခန့်အကျယ်ရှိ Box Culvert တစ်စင်း တည်ဆောက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍ မိုင်းလွေတံတား အနီးတွင် လိုအပ်သော Box Culvert တစ်စင်းနှင့် နောင်ဝိုင်ကျေးရွာအနီးတွင် လိုအပ်သော Box Culvert တစ်စင်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်သွားရန်လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၆။ နောင်ဝိုင်ကျေးရွာအနီး မိုင်းယန်း-မိုင်းခတ်လမ်းပေါ်တွင် မိုးရာသီ၌ တောင်ပေါ်မှ မိုးရေများကျ၍ လမ်းရေနစ်မြုပ်မှုများ မကြာခဏဖြစ်ပေါ်လေ့ရှိပါသည်။ ယင်းနေရာတွင် Box Culvert တစ်စင်းတည်ဆောက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍ မိုင်းလွေတံတားအနီးတွင် လိုအပ်သော Box Culvert တစ်စင်းနှင့် နောင်ဝိုင်ကျေးရွာအနီးတွင်လိုအပ်သော Box Culvert တစ်စင်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်သွားရန်လျာထား ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၇။ မက်မန်း-မိုင်းပျဉ်းလမ်းပိုင်း မိုင်တိုင်(၆၄/၄)အနီးမှ ပတ်လုံ အတက်လမ်းပိုင်းမှာ အတက်အဆင်းမတ်ပြီး ကွေ့တက်၊ ကွေ့ဆင်းလမ်းပိုင်းဖြစ်၍ သွားလာမှုလွယ်ကူအဆင်ပြေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်းမကြီးသတ်မှတ်ချက်များနှင့်အညီရှိစေရေး၊ လမ်းသားတိုးချဲ့ခြင်း၊ လမ်းပိုင်း မြေသားနိမ့်ချခြင်းနှင့် ကျောက်ခင်းလမ်းပိုင်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းသို့ ဆောင်ရွက်ပေးရန်မေးမြန်းချက်နှင့်ပတ်သက်၍ မိုင်းပျဉ်း-မက်မန်းလမ်းသည် မိုင်းပျဉ်းမှ မက်မန်းထိ ၇၃ မိုင်ရှည်သောလမ်းဖြစ်ပါသည်။ မိုင်းပျဉ်း-မက်မန်း လမ်းတွင် ကတ္တရာလမ်း ၃ ဖာလုံ၊ ကျောက်လမ်း ၄ မိုင် ၄ ဖာလုံ၊ အမာခံ လမ်း ၂၀ မိုင် ၇ ဖာလုံနှင့် မြေလမ်း ၄၇ မိုင် ၂ ဖာလုံရှိပါသည်။ ၎င်း လမ်းမိုင် (၆၄/၄-၆၄/၅) အတွင်း ပတ်လုံကျေးရွာအတွင်းလမ်းပိုင်းသည် အတက်အဆင်း မတ်သောလမ်းပိုင်းဖြစ်ပါသည်။ ယင်းလမ်းပိုင်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် မိုင် (၆၄/၄-၆၄/၅) တစ်ဖာလုံအား ၃၄ ပေအကျယ်မြေတောင်ချဲ့ခြင်း၊ လမ်းသားနိမ့်ချခြင်းနှင့် ကျောက်ရောမြေဖြင့် ၆ လက်မ ဒုခင်းကြိတ်၍ အတက်အဆင်းကောင်းအောင်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတောင်းခံ၍ အတက် အဆင်းနေရာများအား ရာသီမရွေးသွားလာနိုင်ရန် ကတ္တရာလမ်း (သို့) ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၈။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်းရှိ တာလေမြို့နယ်ခွဲ တာလေ-ပါလျှို-ကျိုင်းလပ်လမ်းအား ရှစ်လမ်းသွားလမ်းမအဆင့်မြှင့်တင်ရာ ကျိုင်းလပ်မြို့နယ်ခွဲအတွင်း လမ်းဘေးဝဲယာရှိလမ်းနှင့်မလွတ်ကင်းသည့် ကျေးရွာ ၂၀ မှ အိမ်ခြေ ၄၅၄ လုံးနှင့်ပတ်သက်၍ မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်းရှိတာလေမြို့နယ်ခွဲ တာလေ-ပါလျှို-ကျိုင်းလပ်လမ်းမှာ တာလေမြို့နယ်မှ လာအို-မြန်မာချစ်ကြည်ရေးမဲခေါင်တံတားအထိ မိုင် (၃၄/၆)ရှိပါသည်။ တာလေ-ပါလျှို-ကျိုင်းလပ်လမ်း လမ်းဘေးဝဲယာလွတ်ကင်းသောနေရာများတွင် ကတ္တရာလမ်းနှစ်လမ်းသွား ၂၄ ပေအကျယ်နှင့် လမ်းဘေးဝဲယာလွတ်ကင်းမှုမရှိသော နမ့်လွေတံတားမိုင်တိုင် (၆/၇) မှ တာလေမြို့ မိုင်တိုင် (၀/၀)အထိ (၆/၇)မိုင်အား ကတ္တရာလမ်းအကျယ် ၁၂ ပေ၊ ခရိုင်အတွင်းရှိ တာလေမြို့နယ်ခွဲ တာလေတစ်နေ့ပျမ်းမျှယာဉ်စီးရေပေါ်တွင် တွက်ချက်၍ ယာဉ်သွားလာမှုသတ်မှတ်ချက်အရ အစီးရေ ၅၀ အောက်ရှိလမ်းများကို လမ်း ၁၂ ပေအကျယ်နှင့် ယာဉ်သွားလာမှု တစ်နေ့စီးရေ ၅၁ မှ ၅၀၀ အထိ ယာဉ်သွားလမ်းတစ်လမ်းခွဲ ၁၈ ပေအကျယ်နှင့် တစ်နေ့ယာဉ်သွား လာမှုစီးရေ ၅၀၀ မှ ၂၀၀၀ အထိ ယာဉ်သွားလမ်းနှစ်လမ်း ၂၄ ပေအကျယ်နှင့် တစ်နေ့ ယာဉ်သွားလာမှုစီးရေ ၂၀၀၀ မှ ၅၀၀၀ အထိတိုးတက်လာပါက ယာဉ်သွားလမ်းလေးလမ်း ၄၈ ပေအကျယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လမ်းဘေး ဝဲယာလွတ်ကင်းမှုမရှိသော မိုင်တိုင် (၀/၀)မှ (၆/၇)မိုင် နမ့်မွေတံတားအထိအရှည် ၆ မိုင် ၇ ဖာလုံအား သတ်မှတ်တစ်နေ့ ယာဉ်သွားလာမှုစီးရေ ၅၀၀ ကျော်သွားပါက ယာဉ်သွားလမ်းနှစ်လမ်း ၂၄ ပေ အကျယ် ဆောင်ရွက်နိုင်ရန် တာလေ မြို့ရှောင်လမ်းကို ကြိုတင်၍ လမ်းအူကြောင်းရှာဖွေဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်သည်။

၉။ မိုင်းဆတ်ခရိုင် မုံးထမြို့နယ်ခွဲအတွင်း လမ်းတံတားတည်ဆောက်ရေး လုပ်ငန်းများအား တာဝန်ယူဆောင်ရွက်လျက်ရှိသော လေယာဉ်ကွင်းအထူး အဖွဲ့(၄)မှ မုံးထမြို့နယ်ခွဲအဝင်လမ်းအား စက်ယန္တရားများဖြင့် လမ်းဘေးရေမြောင်းတူးဖော်နေစဉ် မြို့နယ်ခွဲမဝင်မီ ပေ ၅၀၀ ခန့်အကွာပေ ၁၃၀ ခန့်ရှည်သည့် ရှေးဟောင်းအုတ်ရိုးတန်းမှ အုတ်ပြားများအရှည် ၁၁ လက်မခွဲ၊ အကျယ် ၅ လက်မခွဲ၊ ဒု ၂ လက်မခွဲခန့်သည် ကုန်းဘောင်ခေတ်အေဒီ (၁၉) ရာစု ခေတ်က ရှေးဟောင်းအုတ်ပြားများဖြစ်သဖြင့် ရှေးဟောင်းအုတ်ရိုးတန်းမှ အနည်းဆုံး ပေ ၅၀ ခွာ၍ လမ်းဖောက်လုပ်ပေးနိုင်ပါရန်နှင့် လက်ရှိအုတ်ရိုးတန်းအား ထိခိုက်ခြင်းမရှိစေရန် ဝါး(သို့) သံဆူးကြိုးတို့ဖြင့် ကာရံပေးစေလိုပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍ နားကောင်းမူ-မုံးထလမ်းမှာ အရှည် ၄၂ မိုင်ရှိပါသည်။ မုံးထမြို့မဝင်မီ ပေ ၅၀၀ ခန့်အကွာ မိုင် (၄၁/၂-၃)ကြားတွင် တွေ့ရှိသော ပေ ၁၃၀ ခန့်ရှည်သည့် ရှေးဟောင်းအုတ်ရိုးတန်းသည် ကုန်းဘောင်ခေတ် အေဒီ(၁၉)ရာစု ရှေးဟောင်း အုတ်ပြားများဖြစ်သဖြင့် ရှေးဟောင်းအုတ်ရိုးတန်းမှ အနည်းဆုံးပေ ၅၀ခွာ၍ လမ်းဖောက်လုပ်ပေးနိုင်ရန်အတွက် လမ်းပုံထုတ်အဖွဲ့ စေလွှတ်ပေးနိုင်ပါရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရုံးချုပ်သို့တင်ပြထားပြီး ဖြစ်ပါသည်။ လက်ရှိအုတ်ရိုးအား ထိခိုက်ခြင်းမရှိစေရန် ဝါးတိုင်များစိုက်၍ ယာယီကာရံပေးထားပါကြောင်းဖြေကြားအပ်ပါသည်။

၁၀။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ နယ်မြေဒေသလုံခြုံရေး အခြေအနေအရ လေယာဉ်ဖြင့်သာ အားကိုး သွားလာနေရပါသည်။ ယခုအခါ နယ်မြေအေးချမ်းမှု၊ ဒေသဖွံ့ဖြိုးမှုများရှိလာပြီးဖြစ်သဖြင့် ခရီးသွားလာမှုများ ပိုမိုများပြားလာရာ လေကြောင်းလိုင်းတစ်ခုတည်းသာမဟုတ်ဘဲ ကုန်းကြောင်း (မော်တော်ယာဉ်)လမ်းဖြင့်သွားလာနိုင်ပြီ ဖြစ်ပါသည်။ သာမန်လူများအနေဖြင့် ဈေးနှုန်းသင့်တော်သည့် မော်တော်ယာဉ်ဖြင့် သွားလာနေရပါသည်။ မိမိတို့မြို့နယ်တွင်လည်း တာချီလိတ်-ကျိုင်းတုံ-တောင်ကြီးကားလိုင်းများ တိုးချဲ့ထားရှိပါသည်။ ယခင်က သုံးညအိပ် လေးရက်သွားရသည့် ခရီးကို တစ်ညအိပ်နှစ်ရက်ခရီးဖြင့် သွားလာနေရဆဲဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နေ့ချင်းပေါက်သွားလာနိုင်သည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းအား ပြည်ထောင်စုလမ်းမကြီးစံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်တွင် တာကော်တံတားမိုင် (၂၈၃/၄) မှ ကျိုင်းတုံ မိုင် (၃၉၇/၄) ထိ ၁၁၄ မိုင်၊ ကျိုင်းတုံမှ တာချီလိတ်ထိ (၁၀၂/၂)မိုင် စုစုပေါင်း (၂၁၆/၂)မိုင်သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ပါရှိပါသည်။ တာကော်တံတားမှ ကျိုင်းတုံအထိ ၁၁၄ မိုင်အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းအထူးအဖွဲ့များ၊ ကျိုင်းတုံခရိုင်အဖွဲ့များနှင့်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျိုင်းတုံမှ တာချီလိတ်အထိ(၁၀၂/၂)မိုင်အား သော်တာဝင်းကုမ္ပဏီမှ B.O.T စနစ်ဖြင့်လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ကျိုင်းတုံ-တာကော် လမ်းအပိုင်းသည် ယခင်က နှစ်ညအိပ် သုံးရက်ခရီးဖြင့် ပင်ပန်းကြီး စွာသွားလာနေရသော်လည်း ယခုအခါ ငါးနာရီသာမောင်းနှင်ရပြီး ကျိုင်းတုံမှ တောင်ကြီး အထိဆိုလျှင် ယာဉ်မောင်းချိန်မှာ ၁၂ နာရီသာမောင်းနှင်ရပြီး နေ့ချင်းပေါက် သွားလာနိုင်ပြီဖြစ်ပါသည်။ ကျိုင်းတုံ -တာချီလိတ်လမ်းအပိုင်းမှာ ၂၄ ပေအကျယ် ကတ္တရာလမ်းဖြစ်သဖြင့် ယာဉ်မောင်းချိန် သုံးနာရီသာရှိသည့်အတွက် တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းသည် ယာဉ်မောင်းချိန် ၁၅ နာရီသာ ကြာမြင့်တော့မည်ဖြစ်ပါသည်။ လမ်းခရီးနားချိန်နှင့်ဆိုလျှင် ၁၈ နာရီခန့် ကြာမြင့်မည်ဖြစ်ပါသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်အောက်ရှိလမ်းများအား ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်နေ့ပျမ်းမျှ ယာဉ်စီးရေအပေါ်တွင် တွက်ချက်၍ ၁၂ ပေလမ်း၊ ၁၈ ပေလမ်း၊ ၂၄ ပေလမ်း စသည်ဖြင့် လမ်းချဲ့ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

တစ်ရက်ပျမ်းမျှယာဉ်စီးရေ	လမ်းအကျယ်
(၁) ၅၀ အောက်	၁၂ ပေ
(၂) ၅၁ မှ ၅၀၀ ထိ	၁၈ ပေ
(၃) ၅၀၁ မှ ၂၀၀၀ ထိ	၂၄ ပေ
(၄) ၂၀၀၀ မှ ၅၀၀၀ ထိ	၄၈ ပေ
(၅) ၅၀၀၀ အထက်	၇၂ ပေ

တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းတွင် တောင်ကြီး-ကျိုင်းတုံအပိုင်းအား ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် တိုးချဲ့ဆောင်ရွက်ခြင်း၊ လမ်းကျဉ်းသော အပိုင်းများအား မြေသားလမ်းချဲ့ခြင်း၊ မြေထိန်းနံရံများတည်ဆောက်ပေးခြင်း စသည့်လုပ်ငန်းများအား နှစ်စဉ်ဆောင်ရွက်လျက်ရှိကြောင်းဖြေကြားအပ်ပါသည်။

၁၁။ မယ်ယန်း-ဝမ်ပုံ-ပါဆာ-စံဖူးလမ်းဖောက်လုပ်နေသော မြန်မာဧရာမွန်ကုမ္ပဏီမှာလမ်းအား ပြီးစီးအောင် ဖောက်လုပ်မှုမရှိသေးဘဲမယ်ယန်းမှ -ဝမ်ပုံဆိပ်ကမ်းအထိလုပ်ငန်းဖောက်လုပ်လျက်ရှိရာ ပါခါကျေးရွာနှင့် ပါကောင်ကျေးရွာ အကြားတွင် လမ်းတစ်ခြမ်းသာ ခင်းထားမှုရှိပါကြောင်း၊ ဝမ်ပုံ-ပါဆာ-စံဖူးအထိ ဆက်လက်လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ခြင်း၊ ပစ္စည်းစုဆောင်းထားခြင်းလည်း မတွေ့ရှိပါကြောင်း၊ လုပ်ငန်းများလက်ရှိဆောင်ရွက်နေမှုလည်း မတွေ့ရှိရသည့်အတွက် ကုမ္ပဏီအနေဖြင့် ဆောက်လုပ်ရေးဌာနနှင့်မည်ကဲ့သို့ သဘောတူညီမှုရယူ၍ ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း၊ လမ်းအချိန်မီပြီးစီးရေးအတွက်လည်း ဆောင်ရွက်ပေးစေလိုပါကြောင်း တင်ပြအပ်ပါသည်။ ထို့အပြင် ဝမ်ပုံ-ပါဆာ- စံဖူးလမ်းဖောက်လုပ်ပြီးစီးပါကလည်း ဂိတ်ထပ်မံဖွင့်လှစ်မည်ဆိုပါက ယခုလက်ရှိ နှစ်ဂိတ်နှင့်ဆိုလျှင် ဂိတ်ပေါင်း သုံးဂိတ်ဖြစ်သွားမည် ဖြစ်ပါကြောင်း၊ ကျိုင်းတုံ-တာချီလိတ် မိုင် ၁၀၀ ကျော်ရှိသည့် လမ်းမတွင် တောင်ဂိတ်သုံးဂိတ်သာရှိပါသဖြင့် ကျွန်တော်တို့ ၂၇ မိုင်သာရှိသည့် လမ်းတွင် ဂိတ်ထပ်မံတိုးမြှင့်ဖွင့်လှစ်မည့် အစီအစဉ်အား သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍ မယ်ယန်း-ဝမ်ပုံ-ပါဆာ-စံဖူးလမ်းသည် မယ်ယန်းမှ စံဖူးအထိ ၅ မိုင် ၃ ဖာလုံ စုစုပေါင်း ၂၄ မိုင်ရှိပါသည်။ အဆိုပါ လမ်းအား မြန်မာဧရာမွန်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသောလမ်းဖြစ်ပါသည်။ ပထမအဆင့်အနေဖြင့် မယ်ယန်းမှဝမ်ပုံအထိ ၁၈ မိုင် ၅ ဖာလုံ အား ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ် မတ်လကုန်လျှင် ဆောင်ရွက်ပြီးမည်ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်ကျန်ရှိသော ဝမ်ပုံ-စံဖူး ၅ မိုင် ၃ ဖာလုံ အား ပြီးစီးအောင် ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်သော်လည်း စောနိုင်သမျှ စောစွာပြီးစီးနိုင်ရေး တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြန်မာဧရာမွန်ကုမ္ပဏီအနေဖြင့် အဆိုပါ မယ်ယန်း-ဝမ်ပုံ-ပါဆာ-စံဖူးလမ်း ၂၄ မိုင်အပေါ်တွင် လက်ရှိလမ်းဂိတ်အပြင် နောက်ထပ်လမ်းဂိတ် ထပ်မံတိုးမြှင့်ဖွင့်လှစ်ရန်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။ ။

ကလေးမြို့ သီတဂူစက္ခုဒါနဆေးရုံတွင် နဝမအကြိမ်မြောက် မျက်စိဝေဒနာရှင်များကို အခမဲ့ခွဲစိတ်ကုသ

ကလေး ဧပြီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ သီတဂူစက္ခုဒါနဆေးရုံကြီးတွင် နဝမအကြိမ်မြောက် မျက်စိဝေဒနာရှင်များအား ဧပြီ ၁၈ ရက်မှ ၂၄ ရက်အထိ မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့စစ်ဆေးကုသပေးသွားခဲ့ကြောင်း သိရသည်။

မျက်စိလာရောက်ကုသသူများမှာ ချင်းပြည်နယ်တောင်ပိုင်း ထန်တလန်၊ မင်းတပ်၊ ချင်းပြည်နယ်မြောက်ပိုင်း တွန်းဇံမြို့နှင့်တမူးမြို့၊ မော်လိုက်၊ မင်းကင်း၊ ဂန့်ဂေါမြို့များက လာရောက်ကုသခဲ့ကြကြောင်း၊ ရိုးရိုးမျက်စိလာပြသူ ၁၁၀၁ ဦး၊ ခွဲစိတ်ကုသမှုခံယူသူ ၂၁၄ ဦးတို့ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ကလေးမြို့ သီတဂူစက္ခုဒါနဆေးရုံတော်ကြီးကို ကမ္ဘာ့သာသနာပြုသီတဂူဆရာတော် ရှင်ဉာဏိဿရကဦးစီးပြီး ၂၀၀၉ ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်ခဲ့ရာ ပြီးခဲ့သည့် အဋ္ဌမအကြိမ်မြောက်အထိ မျက်စိဝေဒနာရှင်ပေါင်း ၆၈၁၁ ဦးကို စစ်ဆေးပေးနိုင်ခဲ့ပြီး မျက်စိဝေဒနာရှင် ၁၅၆၆ ဦးကို ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

(လင်းလက်ကြယ်စင်)

ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများ

လှိုင်ဘွား(စီမံကိန်း)

ရှမ်းပြည်နယ် ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပါဝင်သော ရွာငံမြို့သည် ၁၉၉၀ ပြည့်နှစ်ကစတင်ပြီး အင်ဂျင်စက်ဖြင့် လျှပ်စစ်ဓာတ်အား ရယူအသုံးပြုခဲ့သော မြို့တစ်မြို့ဖြစ်သည်။ ၂၄ နာရီလျှပ်စစ်ဓာတ်အားကို ကင်းတားရေအား လျှပ်စစ်စက်ရုံမှ ၂၇-၁၀-၉၇ ရက်တွင် စတင်လက်ခံရရှိခဲ့ပြီး ရွာငံမြို့ပေါ် သုံးရပ်ကွက်နှင့် မြို့နှင့်တစ်ဆက် တစ်စပ်တည်းရှိသော အင်းကုန်း၊ ငါးဆူကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာနှစ်ရွာကိုသာ လျှပ်စစ်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ ယခုအချိန်တွင် ပင်းတယမြို့ 66/33 5MVA ဓာတ်အားခွဲရုံမှ 33KV လိုင်း ၂၈ ဒသမ ၀၁ မိုင်သွယ်တန်းကာ ရွာငံမြို့ 33/11 3MVA ဓာတ်အားခွဲရုံတည်ဆောက်ပြီး ၁-၅-၂၀၁၃ ရက်မှစ၍ ဓာတ်အားရယူသုံးစွဲနေသော မြို့တစ်မြို့ဖြစ်သည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ရွာငံမြို့ 33/11 3MVA ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းအတွက် ကျပ်သန်းပေါင်း ၁၃၉ ဒသမ ၉၇ နှင့် ပင်းတယ-ရွာငံ 33KV လိုင်း ၂၈ ဒသမ ၀၁ မိုင် သွယ်တန်းခြင်းအတွက် နိုင်ငံတော်မှ အကုန်အကျခံ တည်ဆောက်ခဲ့သည်။ ဌာနပိုင်ထရန်စဖော်မာ 315 KVA သုံးလုံး၊ 160 KVA တစ်လုံးနှင့် ပုဂ္ဂလိကပိုင် 315 KVA တစ်လုံး စုစုပေါင်း ထရန်စဖော်မာ ငါးလုံးရှိသည်။ ရွာငံမြို့၏ အများဆုံးသုံးစွဲသည့် ဝန်အားမှာ သုည ဒသမ ၄၅ MW ခန့်ရှိသည်။

ရွာငံမြို့နယ်အတွင်းတွင် မြို့ပေါ် သုံးရပ်ကွက်နှင့် အင်းကုန်း၊ ငါးဆူကျေးရွာ နှစ်ရွာမှ အိမ်ထောင်စု ၁၂၂၉ ဦးသာ မဟာဓာတ်အားလိုင်းစနစ်မှ ဓာတ်အားရယူသုံးစွဲလျက်ရှိသည်။ ကျေးရွာတချို့တွင် တစ်နိုင်တစ်ပိုင် ရေအား လျှပ်စစ် စက်ငယ်များ၊ ဆိုလာပြားများဖြင့်ဓာတ်အားရယူ သုံးစွဲလျက်ရှိသော်လည်း လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိပါ။ ရွာငံမြို့နယ်တွင် ရပ်ကွက်သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၈ အုပ်စု၊ ကျေးရွာပေါင်း ၁၂၅ ရွာ၊ အိမ်ခြေ ၁၆၁၁၃ ရှိပြီး အိမ်ထောင်စုဦးရေ ၁၆၆၃၁ ရှိသည့်အနက် ၁၂၂၉ ဦးသာ လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်၍ မြို့နယ်၏ ခုနစ်ရာခိုင်နှုန်းမျှသာ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်သည့် အခြေအနေရှိကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သော ရွာငံမြို့နယ် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အသေးစားနှင့် အလတ်စား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ရွာငံမြို့နယ် လျှပ်စစ်မှူး ဦးခင်မောင်ရွှေနှင့် မြို့နယ်စီမံကိန်းဦးစီးရုံးမှ ဒုတိယဦးစီးမှူး ဦးလှိုင်ဘွားတို့သည် ပြည်သူဗဟိုပြုစီမံကိန်းများရေးဆွဲရေးအတွက် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ ကျေးရွာနေပြည်သူများကလည်း ကျေးရွာမီးလင်းရေးကော်မတီများ ဖွဲ့စည်းကာ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရွာငံမြို့နယ် ဆင်ခေါင်းကျေးရွာအုပ်စုတွင် ဆင်ခေါင်းရေတံခွန်မှ ရေအားလျှပ်စစ်ထုတ်ယူနိုင်ရေးအတွက် အဆိုပြုတင်ပြခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဂျပန်နိုင်ငံ၏ အထောက်အပံ့ဖြင့် အမေရိကန်ဒေါ်လာ လေးသန်းဖြင့် ကီလိုဝပ် ၈၀၀ ထုတ်လုပ်နိုင်မည့် ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရန်နှင့် ကျေးရွာ ၁၁ ရွာအား (JICA) မှ ချေးငွေဖြင့် ဆောင်ရွက်ရန် မြို့ကြီးကျေးရွာတွင် 33/11 3 MVA ဓာတ်အားခွဲရုံတည်ဆောက်ပြီး မြို့ကြီး၊ ဆည်ရွာ၊ ကွန်းကြီးကျေးရွာများအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် စီမံကိန်းတွင် ထည့်သွင်းရေးဆွဲထားပြီးဖြစ်ကြောင်း သိရသည်။

ရွာငံမြို့နယ် လျှပ်စစ်မှူးရုံးအနေဖြင့် ရွာငံမြို့နယ်အတွင်းရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက်

စာမျက်နှာ ၃ သို့ » »

နွေရာသီတွင် ဖြစ်တတ်သော ရောဂါငယ်များအတွက် တိုင်းရင်းဆေးပညာကုထုံး

ကျန်းမာရေး စာမျက်နှာ - ၃ » »

ညောင်လေးပင်မြို့နယ် အင်းဝိုင်းကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်

ပြည်တွင်းရေးရာ စာမျက်နှာ - ၄ » »

မန္တလေးဆေးရုံကြီး၌ Intra Network System တပ်ဆင်အသုံးပြု၍ ကုသမှုများ ဆောင်ရွက်ပေးနေ

ကျန်းမာရေး စာမျက်နှာ - ၅ » »

မိတ္ထီလာခရိုင်အတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေ ခက်ခဲမှုမရှိစေရေး မင်းငြိမ်းကန်ကြီးတည်ဆောက်ပြုပြင်

ပြည်တွင်းရေးရာ စာမျက်နှာ - 5 » »

PUN HLAING HOSPITAL

ပန်းလှိုင်ဆေးရုံ နှလုံးဌာန အထူးအစီအစဉ်

(၉)နှစ်ကျော်အတွေ့အကြုံရှိပန်းလှိုင်ဆေးရုံ၏နှလုံးအထူးကုဌာနတွင် နှလုံးသွေးကြောပုံရိပ်ဖော်ခြင်းပေါင်း (၁၉၂)ခုနှင့် နှလုံးသွေးကြောထောက်ကိရိယာထည့်သွင်းကုသမှုပေါင်း (၁၈၂)ခုစသည့် နှလုံးသွေးကြောရောဂါ ရှာဖွေကုသခြင်းပေါင်း(၅၇၄)ခုတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သောနိုင်ငံတကာအတွေ့အကြုံရှိစင်ကာပူနိုင်ငံမှဆရာဝန်ကြီးများနှင့်မြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများပူးပေါင်း၍နောက်ဆုံးပေါ်ခေတ်မီစက်သစ်ကြီးများဖြင့် မေလ(၁)ရက်နေ့မှ (၃)ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၃၂ ၀၄၂ ၆၈၇၉ / မန္တလေး (၀၉) ၄၃၂ ၀၇၇၈၀ Email : enquiry.phih@spa.com.mm

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၇၂၂၃၊ 8B/7223၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကမ္ဘာ့အမှတ်အများဆုံးဆုဆက်တိုက်ထပ်မံဆွတ်ခူးရရှိခြင်းနှင့် အထူးဂုဏ်ယူဝမ်းမြောက်၍ ကျေးဇူးတင်ရှိခြင်း

EVER UP HUMAN RESOURCES INSTITUTE

The Association of Business Executives (abe - UK) ၏ အသိအမှတ်ပြု College တစ်ခုဖြစ်သော **EVER UP** Human Resources Institute မှ **'မအိမ့်မြတ်သဉ္ဇာ'** (3rd Year, BBM) သည် 2013, abe - UK, December Exam တွင် [Level-5] Quantitative Methods for Business Management ဘာသာရပ်ဖြင့် ကမ္ဘာ့အမှတ်အများဆုံး (World First, Top Paper Prize) ရရှိခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ဤဘာသာရပ်ကို ထူးချွန်စွာ ကမ္ဘာ့အမှတ်အများဆုံးဆုရရှိအောင် သင်ကြားပေးခဲ့သော **EVER UP** HR Institute မှ ဆရာမ **'ဒေါ်စန်းစန်းငွေ'** အတွက်လည်း အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ အသက်သက်မှုပိုင်းအတွဲသော မအိမ့်မြတ်သဉ္ဇာ၏ မိဘများဖြစ်သည့် ဦးတင်အောင်နှင့် ဒေါ်ရီရီအောင်၊ **EVER UP** HR Institute မှ ဆရာ၊ ဆရာမများ၊ Founder & Principal ဆရာ ဦးညီညီမောင်နှင့် **EVER UP** Management Team တို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

abe | ထာဝရတိုးတက်လျှပ်ရှားဆရာ အမြဲဖြစ်သင်တန်းကျောင်း
EVER UP Services Co., Ltd. BOD အဖွဲ့ဝင်များ

သင်တန်းသစ်များအတွက် ကျောင်းအပ်လက်ခံနေပြီ။

10th Standard → ABE UK Diplomas → MBA / M.Sc / Final Year of U.K Degrees / Manager & Entrepreneur

Room-402, MGW Tower,
Bo Aung Kyaw Street,
Botahtaung Township,
Yangon, Myanmar.
Tel : 01-256523, 09-731 75137
E-mail : info@everup33.com,
http://www.everup33.com

နိုင်ငံတကာအသိအမှတ်ပြုဖြစ်တယ် ... ပညာရေးအဆင့်မြင့်မယ် ... ရာထူးလည်းမြင့်တယ် ... လစာလည်းကောင်းမယ် ...
UK Management Diploma ဆိုရင် ... abe ကို ရွေးမယ်... EVER UP မှာ တက်တယ် ...

Alphard ပိုင်ရှင်ကိုယ်တိုင် ဈေးနှုန်းချိုသာစွာဖြင့် လချုပ်၊ နှစ်ချုပ်နှင့်ခရီးစဉ်များကို ငှားရမ်းပါမည်။
ဖုန်း-၀၉-၂၅၀၀၁၃၈၄၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/စီမံကိန်း-၁၊ မြေကွက်အမှတ်-၂၀၁၊ မြေကွက်တည်နေရာအမှတ်(၂၀၁)၊ မြလေးလမ်း၊ ၁၄/စီမံကိန်း ၁ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးတင်အောင်ကြီး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်အောင်ကြီးနှင့်(ဇနီး) ဒေါ်အေးစိန်ကွယ်လွန်သဖြင့် ဒေါ်တင်ကြည်[၁၄/မမန(နိုင်)၁၄၆၃၇၉]၊ ဒေါ်တင်ရီ[၁၄/မမန(နိုင်)၀၂၅၅၆၇]၊ ဒေါ်ရီရီဝင်း[၁၂/ဥကတ(နိုင်)၁၀၀၈၁၀]၊ ဒေါ်ခင်ကြွယ်ကြွယ်ဌေး[၁၂/ဥကတ(နိုင်)၁၃၃၆၀၀]တို့က သမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

MCPA Mon

မွန်ပြည်နယ်ကွန်ပျူတာပညာရှင်အသင်း အသင်းသူ/ အသင်းသားများထံသို့ အသိပေးကြေညာချက်

[illegible]

အလုပ်အမှုဆောင်အဖွဲ့
မွန်ပြည်နယ်ကွန်ပျူတာပညာရှင်အသင်း

စာအုပ်စာပေလှူမိတ်ဆွေ

အများသိစေရန်ကြေညာချက်

ကျွန်မ မိခင်ဖြစ်သူ ဒေါ်စန်းမြင့်[၁၂/ပဘတ(နိုင်)၀၀၄၃၈၁]၊ အမှတ်(၈၅)၊ ပထမထပ်၊ ၂၇ လမ်း၊ (၃)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်နေသူမှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

(၁) ကျွန်မ၏ ခင်ပွန်းဖြစ်သူ ဦးစိန်မြင့်သည် ၅-၇-၂၀၀၉ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ခင်ပွန်းဖြစ်သူ ဦးစိန်မြင့် ကွယ်လွန်ပြီးနောက် ကျွန်မနှင့် ခင်ပွန်းဖြစ်သူ (၂)ဦးပိုင်ဆိုင်သည့် ငွေကြေး ဥစ္စာပစ္စည်းများကို ကျွန်မနှင့်သမီး(၃)ဦး ဒေါ်ထားထားလွင်၊ ဒေါ်မို့မို့မြင့်၊ ဒေါ်မာလာမြင့်တို့မှ ညီတူညီမျှ (၄)ပုံ ပုံ၍ မိခင်၏ မေတ္တာဖြင့် ခွဲဝေပေးခဲ့ပြီး ဖြစ်ပါသည်။

(၂) ကျွန်မသည် ကျွန်မရရှိခဲ့သည့် ဝေစုပုံငွေများထဲမှ မိခင်၏ မေတ္တာစေတနာဖြင့် သမီးကြီးဖြစ်သူ ဒေါ်ထားထားလွင်အား ရန်ကုန် အင်းစိန်လမ်းမ အမှတ်(၈၇)၊ (၄)လွှာ(ဝဲ) ပေ(၁၉×၅၅) ရှိ တိုက်ခန်းအား ၁၆-၃-၂၀၁၁ရက်၌ ဝယ်ယူပေးခဲ့ပါသည်။

(၃) ကျွန်မ၏ သမီးကြီးဖြစ်သူ ဒေါ်ထားထားလွင်နှင့် ၎င်း၏သားဖြစ်သူ ချမ်းငြိမ်းအောင်တို့သည် ကျွန်မ အမွေခွဲဝေပေးထားသည့် ငွေကြေး၊ ရွှေငွေရတနာပစ္စည်းများကို အကြိမ်ကြိမ် အလွဲသုံးစားပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

(၄) သို့ဖြစ်ပါ၍ ကျွန်မ ဒေါ်စန်းမြင့် ပိုင်ဆိုင်သည့်ငွေနှင့် ဝယ်ယူပေးခဲ့သော ရန်ကုန်မြို့ အင်းစိန်လမ်းမ၊ အမှတ်(၈၇)၊ (၄)လွှာ၊ (ဝဲ) ပေ(၁၉×၅၅)ရှိတိုက်ခန်းအား ကျွန်မမှ ၃၁-၃-၂၀၁၄ ရက်၌ တည်ဆဲဥပဒေနှင့်အညီ ပြန်လည်လက်ဝယ်ရယူခဲ့ပြီး ဖြစ်ပါသည်။

(၅) ကျွန်မ၏ သမီးဖြစ်သူ ဒေါ်ထားထားလွင်သည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် အထက်ပါတိုက်ခန်းအား ကျွန်မ၏ အမည်ပြောင်းထားကြောင်းကို ၇-၄-၂၀၁၄ရက်၌ ဝန်ခံကတိသစ္စာပြုထားပြီး ဖြစ်ပါသည်။

(၆) သို့ဖြစ်ပါ၍ အထက်ပါ တိုက်ခန်းသည် ဒေါ်ထားထားလွင်နှင့်တကွ ၎င်း၏ အမွေဆက်ခံသူများအားလုံး၊ လုံးဝ သက်ဆိုင်ပတ်သက်ခြင်းမရှိတော့ပါကြောင်းနှင့် အထက်ပါ တိုက်ခန်းကို ဒေါ်စန်းမြင့်မသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ မေတ္တာဖြင့် ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခမဲ့နေထိုင်ခွင့်ပြုခြင်းတို့ကို မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းမြင့်[၁၂/ပဘတ(နိုင်)၀၀၄၃၈၁]

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
စက်ရုံနှင့်မော်တော်ယာဉ်ဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် အောက်ပါ ယာဉ်၊ ယန္တရား၊ (BRAND NEW & RECONDITION)များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

(က)	နုန်းစုပ်စက် /နုန်းတူးစက် (DREDGER/WATER MASTER)	၁ စီး
(ခ)	TOW TRUCK	၁ စီး
(ဂ)	MINI EXCAVATOR	၈ စီး
(ဃ)	ROADROLLER (15 TON)	၅ စီး
(င)	MECHANICAL ROAD SWEEPER	၁ စီး
(စ)	BACKHOE LOADER	၁ စီး
(ဆ)	GARBAGE TANK CARRIER (15 TON) အမှိုက်ပုံးကား	၃ စီး
(ဇ)	GARBAGE TANK CARRIER (3 TON) အမှိုက်ပုံးကား	၈ စီး
(ဈ)	အမှိုက်သိမ်းသုံးဘီးဆိုင်ကယ်	၆၀စီး
(ည)	LAND CRUSER	၁ စီး
(ဋ)	MINIBUS	၁ စီး
(ဌ)	HIACE	၁ စီး
(ဍ)	PRADO	၂ စီး
(ဆ)	DUMP TRUCK (10 TON)	၄ စီး

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာများကို ၂၈-၄-၂၀၁၄ ရက်တွင် စက်ရုံနှင့်မော်တော်ယာဉ်ဌာန၌ တစ်စုံလျှင် ကျပ် (၂၀၀၀) နှုန်းဖြင့် စတင်ရောင်းချမည်ဖြစ်ပြီး ၅-၅-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီတွင် အိတ်ဖွင့်တင်ဒါများအား ၂၆ လမ်း၊ ၇၁ လမ်း× ၇၃ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၌ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။ အိတ်ဖွင့် တင်ဒါအောင်မြင်သူသည် (၂%) ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၈၀၁၅၇၊ ၀၂-၈၁၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဌာနမှူး
စက်ရုံနှင့် မော်တော်ယာဉ်ဌာန

သိမ်,ကျောင်း,ဘုရားအကာခံယူကြပါ
ကိုးဘဲ့ရုကျောင်း တွင် သိမ်အောက်၊ ကျောင်းအောက်၊ ဘုရားစေတီ တည်နေရာများ ...
ကိုးဘဲ့ရုကျောင်း- (၄၂)ပြောက်ဘ၊
ဖုန်း - ၀၉ ၄၂ ၁၁ ၄၃ ၃၀၆၊
၀၉ ၂၁ ၁၀ ၃၀၅

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **စောမျိုးအောင်** မှတ်ပုံတင်အမှတ် [၁၄/မအပ(နိုင်)၁၈၈၇၁၀]နှင့် ကျွန်မ **မကြည်ဇင်ဝိုင်း** [၁၂/ရကန(နိုင်)၀၆၇၇၅၇]တို့သည် ၁၄-၂-၂၀၁၄ ရက်တွင် လက်ထပ်ပြီးစီးပါသည်။

စောမျိုးအောင်-ကြည်ဇင်ဝိုင်း

Coca Suki Restaurant
ကိုကာချစ်သော ဆူကီနှစ်သက်သူ
မိတ်ဖြည့်သူများကို ကျေးဇူးတုံ့ပြန်သောအားဖြင့်
(26-4-2014) မှ (28-4-2014)ရက်အတွင်း
ကြွရောက်အားပေးသူ ဧည့်သည်တော်တိုင်းအတွက်
One For One Free (Suki Buffet For next Visit)
ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
နေရာထိုင်ခင်းအဆင်ပြေမှုအတွက်ကြိုတင် Reservation ပြုလုပ်ပေးပါရန်
Phone : 229904, 229905, HP : 09-5037252, 09-5127295

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတော်၌

၂၀၁၄-ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၉၁ ကွယ်လွန်သူဒေါ်ခင်ကြည်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အနောက်ရပ်ကွက်၊ မြေနီ(၅)လမ်း၊ အမှတ်(၆၈၁)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ခင်ကြည်၏ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် ဦးလှကြိုင်၊ ဦးလှဝင်းတို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ခုနှစ်၊ မေလ(၂၉)ရက်နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဒေါ်ခင်ကြည်၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင်၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၄ ခုနှစ်၊ မေလ (၂၉) ရက်၌ မိမိတို့ကိုယ်တိုင်သော် လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦး အားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးလှကြိုင်၊ ဦးလှဝင်းတို့၏ လျှောက်လွှာ အပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ် လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ခုနှစ်၊ ဧပြီလ ၂၃ ရက်၌ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိမ်းဝင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဘွမ်ခရန်း[၁/မကန(နိုင်)၁၅၉၆၁၈]၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၆၀၆၂၁၇၀

တိုက်ခန်းရောင်းမည်
(စမ်းချောင်းမြို့နယ်)

၁။ ဗဟိုလမ်းမ၊ပေ(၁၇×၆၅)၊ 5F၊ ပါကေး၊ သံပန်း၊ ဆန်းရှိတ်၊ဘိုထိုင်၊ AC(1)၊ BR(3)၊ မျက်နှာကြက် ကောနစ်၊ အထူး ပြင်ဆင်ပြီး။ သိန်း(၆၀၀)

၂။ စမ်းချောင်းလမ်း၊ပေ(၂၀×၆၀)၊5F၊ ပါကေး၊ ကြွေပြား၊ သံပန်း၊ ဘိုထိုင်၊ AC(1)၊ BR(3)၊ မျက်နှာကြက်ကောနစ်၊ အထူးပြင်ဆင်ပြီး။ သိန်း(၇၈၀) (ပွဲစားမလို)

ဖုန်း-၀၉-၃၀၂၂၅၉၅၈၊
၀၉-၇၃၁၅၆၄၉၄

မြေချပါမစ်ပျောက်ဆုံးခြင်း

တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၄၇)၊ မြေကွက်အမှတ်(၂၄၀)၊ ဦးကျော်သူ [၁၂/မရက(နိုင်)၀၅၇၅၂၁] အမည်ပေါက် ပေ (၄၀×၆၀)ဝန်ထမ်း ကွက်၏ မြေချပါမစ် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသည်။ ၎င်းပါမစ် စာရွက်စာတမ်းများ ရရှိထားပါက ဆက်သွယ်ပေးပါ။ ကျေးဇူးဆပ်ပါမည်။

ဦးခင်မောင်ကျော်
၁၂/၆၆၁(ခ)၊ပေါ်ဦး(၃)လမ်း၊
အရှေ့ဒဂုံမြို့နယ်

THIT SAN Media School နှင့် Myanmar Media Arts
Diploma In Myanmar Media Arts (Dip.MMA)
Semester (1) Graphic Production Course
Semester (2) Video/Audio Editing & Visual Effect Course
Semester (3) Character Animation & Movie Production Course

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊မြေကွက်အမှတ် ၃၉၂/ခ၊ မြေကွက် တည်နေရာအမှတ်(၁၃)၊အောင်ဇေယျ(၅)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်း၊ ဒေါ်ဇင် [၁၂/သဃက(နိုင်)၀၈၅၆၃၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ဇင် (မိခင်)နှင့် ဦးစံညွန့်(ဖခင်)တို့ ကွယ်လွန်သဖြင့် ၁။ဒေါ်ပြုံးပြုံးဇင် [၁၂/သဃက(နိုင်)၀၈၅၆၃၉] ၂။ဦးဝင်းညွန့်[၁၂/သဃက(နိုင်)၁၅၂၆၉၂]တို့က သား၊ သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖြည့်စွက်ဖတ်ရှုပါရန်

၂၃-၄-၂၀၁၄ ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၁၉)ပါ ရှေ့နေ ဒေါ်သဇင်အေး၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာတွင် Home Group အိမ်၊ ခြံ၊ မြေ အကျိုးဆောင်နှင့် စာချုပ်စာတမ်းဥပဒေ ဝန်ဆောင်မှုလုပ်ငန်း တိုက် (၁)၊ အခန်း (၂၀၂)၊ မြိုင်ဟေဝန်အိမ်ရာ၊ (၄) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉ ၃၁၀၅၈၄၄၊ ၀၉ ၃၁၅၆၆၂၅၆၊ ၀၉ ၅၀၉၆၈၃၃ ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

မောင်ဖုန်ရော့ရောင်ဂူ [၁/မခဘ(နိုင်)၀၀၇၇၂၈]၏ နိုင်ငံကူးလက်မှတ် အမှတ်-၆၈၅၇၅၃ သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၂၅၆၀၇၆၈၉၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၉၊ ဦးမြင့်စိုး အမည်ပေါက်၊ မြေကွက်အမှတ်(၂၀၁)နှင့် မြေတိုင်းရပ်ကွက်အမှတ်-၁၃၉၊ ဦးသန့်ဇင်စော အမည်ပေါက်၊ မြေကွက်အမှတ်-၁၈၀၊ ပေ (၄၀× ၆၀) (၀. ၀၅၅) ဧက အကျယ်အဝန်းရှိသော ပါမစ် မြေအမျိုးအစားမြေကွက် (၂) ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင် ဝယ်ယူ လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ဧကရီမောင် [၁၂/စခန (နိုင်)၀၁၉၀၅၈]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက် ပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တရားဝင်ခိုင်လုံ သော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်း အဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်တင်စုဝေ (စဥ်-၃၂၆၉၃)	**ဦးဝင်းထိုက် (စဥ်-၃၆၇၃၇)**
(LL.B, D.B.L,D.M.L)	**(LL.B, D.B.L)**

Myanmar United Land အိမ်၊ ခြံ၊ မြေ အကျိုးဆောင်နှင့် ဥပဒေအကြံပေးကုမ္ပဏီ
အထက်တန်းရှေ့နေများ
အမှတ်-၆၆/၆၈(မြေညီထပ်)၊ စံရိပ်ငြိမ်(၆)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၃၁၂၉၈၇၂၄၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၄၂၅၂၈၈၉၂၁

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးတော်၌။
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄ဂ နှင့် ဆက်သွယ်သည့်
၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆

ဒေါ်ငွေငွေကြည်	နှင့်	၁။ ဦးမောင်တင်တင်
ဒီကရီအနိုင်ရသူ		၂။ ဒေါ်အေးသိန်း
		တရားရှုံး

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ မင်းပိုင်းရပ်ကွက်၊ မြရိုးကျေးရွာနေ ၁။ ဦးမောင်တင်တင် ၂။ ဒေါ်အေးသိန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၈တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ငွေငွေကြည်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်း ကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၄ ခုနှစ်၊ မေ လ ၁၆ ရက်၊ (၁၃၇၆ ခုနှစ်၊ ကဆုန် လပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်ပါသည်။

(ခင်သန်းမြင့်)
ဒုတိယခရိုင်တရားသူကြီး(၂)
တောင်ပိုင်းခရိုင်တရားရုံး

TinTin
တင်တင်
01-512 851 09-51 91924 09-42 1035801

KMD Computer Centre
Cisco Certified Network Associate (CCNA)
Security Course
Routing & Switching Course
Networking ပိုင်းနှင့်ပတ်သက်၍အသုံးပြုသော Device များကိုကျွမ်းကျင်ပိုင်နိုင်စွာလုပ်ကိုင်နိုင်စေရန် နှင့်
ကမ္ဘာ့ အမြင့်ဆုံး IT Certified ဖြေဆိုနိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ပါသည်။

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၁၄ ခုနှစ်၊ မေလ ၁ ရက်(ကြာသပတေးနေ့)"ကမ္ဘာ့အလုပ်သမားနေ့"သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်သဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်းရှိ အဝေးရောက်အသင်းသားများ၏ အသင်းသားလစဉ်ကြေး ပေးဆောင်နိုင်ရန် အသိပေးကြေညာခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊မြို့တော်ဂေါက်ကွင်းရှိ အဝေးရောက်အသင်းသားများအား ၁၅-၁၁-၂၀၁၁ရက်မှစပြီး ခွင့်ပြုခြင်းမရှိတော့ပါသောကြောင့် ခွင့်ပြုပေးခဲ့သည့် အဝေးရောက်အသင်းသားအားလုံးအလိုအလျောက်ပယ်ဖျက်ပြီးဖြစ်ပါသဖြင့် သတ်မှတ်ထားသည့် လစဉ်ကြေးကြွေးကျန်များအား ၂၈-၂-၂၀၁၄ရက်နောက်ဆုံးထားပြီး လာရောက်ပေးဆောင်နိုင်ပါရန် အင်္ဂလိပ်/ မြန်မာသတင်းစာများတွင် ပထမအကြိမ် အသိပေးနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ရာတွင် အချို့သော အဝေးရောက်အသင်းသားများမှာ ၂၂-၄-၂၀၁၄ရက်အထိ လစဉ်ကြေးပေးသွင်းရန် ပျက်ကွက်လျက်ရှိပါသောကြောင့် အမြန်ဆုံး လာရောက်ပေးသွင်းပါရန်နှင့် ၃၀-၆-၂၀၁၄ရက်အထိ နောက်ဆုံးထားပေးသွင်းခြင်းမရှိပါက မြို့တော်ဂေါက်ကွင်းအသင်းသားအဖြစ်မှ အမြဲတမ်းရပ်စဲသွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

အထွေထွေမန်နေဂျာ
မြို့တော်ဂေါက်ကွင်း

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းစီမံချက်၊ ဗဟိုကာကွယ်ဆေးသိုလှောင်ခန်းတွင် အသုံးပြုရန်လိုအပ်သော ပေ(၄၀)အအေးခန်း ကွန်တိန်နာ (၃)လုံးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	-	၂၈-၄-၂၀၁၄ရက်(နံနက်၁၀နာရီမှ ညနေ ၅နာရီအထိ)
တင်ဒါပိတ်မည့်ရက်	-	၅-၅-၂၀၁၄ရက် (ညနေ ၄ နာရီတိတိ)
တင်ဒါဖွင့်မည့်ရက်	-	၆-၅-၂၀၁၄ရက် (နံနက် ၁၀ နာရီ)
တင်ဒါပုံစံရောင်းချမည့်နေရာ	-	တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေးအဆောက်အအုံ၊ ဇမ္ဗူကျက်သရေလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၃၁၂၀၅၊ ၀၆၇-၄၃၀၄၃၇
ကွန်တိန်နာအရည်အသွေး	-	အရွယ်အစား ပေ(၄၀×၈×၈. ၅)(အဟောင်း) အပူချိန် (+၂)မှ (+၈)ဒီဂရီစင်တီဂရိတ် အရန်အအေးထိန်းစနစ် (Back up Cooling Unit) ပါဝင်ရမည်။

အသေးစိတ်သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး (တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ ကျန်းမာရေးဦးစီးဌာန)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဘုန်းရောင်

ဦးစိန်ရှင် | ထိုက်ထိုက် | ဦးကြည်နိုင်လွင်
Photoshop CS3
Photoshop CS5
CorelDRAW X3
ထိုက်ထိုက်အောင် စာပေဖြန့်ချိရေး
ဖုန်း - 09-8621096, 09-73109725

အဆင့်မြင့်တိုက်ခန်းရောင်းမည်
1600 sq ft , 2400L :: TEL - 09-250665194

ဦးရာလှုရမည်
(15' x 60') မြေကွက်အား ပိုင်ရှင်ကိုယ်တိုင် အမြန် ရောင်းမည်။
ဈေးနှုန်း –(1700) သိန်း (ညှိနှိုင်း)
ဆက်သွယ်ရန် - 09-8627286 (ပွဲစားမခံ)

မြေရှင်းနှီးမြှုပ်နှံလိုသူများ
ပွဲခ 2% ဈေးနှုန်း –(600)သိန်း (ညှိနှိုင်း)
ဆက်သွယ်ရန်ဖုန်း - 09-402551452 (ပွဲစားမခံ)

MIC Myanmar Imperial College
နိုင်ငံတကာအသိအမှတ်ပြု စီးပွားရေးဆိုင်ရာ Diploma ၊ Bachelor နှင့် MBA ရယူလိုသူများအတွက်
■ Diploma in Business (HND)
■ Diploma in Media & Marketing (HND)
■ Bachelor of Business

STUDY UK-MBA in Myanmar
MBA
edexcel
Approved Centre No. 93679
0973210001 /537562

MYANMAR MICROFINANCE BANK
မြန်မာအသေးစားငွေရေးကြေးရေးဘဏ်
မြန်မာအသေးစားငွေရေးကြေးရေးဘဏ်၏ စမ်းချောင်းဘဏ်ခွဲကို (၂၅.၄.၂၀၁၄) နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ဘဏ်လုပ်ငန်းကိစ္စအဝဝကိုဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေ ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

စမ်းချောင်းဘဏ်ခွဲ
MMB Bank မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

MBE မှ တည်ထောင်ထားသော BCB Centre တွင်

Business Management Course Part (2)

သင်တန်းကို မေလ (၁၀) ရက်နေ့တွင် ဖွင့်လှစ်မည်။

• Economics • Introduction to Business Law
